သည်ကိုပြည်သားတို့ကောင်းမှုကုသိုလ်ပြုကြသည်၊ ပဉ္စင်းလောင်း ရှင်လောင်းတို့မှာ ရွှေထီး ရွှေဝတ်လုံ ရွှေအစ် ရွှေဘလား အများအပြား ဆောင်ရွက်ကြကြောင်းများနှင့် ရွှေနားတော်မြှတ်ကြားတော်မူသည်၊ အမိန့်တော်ထုတ်ပြန်သည့်နောက်အကြူး အလွန်မဆောင်မရွက်မစီး မနင်းကြစေနှင့်၊ ပဉ္စင်းလောင်းတော်ရှင်လောင်းတော်တို့အောက်လျော့၍ ဆောင်ရွက်ကြစေ၊ အမိန့်တော်ကိုမတည်ခွင့်လမ်း မရသည်ကိုဆောင်ရွက်ကြလျှင်ပဉ္စင်းတကာရှင်တတာတို့ကို အပြစ်အလျှောက်စီရင်၊ ပဉ္စင်းလောင်းတော်ရှင်လောင်းတော်တို့နှင့်ကြပ်မသင်ကြား ဖိုသည့်တံဆိပ်တော်ရဆရာတော်တို့ဘောက်ပြားခြင်း ရှိသည်မရှိသည် ရွှေပြည်တော်တွင်း အမြဲသတင်းသုံး နေ၍သာသနာတော်ကိုဆောင်ရွက်သည်မဆောင်မရွက်သည်ကိုလည်း ဝန်တို့ကိုကြည့်ရှုမှတ်သားစေ၊ ခြောက်လတကြိမ်သိတော်မူသာအောင်စာသွင်း၊ စာမေးဆရာတော်မှစ၍တံဆိပ်တော်ရဆရာတော်တို့ကိုလည်း သုဓမ္မာစရပ်တွင်စာကြည့်စာတည်း မှစ၍သာသနာတော်ရေး သာသနာမှုစည်းဝေး ခွင့်ရှိ၍ပင့်ဖိတ်သည်ကိုသယ်ာက်ရွမဟုတ်သကဲ့သို့အညီအညွတ်မလာမရောက်ကြောင်းနှင့် ရွှေနားတော်မြှတ်ကြားတော်မူသည်၊ မနာမဖွားသည်ကိုရိုး နိုကပ်ကိုး၍မနေစေနှင့်၊ သာသနာတော်နှင့်စပ်သည့်အမှုဖြစ်သည်၊ အညီအညွတ်လာရောက်စည်းဝေး ဆောင်ရွက်ကြစေ၊ ပဉ္စမပဉ္စင်းလောင်းတော်ရှင်လောင်းတော်တို့ရသင့်ကိုယ်တော်မူသာသည်ကာလမှခွဲဝေပေးအပ်တော်မူသည့်ထုတ်ပြန်တော်မူသည့်အမိန့်တော်ကိုလည်း သာသနာပိုင်ဆရာတော်စာမေးဆရာတော်မှစ၍တံဆိပ်တော်ရဆရာတော်တို့ကို စေ့ငှအောင်ပင့်ဘိတ်၍သက္ကရာဇ် ၁၁၉၈ ခုနယုန်လပြည့်ကျော် ၁ ရက်နေ့သုဓမ္မာစရပ်စာမေးသဘင်တော်တွင် (30 May 1836) စည်းဝေးစေပြီးလျှင်ဝန်ကြီးအတွင်းဝန်ထောက်နာခံစာရေးကြီးဝန်စု ရုံးမှူးမတ်တို့နှင့်ပြန်ဆုံလျှောက်ထားကြစေ။

(သက္ကရာဇ်) ၁၁၉၀ ခုနယုန်လဆန်း ၁၃ ရက်နေ့နား ခ နေမျိုး နေဘ်ရ (27. May 1836) ထာတွင်ပြန်။

(တောင်ခွင်စါစု)

ဖိုလ်မှူး တပ်မှူး တို့နှင့်ထမ်း ရွက်သည့်အမှုထမ်း တို့မှာအရေး တော်အတွင်း အသီး အသီး စိတ်ပါကိုယ် ရောက် ပျော်ရာထမ်း အုပ်ထမ်း ရွက်ကြသည်၊ အရေး တော်ပြီး ပြေငြိမ်သည်၊ တမြို့နှင့်တမြို့တရွာနှင့်တရွာတစုနှင့်တစုအ ထွေး အရှက်မဝှ် စေနှင့်၊ ဆိုင်ရာအုပ်ထိမ်း ထမ်း ရွက်ကြစေ။

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လဆန်း ၁၁ ရက် နေ့စကိုင်း မြို့လွှတ်တော်တွင် နေမျိုး နန္ဒမိတ် ရွှေတောင်ထွင်ပြန်။

(သောင်း ဓါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ နေ ခင် တော်ဘုရားအရိပ်အရာ ရွှေထီး ရွှေနန်း တိုင်း ကား
နိုင်ငံ တော်အ ပေါင်း ကိုငါသိမ်း အုပ်စိုး စံ တော်မူသည်၊ တိုင်း သူပြည်သား ဆင်း
ရဲသား ကျွန် တော်မျိုး အ ပေါင်း တို့ကို မထိတ်မလန့် စေရ၊ ရောင်း ဝယ် ဘောက်
ကား နေထိုင်မြဲအတိုင်း ငြိမ်ဝပ်ချမ်း သာစွာ နေထိုင်ကြရမည့်အကြောင်း နှင့်
ရွှေပြည် တော်မြို့တွင်း မြို့ပြင် စေ့နှံ့ အောင် မောင်း ခတ် စေ၊ ဘုန်း တော်အလွန်
ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူမျှား ရှင်လက်
နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား သည်နှစ်လရှည်ကြာ မကျန်း
မမာဖြစ်၍ပြည်သူပြည်သား များ စွာ သောသတ္တဝါအ ပေါင်း တို့သည်ငြိမ်ဝပ်ချမ်း
သာရာမရ၊ ဆင်း ရဲပင်ပန်း ခြင်း သို့ ရောက်ကြသည်ကို ရွေး ကမ္ဘာဦး မဟာ
သမတမင်း ကဲ့သို့တိုင်း နိုင်ငံ တော်သာယာငြိမ်ဝပ်၍သာသနာ တော်ပွင့်လင်း
စည်ပင်မည့်အကြောင်း တို့ပြည်သူသတ္တဝါအ ပေါင်း တို့ရှိခိုး သံ တော်ဦး တင်ကြသည့်
အတိုင်း ငါ့နေ ခင် တော်အရိပ်အရာ တော်ဖြစ် သော တိုင်း ကား နိုင်ငံ တော်အ
ပေါင်း ကိုသိမ်း အုပ်စိုး စံ တော်မူသည်၊ ငါ့နေ ခင် တော်ကိုလည်း ခမည်း တော်
ကဲ့သို့နှလုံး သွင်း ၍ ရွှေနှလုံး တော်မပင်မပန်း စေရ၊ ကျန်း မာ အောင်ပြုစု
တော်မူမည်၊ မင်း ညီမင်း သား မှူး တော်မတ် တော်တို့ကိုသစ္စာ တော် ပေး မြဲ
ပေး ၊ ဝင်း တော် လေး မျက်နှာကိုယ်ရံ တော် ရွှေမြို့ တော်တံခါး အ စောင့်အ နေ
မှစ၍ ခန့်ထား စီရင်ရန်ရှိသည်များ ကိုရာဇဝတ် တော် ကြောင်း မြဲမြန်လုံခြုံ
အောင်ခန့်ထား စီရင်၊ အတွင်း တော်မှာမင်း မိဘုရား မင်း ကိုယ်လုပ်တို့ကို
လည်း သစ္စာ တော် ပေး မြဲ ပေး ၊ ဗဟိုရ်မတီး စေနှင့်၊ အတွင်း တော်ဝင်း လေး
မျက်နှာ များ တွင်နရည်း ၈ ရာကိုသာတီး မြဲတီး စေ၊ ဘုန်း တော်အလွန်ကြီး မြတ်
တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူမျှား ရှင်လက်နက်စ
ကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ နေ ခင်
တော်ဘုရား အဋ္ဌုက်အရာ တော်မြတ် သော ရွှေထီး ရွှေနန်း တိုင်း ကား နိုင်ငံ
တော်အ ပေါင်း ကိုတရား သဖြင့်သိမ်း အုပ်စံ တော်မူသည်၊ တိုင်း သူပြည်သား ဆင်း

ရဲသား ကျွန် တော်မျိုး အပေါင်း တို့လည်း ချမ်းသာစွာ ရွှေဘုန်း တော်မြတ်ကို ခို
လှုံကြရမည်၊ လက်နက်နိုင်ငံ တော်သည်အလွန်ကြီး ကျယ်များ ပြား လှလေသည်၊ ငါ
မင်း ကေရာဇာမင်း မြတ် ရွှေထီး ရွှေနန်း တက်သိမ်း စံပယ် တော်မူသည်ကို နေ့
ရက်မရှည်မကြာ သေး ဖြစ်၍ နိုင်ငံ တော်အဝေး အလံမြို့ပြ ကျေး ရွာ စော်ဘွား မြို့
စား မြို့ဝန်စစ်ကဲမြို့သူကြီး ရွာသူကြီး တို့မကြား မသိ လေ သေး ဖြစ်သည်၊ အဝေး အ
လံ စော်ဘွား မြို့စား တပ် ပေါင်း စား မြို့ဝန်စစ်ကဲတို့ကိုသတ်ဂတ်အကျိုး အပြစ်သိ
သူတို့ကို ရွေး ချယ် စေလွှတ်၍ နေ့ညအလျင် ရောက် အောင်စာ ပေး အပ်ခန့်ထား
သွား စေ၊ ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆန္ဒန်ဆင်
မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး
ဘုရား အမိန့် တော်ရှိသည်၊ နောင် တော်အရိုက်အရာ ရွှေထီး ရွှေနန်း တိုင်း ကား
နိုင်ငံအပေါင်း ကိုတရား သဖြင့်သိမ်း အုပ်ထုံး စံ တော်မူသည်၊ မင်း ညီမင်း သား
မှူး တော်မတ် တော်အပေါင်း တို့ကိုလည်း ရှေး အဝဥ်ထုံး စံရှိသည့်အတိုင်း သစ္စာ
တော် ပေး ၍ ငါ့အမှုတော်ကိုထမ်း ရွက် စေသည်၊ အဝေး မြို့ကျေး ရွာ စော်ဘွား
မြို့စား တပ် ပေါင်း စား တို့ကိုလည်း သစ္စာ တော်ခံ သောက် စေရမြဲဖြစ်သည်၊ ငါအ
ရှင်ကေရာဇာမင်း မြတ်သည်ဖြည့်ဆည်း ဘူး တော်မူသည့်ပါရမီ ရွှေဘုန်း တော်မြတ်
ရှင်မင်းကောင်း မင်း မြတ်ဖြစ် တော်မူ၍သား တော်အစဉ် မြေး တော်အဆက်
မြစ် တော်အဆွန့်အဖွန့်ရှည်စွာ ရှေး စကြာမန္တတ်မင်း ကဲ့သို့ကျွန်း အလုံး ကိုသိမ်း
ရုံး စံ တော်မူသည်ဖြစ်သည်၊ လက်နက်နိုင်ငံ တော်ဖြစ် သောတိုင်း တော်ပြည် တော်
သည်လည်း အလွန်ကျယ်ဝန်း များ ပြား လှလေသည်၊ မြို့ဝန် စော်ဘွား တပ် ပေါင်း
စား တို့ကိုမကြွင်း မကျန် စေရ၊ သွေး သောက်စုမြင်း တော်သည်ခန့်၍ထုံး စံရှိ
သည့်အတိုင်း သစ္စာ တော် ပေး စေ၊ ရွှေဘဝါး တော် အောက် ခေါ်၍သစ္စာ ပေး
သင့်သူကိုလည်း ပေး ၊ မြို့ဝန် စော်ဘွား မြို့စား တပ် ပေါင်း စား တို့ကိုလည်း ငါ့ကျေး
ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိ၍ သော စွာမြို့ရွာသာယာငြိမ်ဝပ်၍ ရာဇ
ဝတ် တော် ကြောင်း မြဲမြန်လုံ့ အောင်အုပ်ထိန်း စီရင်ကြ စေ၊ ဘေး လောင်း
တော် မဟာသမတမန္တတ်စကြာ မင်း ကဲ့သို့သဗ္ဗ ဝါအ ပေါင်း တို့အား စောင့် ရှောက်
တော်မူရမည်၊ အဆောက်အဦး ကြီး ရင့်မြင့်မြတ် တော်မူခြင်း ဘုန်း တော်ကံ တော်

အလျောက် လောကဒ္ဓိသမုဒိနတ်အထွဋ်အမြတ်သို့ ရောက်တော်မူ၍သာသနာတော်
ရေး နှင့်တကွရဟန်း ရှင်လူပြည်သူတို့အစီး အပွါး များ စေကြောင်း ကိုတရား
သဖြင့် စောင့်ရှောက်ရွက် ဆောင် တော်မူသည်၊ မြို့တော်နန်း တော်တိုက် ဆောက်
စံတော်မူရန်အရပ်ဒေသ၊ ဌာဝရ၊ ဇာဂံမစသည်များ ကို ဆွေး နွေး နှိုင်း ရှည်
တော်မူရာဆရာ တော်သင်္ဃာ တော်မင်း ညီမင်း သား မှူး တော်မတ် တော်
ပုဏ္ဏား ပညာရှိလူ ပညာရှိသူတို့ကရုတနာပူရ ရွှေမြို့တော်တွင်စံ တော်မူ၍ ၁၂ဝဝ
ပြည့်ဌာဝရဏ်န်း သို့ ရောက်မှ စံကြိုက် တော်မူရာစံ တော်မူသင့်ပါကြောင်း နှင့်တ
ညီတညွတ်ရှိနိုး သံတော်ဦး တင်သည်၊ မင်း ညီမင်း သား မှူး တော်မတ် တော်ပြည်
သူပြည်သား တို့နှင့် မဆန့်ကျင် မှုလိုက် လျှောပြုရာ သောအဝ ရောဒနတရား ကို
ယောက် တော်မူ၍အစုံအညီသံ တော်ဦး တင်ချက်အတိုင်း စံ တော်မူမည်၊ မင်္ဂလာ
အခမ်း အနား ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင်စီရင်၊ စာ
ရင်း ကိုလည်း သွင်း ၊ ရွှေမြို့ တော်စကိုင်း မြို့မှစ၍ ရပ်စုတွက်စု ကျေး ရွာများ
တွင်အမှုထမ်း ရဲမက်ကျွန် တော်မျိုး ဆင်း ရဲသား တို့အရက်က ဇော် လှော်စာစိမ်
ပင်း ဘင်း ဘိန်း ထန်း ရည်ခါး မသောက်မစား ကြစေနှင့်၊ ရောင်း သူ လည်း
မရောင်း စေနှင့်၊ ရွှေမြို့ တော်အတွင်း ပြင် မောင်း ကြေး နင်း ခတ်၍ နိုင်
နင်း အောင်မြစ်၊ အမိန့် တော်ကိုကြူး လွန်၍ ရောင်း ဝယ် သောက်စား သူတို့ တွေ့
မိလျှင်ကြား မြင်သမျှ ကြောက်ရွံ့ အောင်အဆုံး စီရင်၊ သာသနာ ရေး နှင့်တကွရဟန်း
ရှင်လူမြို့သူမြို့သား တို့အစီး အပွါး များ စေကြောင်း ကိုတရား သဖြင့် စောင့်
ရှောက် တော်မူ၍ နောင် တော်ဘုရား မကျန်း မမာသည်ကိုကြည့်ရှုပြုစု တော်မူ
သည့်မင်း ညီမင်း သား မှူး တော်မတ် တော်တို့ကိုသစ္စာ ပေး ရန်ရှိသည်ထိုး ရံနန်း
ရံ စော်ဘွား မြို့စား အဝေး မြို့ဝန်တို့ကိုသစ္စာ တော် ပေး စေလွှတ်ရန်အကြောင်း
တော်ရှိသည်၊ မင်္ဂလာအခမ်း အနား ရှိသည်များ ကိုဆဒ္ဒန်ဆင်မင်း သခင်ဘိုး
တော်မင်း တရား ကြီး ဘုရား လက်ထက် တော်အမိန့် တော်တမ်း စာ ဟောင်း ဓါ
တမ်း များ နှင့်ညှိနှိုင်း ၍လွှတ် တော် ကစီရင်း ရုံထား ဆက်သွင်း စေ။

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လဆန်း ၁၂ ရက် နေ့နံ ၁ ခ နေမျိုး နေ ၁ ရ (15 April 1837)
ထားတွင်ပြန်။

(တောင်ခွင်စာစု၊ သောင်း စာစု)

မင်းကြီး မဟာမင်း ခေါင်သည် ဝန်ကြီး ဖြစ်လျက် စေနိုင်း ရန်ဖို့လျှင်အထိုး ကျ အောင်လွှတ်လိုလင်လက်ရတို့ကို စေနိုင်း ရမည်ကိုအတွင်း ကိုယ်ရံ တော်ဒဝယ်အစု သား တို့ကို စေနိုင်း သော ကြောင့်အခင်း မပွါး များ တန်ပွါး များ ရသည်၊ ဝန်ကြီး အရာက နှုတ်။

16 April 1837

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လဆန်း ၁၃ရက် နေ့နား ခပြေ့ကြီး မှူး ထွင်ပြန်။

(တောင်ခွင်စါစု)

နန်း မတော်မိဘုရား ခေါင်ကြီး နှင့်သား တော်သမီး တော်မင်း မိဘုရား
မင်း ကိုယ်လုပ် တော်တို့ကိုရတနာသိဃ်ကုန်း ဘောင်မြို့ကရတနာပူရအဝ ရွှေမြို့
တော်သို့ ဆောင်ယူ တော်မူမည်မှာဟံသာဝတီဆင်ဖြူများ ရှင်မင်း ယရား မိ
ဘုရား ကြီး ကိုဟံသာဝတီမြို့သို့ ဆောင်ယူသည့်စာတမ်း စာ ဟောင်း မိုး ညှင်း
မင်း တရား မိဘုရား ကြီး ကိုမိုး ညှင်း မြို့ကရတနာပူရအဝမြို့သို့ ဆောင်ယူသည့်
စာတမ်း စာ ဟောင်း များ နှင့်ညှိနှိုင်း ပြီး လွှင်သား တော်ဗိုလ်ချုပ်ခင်း သါး
သတိုး မင်း စောကိုသွား၍ ဆောင်ယူစေ၊ ဆောင်ယူရန်အစီအစဉ်စာရင်း ကို
လည်း သွင်း ။

17 April 1837

(သဏ္ဌရာဇ်) ၁၁၉၉ ခုကဆုန်လဆန်း ၁၄ရက် နေ့နား ခစ မြောင်မှူး
ထွင်ပြန်။
(တောင်ခွင်စါစု)

ရဟန်းသံဃာတို့ဥပုသ်ပဝါရဏာဝါဆိုဝါကပ်မှစ၍သင်္ကက်စွက်ကြီး ကံငယ်ဆောင်
ရွက်ရန်ရှိသည့်များ မှာ ရေမြေကိုအစိုး ရတော်မူသောမင်း ကေရာဇ်ကိုအမှီ
ပြု၍ ရွက်ဆောင်ကြရသည်။ မင်းတိုင်ပင်အမတ်ပုဏ္ဏား ဝန်ပညာရှိတို့ကသက္ကရာဇ်
၁၁၉၉ ခုကဆုန်လရက် ၃၀၊ နယုန်လရက် ၃၀၊ ပဌမဝါဆိုလရက် ၃၀၊ ဒုတိယဝါဆိုလ
18 July 1837
ရက် ၃၀၊ လေးလရက်စုံသဖြင့်သက္ကရာဇ် ၁၁၉၉ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
နေ့ရဟန်းသံဃာတော်တို့ပုဂ္ဂိုလ်မဝါကပ်သင့်ကြောင်း နှင့်ရှိခိုးသံတော်ဦးတင်
ချက်အတိုင်း ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သတင်းသုံး နေသည့်ဆရာ
တော်သံဃာတော်တို့တညီတညွတ်ဝါကပ်ဆိုမည့်အကြောင်း နှင့်ဝန်တို့ကသာသနာပြု
ဆရာတော်ကြီးမှာလျှောက်ထား စေ၊ အဝေး မြို့ဝန် စော်ဘွား မြို့စား သူကြီး
ခေါင်းအကြီးတို့ကိုလည်း စေ့နှံ့အောင်မှာ။

19 April 1837
(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၁ ရက် နေ့နား ခ ပြော့ကြီး မှူး
နေမျိုး မင်းလှ ကျော်တင်တွင်ပြန်။
(တောင်ခွင်စါစု၊ ဃောင်းစါစု)

မုတ္တမတံခါး တွင်ကျီဝန်စာရေး ငရွှေ၊ ငဆင့်၊ ငဘား နေအိမ်ကို ငရွှေမောင် ကိုသနား တော်မြတ်ခဲ့စေ၊
မိတ္ထီလာစား ဟောင်း၊ ဓနုဖြူစား ဟောင်း၊ ကနောင်စား ဟောင်း၊ မကွေး စား ဟောင်း၊ တောင်ဝိုင်စား ဟောင်း၊ မြေဒူး စား ဟောင်း၊ လှိုင်တက်စား ဟောင်း၊ ကျောက်တလုံး ကင်း စား ဟောင်း၊ ကောလင်း စား ဟောင်း၊ တောင်စဉ့်မြို့သစ်စား ဟောင်း၊ ခေါင်တွဲကြီး ရွာစား ဟောင်း၊ မြောင်း မြစား ဟောင်း၊ ဆင်ခြံကင်း စား ဟောင်း မိရွှေနှစ်၊ မအူစား ဟောင်း၊ နတ်မောက်စား ဟောင်း၊ မှေရင်း မိရွှေအပ်၊ မှိုင်း တုံ့မိနုတို့ကို နောင်တော်ဘုရား အပါး တော်တွင်နေစေ၊ အစီး သနင်း အဆောင်အရွက် များ ကိုဆက်သွင်း စေ၊ နေအိမ်ဝင်း များ ကိုလည်း နှုတ်သိမ်း၍ သင့်ရာချထား စေ၊ နောက်ရုံးမှာ သဗ္ဗာ တော်ပေး၊ မိနုဏ္ဍန်ကသည်း၊ ချင်း၊ တရင်၊ ကော သလီများ ခြား တို့ကို ရေပုံးခံအစုမှာဖြည့်၊ စာရင်း ကိုလည်း သွင်း။

21 April 1837

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၃ ရက် နေ့နား ခ နေများ နန္ဒ မိတ်ရွှေ တောင်တွင်ပြန်။

(တောင်ခွင်စါစု၊ ဆောင်း စါစု)

အရပ်ရပ်မြို့ကျေးရွာများမှ အရေးတော်အတွင်း ဗိုလ်ခြေအများ ချီတက်လာရောက်သည့်အတွင်း ကြေးငွေတောင်းသည်၊ လုယက်သည်၊ ဥစ္စာပစ္စည်းများကိုသိမ်းယူသည့်အမှုများ သည်တပ်တော်များကို မသိမ်းမရုံး မီဖြစ်ပွါးကြသည်ကို စွဲလန်း၍ မလျှောက်မထားကြစေနှင့်၊ အရေးတော်ပြီး ပြေသည့်နောက်ဖြစ်ပွါးကြသည့်အမှုမှန်လျှင်သာအမှုနှင့် လျှော်စွာ လျှောက်ထားစေ။

24 April 1837

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၆ ရက် နေ့ဘုရားသား တော်ဗိုလ်ချုပ်အရှင်မလွန်မင်းသား အမိန့်တော်၊ ဝန်ထောက်တော်မှ ဝတီမြို့စား မဟာမင်းလှသီဟသူ၊ မဟာမင်းလှကျော်တင်၊ နေမျိုးမင်းလှရာဇာ၊ မဟာမင်းလှရာဇာတို့ဆင့်။

(ဆောင်း စာစု)

ဗန့်ကိုတိုက်ဝန်မင်းကြီး မဟာသီဟသူရကအရေး တော်ရှိရာ ဗန့်ကိုတိုက်တိုက်ကျန်
ရွာ၊ တန္နီမြို့၊ အမြင့်မြို့၊ ပုခန်းကြီး မြို့များ နှင့်စည်း ကြပ်ထမ်း ရွက်ပါရသည်၊
စည်း ကြပ်ရာပါသည့်မြို့ ကျေး ရွာများ မှာ နေ့ညလိုလျှင် ကောက်ငင်ကာရ အောင်
1783
(သက္ကရာဇ်၁၁) ၄၅ခုစာရင်း ပါအစုအငန်း များ ပြင်အနှုတ်အယုမရှိပါစေရ
မြို့ရွာသူကြီး တို့နှင့်စည်း ကြပ်ထမ်း ရွက်ပါရမည့်အကြောင်း ဗန့်ကိုတိုက်မှာအရေး
သလ္လာဝတီ၊ တောင်ယမား ၊ မြောက်ယမား ကိုဗန့်ကိုတိုက်နယ် မြေဖြစ်စေ၊ ဘိုး
တော်ဘုရား နောင်တော်ဘုရား သမုတ်ပြဋ္ဌာန်း တော်မူသည့်အတိုင်း ဗန့်ကို
တိုက်နယ် မြေဖြစ်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်၊ ဗန့်ကိုတိုက်
တိုက်ကျန် ကျေး ရွာ၊ တန္နီမြို့၊ အမြင့်မြို့၊ ပုခန်း ကြီး မြို့များ မှာ (သက္ကရာဇ်၁၁)
1783
၄၅ခုစာရင်း ပါအစုအငန်း များ နှင့်ရွှေလှံသုံး စုညောင်ရမ်း မင်း ဘွဲ့ပါ
လက်ရှိလူတို့ပြင်အကွဲအပြား အနှုတ်အယုမရှိစေနှင့်၊ ဗန့်ကိုတိုက်ဝန်ကစည်း ကြပ်
ထမ်း ရွက်စေ၊ ဗန့်ကိုတိုက်မှာအရေးကိုသလ္လာဝတီမြစ်၊ တောင်ယမား ၊ မြောက်
ယမား များ ကိုအထက်ပြဋ္ဌာန်း ပိုင်း ခြား တော်မူသည့်အတိုင်း ဗန့်ကိုတိုက်နယ်
မြေဖြစ်စေ။

24 April 1837
သက္ကရာဇ်၁၁၉၉ခုကဆုန်လပြည့်ကျော်၆ရက် နေ့နား ခင်ပို့တွင်ပြန်။
(ဆင်တဲ၁၄)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေး ရွာများ မှာဘုရား ဘိုး တော်လက်ထက်
1783
တော်(သက္ကရာဇ်၁၁)၄၅ခုစာရင်း စစ်သိမ်း တော်မူသည်တွင်စုခြား ထမ်း
ခြေရွက် ခြေအ သေအချာနှင့်ဖွဲ့စည်း ထမ်း ရွက်ကြရသည်၊ နောက်မြို့ကျေး ရွာ
များ ထွင် ကြေး ငွေကုန်တန်သူတို့သူကြီး နှင့်မထမ်း မရွက်လို၊ တမြို့တရွာလျှင် ၁၀
ယောက်ခြင်း ၅ ယောက်ခြင်း ဆီ ဆက်၊ ဆေး ဆက်၊ သွေး သောက်လက်၊ နှုတ်ယူ
ကပ်ဖိုထမ်း ရွက်ကြ သော ကြောင့် ကျေး ရွာသူကြီး ခေါင်း အကြီး တို့က မခန့်မထား
ရ၊ ထမ်း ခြေရွက် ခြေမညီမမျှ၍လက်နက်ကိုင်မင်း မှုတော် ပေT ပေါက်ကျ ရောက်
သည်များ ကိုမ ဆောင်မရွက်နိုင်၊ မြို့ကျေး ရွာပျက်ပြား ရှိသည်၊ ဆီ ဆက်၊ ဆေး
ဆက်၊ တမြို့တရွာလျှင် ၁၀ ယောက်ခြင်း ၅ ယောက်ခြင်း အထမ်း အရွက်မရှိစေရ၊
မင်း မိဘုရား မင်း ညီမင်း သား မင်း ကိုယ်လုပ် တော်တို့ကိုထွမ်း ကိုင်၊ ရေကိုင်၊
ယီး မိုး ယည်ခံ ပေး ဘွဲ့ရန် ရှိလျှင်မြို့နှင့်တန်သည်၊ ရွာနှင့်တန်သည်အင်အား ကို
ယောက်၍ ပေး ဘွဲ့ထမ်း ရွက် စေမှအမှုထမ်း မပျက် စေလို့လျှင် ကောက်ခါငင်ခါရ
မည်၊ မှူး တော်မတ် တော်တို့မှာလည်း အထမ်း အရွက်အကပ်အနိုက်ကိုလက်မခံ စေရ၊
ဆင့်ဆိုမည်စာသွင်း ချက်အတိုင်း သင့်ပြီ။

25 April 1837

(သက္ကရာဇ်)၁၁၉၉တဆုန်လပြည့်ကျော်ရရက်နေ့နား ခံပြောကြီး မှူး
ထွင်ပြန်။

(တောင်ခွင်စါစု၊ သောင်း စါစု)

(25 April 1837)

မူး အရှေ့တက် ကျေး ရွာစု (သက္ကရာဇ် ၁၁) ၄၅ခုအသည်၊ စုခြား၊ ၃၀၀၀တွဲ 1783
ရွာကျယ်စာရင်း ချုပ်

	၄၅ခုအသည်	၄၅ခုစုခြား	၂စု	၃၀၀၀တွဲ
ဆင်အင်း	၇၆	၆၈	၁၄၄	၅၅
မူး သာ	၁၆၅	၃၇	၂၀၂	၅၅
ယင်း တိုက်	၁၉၉	၁၈၄	၃၈၄	၁၁၅
အုံ ပေါင်း ချောင်	၄၆	၄၅	၉၁	၃၃
အောင်ချမ်း သာ	၅၀	၂၃	၇၃	၉
နှမဇရစ်	၁၆	၂၉	၄၅	၁၁
ကျား ရွာ	၁၂	၁၃၂	၁၄၄	၅၅
သာဝတ္တိ	၁၆၇	၂၄၆	၄၁၃	၂၅
မြင်းစီး မြောက်	၄၂	၄	၄၆	၁၁
မြင်း တောင်	၈		၈	၁၁
ငင်း မြောက်	၃၁	၂၂	၅၃	
ငစင်ရွာ	၄	၃	၇	
ရွဝ်ဟ်ပျက်	၁၀	၂	၁၂	
သလုံ တောင်	၂၉	၁၁	၄၀	၂၉
ငင်း မြောက်	၂၄	၁	၂၅	
မြင်ကျမရှည်သုပ်	၅၄	၃၂	၈၆	၁၀
မုံး တောင်း	၄	၆	၁၀	၃
ခင်လပ်	၂၁	၁၅	၃၆	
မအုပ်	၉၇	၂၄	၁၂၁	၂၃
လဲဝ်ချင်	၂၄၃	၂၉	၅၅	၁၃
ယုတောဉ်မှု	၁၃	၂၀၅	၂၁၈	၈
ပရန်	၂၆	၁၂၇	၁၅၃	၁၀
ငင်း ကြောင်သင်း	၁၀	၃၁	၄၁	၅

မုန်လှ	၁၂၆	၁၂၄	၂၅၀	၁၅
စစ်လျှင်	၁	၁	၂	
သပြေပင်မင်း ရွာ		၂၃	၂၃	၆
ပန်း တဲဆိပ်	၁၂	၃၁	၄၅	၃၁
ငါး ရုံ ကျေး		၃၀	၃၀	၂၀
မုံ တောင်ကြီး	၅၁	၆၆	၁၁၇	၁၀
မုံ တောင်လှ	၁၂	၃၇	၄၃	၁၀
မောက်ဘမ်း	၅	၂၇	၃၂	၄
မြို့သစ်ကြီး	၂၆	၁၃၁	၁၅၇	၁၉
မြို့လှဇီး ဖြူကုန်း	၀၀	၆၃	၁၄၃	၁၂
ညောင်ပင်သာ	၇	၂၇	၃၄	၁၁
ဝန်စည်		၂၁	၂၁	
မြကန်				ဂ
ကင်ပရစ်				၁၆
ကလုံ				၃
ရှင်မင်း ထွေး				၂
ရွှေကူ				၃

1783 (25 April 1837)

(သက္ကရာဇ် ၁၁၄၅ ခု စါရင်း ဖြစ်သော်လည်း သက္ကရာဇ် ၁၁၉၉ ခုကဆုန် လပြည့်ကျော် ၇ ရက် နေ့အမိန့် တော်နှင့်တွဲဘက်ပါရှိသည်)။

(သောင်း စါစု)

ငရနဲမြို့ထည်သည့်အချင်း အရာစာ ဟောင်း စာတမ်း များ တွင် ရှေး ပေါက်ကံ
နေဘ်ရထာမင်း ဇောလက်ထက်ကတည်ထား ပြုစု ကြောင်း ကို စာ ဟောင်း စာ
တမ်း ထွက်ဆို ပေအံ့၊ ရှေး မင်း လက်ထက်မိုး ကောင်း မိုး ညှင်း ပုရင်း တွင်း
ရှမ်း စလုံထမုံသုံဟံပွါး တို့မပြီမံမဝပ် သောင်း ကျန်း သော ကြောင့် ပေါက်ကံမင်း
ယောက်ဖဖြစ်သူ ပရဝါဘမင်း ကို မြောက်မူး ညာသို့တက်၍တည်ထား ပြုစုရမည်ခန့်
ထား လျှင်၄င်း ပရဝါဘမင်း ဆင်မြင်း စစ်သည်ဗိုလ် ခြေအများ နှင့်ချီတက်လာ၍
မြေခန့် မြေခင်း ဆင်မြင်း ဗိုလ် ခြေ နေ လောက်ရာအရပ်က အောင်တပ်ချ၍ နေ
သည်၊ ၄င်း တပ်က နေ၍တန့်ဆည်မြို့ကိုပြုစုသည်၊ ၄င်း ထန့်ဆည်မြို့က ပရဝါဘမင်း
ဗိုလ် ခြေအများ နှင့်ချီတက်၍ဆင်မြင်း ဗိုလ် ခြေ နေ လောက်ရာအရပ်ကတပ်ချ၍
နေပြီး လျှင် မြေထူး မြို့ကို ပရဝါဘမင်း ဗိုလ် ခြေအများ နှင့်ပြုစု၍ နေသည့်ကာလ
အတန်ရှည်ကြာသော်လျှင်၄င်း ပရဝါဘမင်း သောင်း ကျန်း ပြန် သော ကြောင့် ပေါက်
ကံမင်း နရပတိကစစ်အင်္ဂါလေး ပါး နှင့်တကွဆင်မြင်း ရဲမက်ဗိုလ် ခြေအများ ခန့်
ထား သိမ်း ရုံး ချီတက်လာ၍ မြေထူး မြို့ပရဝါဘမင်း နှင့်စစ်ပြိုင်ကြသည်တွင်ပရဝါ
ဘမင်း ကလက်နက်မမှုဗိုလ် ခြေအား အင်နည်း သည်ဖြစ်၍ နှစ်မ တော်ကိုမိုး ညှင်း
မင်း ကိုဆက် ပေး ၍ စစ်ကူ တောင်း လျှင်မိုး ညှင်း မင်း ကက လေး မတ်မျိုး ကျေး
တောင်ညိုထမုံဟိုဟံပွါး သူရဲ ကောင်း တို့ကိုခန့်ထား ၍ ပရဝါဘမင်း နှင့်တကွရှမ်း
စလုံထမုံဟိုဟံဆင်မြင်း ဗိုလ် ခြေအများ နှင့် ပေါက်ကံမြို့သို့ချီလာ ကြောင်း ကို ပေါက်ကံ
မင်း ကြား သိလျှင် ပြေ၊ တဂုံ၊ ဒလ၊ မုတ္တမ၊ ဟံသာဝတီ၊ ပုသိမ်၊ ပဒေါင်း၊ ကြခင်း၊
တသိတ၊ ကိုး မြို့သား တို့ကိုသိမ်း ရုံး ၍ ၄င်း မြို့သား တို့ကိုသူရဲ ကောင်း အာမခံ
ရွေး တောင်း သည်တွင်ကိုး မြို့သား တို့ကအသီး အသီး အာမခံသူရဲ ယောကျာ်း
ကောင်း တ သောင်း ရသည်၊ အာမခံသူရဲ ကောင်း ယောကျာ်း တ သောင်း မှုး
သုဇိန်ဗလ ဇေယျ ကျော် ခေါင်အကြီး အမှုး ခန့်ထား ၍ဆင်လုံး မြင်း လုံး ရဲမက်လက်
နက်ကိုင်ဗိုလ် ခြေတသိန်း နှင့် ပေါက်ကံမြို့က (ချီတက်တိုက် ခိုက်လျှင်) ယောကျာ်း တ သောင်း
မှုး သုဇိန်ဗလ ဇေယျ ကျော် ခေါင်တို့ကစစ် ရေး စစ်ပွဲလှ၍ ပေါက်ကံမင်း အလို တော်
ပြည့်၍ ရဲမက်ဗိုလ် ခြေတို့အရှင်ထံ့ရာ ပေါက်ကံမြို့သို့ပြန်လည်ကြသည်တွင်အာမခံသူရဲ
ကောင်း အမှုထမ်း တို့ဆုလပ် ကျေး မြို့ရွာအသီး အသီး ပေး သည်တွင် ယောကျာ်း

တသောင်း မှုး ဗိုလ်သုရိန်ဗလ ဇေယျကျော် ခေါင်မှာ ငရနဲမြို့ကိုအပိုင်စား သား
စဉ် မြေး ဆက်အုပ်ချုပ်ထိန်း သိမ်း ကြီး စိုး စီရင် လေဟု ပေါက်ကံမင်း က ပေး အပ်
သနား တော်မူ၍ ယောကျ်ား တသောင်း မှုး ဗိုလ်သုရိန်ဗလ ဇေယျ ကျော် ခေါင်
ငရနဲမြို့ကိုအုပ်ထိန်း ကြီး စိုး စီရင်ရ ကြောင်း ငရနဲမြို့၌ ရှေး အ သောကမင်း
တောင်း မှုအတွင်း ရွှေကူ၊ ပြင် ရွှေကူ၊ ရှင်ပင်ကူထွန်း၊ ရှင်ပင်မင်း ကျောင်း
ဘုရား လေး ဆူ၏ ဝတ် တော် မြေပယ်နယ်မင်း မြေပယ်နယ်ငရနဲမြို့နယ်အပိုင်း အ
ခြား ဆွေစဉ် ဆွေဆက်မျိုး နွယ်ဝှုံး ရွာများ ကို နောက် နောင်သား မြေး စဉ်ဆက်
မှတ်သား သိရစ် စေခြင်း ငှါ ရှေး သူ တောင်း တို့မှတ်သား ထား ခဲ့သည့် ဆွေစဉ် ၏
ဟောင်း ထွက်ဆို ပေအံ့၊ သာသနာ တော် ထောင့်သုံး ရာ ကျော်နှစ် ထောင်အတွင်း
ပေါက်ကံမင်း နရပတိစည်သူလက် တော်က ငရနဲမြို့ကို ယောကျ်ား တသောင်း မှုး သု
ရိန်ဗလ ဇေယျ ကျော် ခေါင်ကြီး စိုး စီရင်သည်ကိုမှတ်ထား သည်၊ ငရနဲမြို့သူကြီး ဗိုလ်
သုရိန်ဗလ ဇေယျ ကျော် ခေါင်မယား မိနန်း သုငရနဲမြို့မြို့သူကြီး တရိုး ၊ မြေတိုင်
ထရိုး ရှိကြသည်တွင်ငှင်း မြို့နိုက်မမှာ သောကမင်း တည် ထောင်ပြုသည့် တောင်း မှု
အတွင်း ရွှေကူဘုရား ၊ ပြင် ရွှေကူဘုရား ၊ ရှင်ပင်ကူထွန်းဘုရား ၊ ရှင်ပင်မင်း
ကျောင်း ဘုရား ၊ ဘုရား လေး ဆူ ဝတ် တော် မြေ၊ မြေတိုင်ဘိုး ရွှေဖြူ၊ သား မြေး
ဆွေစဉ် ဆွေဆက်အမျိုး အနွယ်များ ကို နောက် နောင်သား မြေး တို့မှတ်သား သိရ
အောင် ရှေး သူကြီး သူ ဟောင်း တို့မှာဆိုခဲ့ ပေအံ့၊ မြေတိုင်ဘိုး ရွှေဖြူ၊ သား ကြီး
ပြည့်စုံ၊ ညီဘုပုံ၊ ညီဘု အောင်၊ ညီသက်ပုံ၊ ညီသက်ထွန်း ၊ ညီ ထွေး မှန်၊ ညီ ထွေး စံ၊
ငှင်း တို့နှစ်မပြည့်ဝ၊ ညီမညွှမ်း ဧ၊ ညီမညိမ်း ထွေး ၊ ညီမညွှမ်း ဝ၊ ငှင်း ပေါက်
ဖေ ယောကျ်ား ခွန်နှစ် ယောက်မိန်း မ လေး ယောက် ပေါင်း တကျိတ်တ ယောက်
ငှင်း ပေါက် ဘော်အစ်ကိုညီတစုတို့ကသ ဘောတူညီငယ်ထွေး စံကိုဒိုဘ မြေတိုင်ဘိုး ရွှေ
ဖြူအရာကို ပေး အပ်ခံ စေ၍ ထွေး စံတိုင် ဆောင်သည်၊ ငှင်း သေသည့်နောက်သား
အကြီး ကျော်မြဆက်ခံတိုင် ဆောင်သည့်အတွင်း ယောက်ဘဖြစ်သူစံဖြိုး ကို ခေတ္တတိုင် ဆောင်
နှင့် စေသည်၊ စံဖြိုး သေဘိုး ကျော်မြသား သောမြဆက်ခံတိုင် ဆောင်သည်၊ ငှင်း
သေသည့် နောက်ညီသောဖြူဆက်ခံရ ဘကြီး တော်သူ ကျောင်း တကာဦး ပေါ်ကို ခေတ္တ
လွှဲအပ်နှင့်သည်၊ ဦး ပေါ်သေဆုံး ဆက်ခံသင့်သူသားဖြစ်သည်။

(25 April 1837)

(25 April 1837)

(သက္ကရာဇ် ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၇ ရက် နေ့အမိန့်တော်နှင့်တွဲ

ဖက်ပါသည်)။

(သောင်း ဓါရု)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေး ရွာများ မှာဆင်း ရဲသား တို့ဘိုး ဘဆင်း
သက်၍အမွေကြောင်း အလျောက်ဆက်ခံပိုင်ထိုက်သည့်လယ် မြေအဖို့ကြေး ငွေနှင့်ဝယ်
သည့်လယ်ယာ မြေများ ကိုချပေး သနား တော်မူရပါသည်။ အမွေဆက်အမွေခံ
ပြတ်လပ်သည်ဆို၍မြို့စား ရွာစား စုရှင်ငန်း ရှင်တို့ကဖိစီး နှိပ်စက်သိမ်း ယူသည့်
အရာများ သည်ပစ္စုပ္ပန်သံသရာအကျိုး နှစ်ပါး မသင့်ဖြစ်သည်။ ဘိုး ဘတို့အမွေဆက်
လယ်ယာ မြေအဖို့ကြေး ငွေနှင့်ပေး၍ ဝယ်သည့်လယ်ယာ မြေများ လယ်ရှင် မြေရှင်
တို့ကပြုသ လျှောက်ဆိုနိုင်လျှင်မှန်ကန်သည့်အ လျှောက် စီစစ်၍ဆင့်ဆိုစီရင်မည်။

25 April 1837

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော်ရရက် နေ့နားခ ပြောကြား မှူး
ထွင်ပြန်။

(ယင်း မာပင်အာဒိစ္စဖါရု)

ရွှေတော်မှာခပ်းကျင်း ဆောင်ရွက်ရသည်ထား မှာဝင်း မှူး လေး ဦး တို့ကို သာထား ယပ်စွဲ၍ ခစား ထမ်း ရွက်ကြရသည်၊ အစဉ်ထုံး စံရှိသည့်အတိုင်း ဝင်း မှူး လေး ဦး ကိုသာထား ယပ်စွဲ၍ ရွှေဘော်သို့ဝင်ထွက်ခစား စေ၊ အသီး အသီး ဗိုလ်မှူး တပ်မှူး တို့ကိုသနား တော်မူသည့်ထား မှာတံခါး နီ တော်သို့ ရောက်လျှင် သင့်ရာထား ၍ ဝင်ကြ စေ။

27 April 1837

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၉ ရက် နေ့နား ခစ မြောင်မှူး ထွင်ပြန်။

(တောင်ခွင်ဓါစု)

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေး ရွာ နေဆင်း ရဲသား
တို့မှာ ဘိုး ဘွား မိဘတို့ သေဆုံး လွန်သွား မြေး တို့အမွေဆက်ခံရမြဲအတိုင်း ဆက်ခံ
စေ၊ သား မြေး အမွေဆက်အမွေခံ မရှိသူတို့မှာ ဆွေမျိုး နီး စပ်သူတို့ကိုအမွေဆက်
ခံစေ၊ ဆွေမျိုး နီး စပ်သူတို့ မရှိလျှင်မကျန်း မမာ ရှိသည့်ကာလလုပ် ကျွေး ပြုစုသူတို့
ကိုအမွေဆက်ခံစေ၊ အမွေဆက်အမွေခံ မရှိအမွေပြတ်ဆို၍ အသိမ်း အယူ မရှိ စေနှင့်၊
အမွေဝန်လည်း မရှိ စေနှင့်၊ အမွေတိုက်ရှိဘဏ္ဍာအရာများ မှာတိုက်စိုး တိုက်စာ
ရေး တို့ကထိန်း ထား စေ။

သဏ္ဍာဝါအ ပေါင်း တို့ချမ်း သာ စေ ကြောင်း ကိုတရား သဖြင့် စောင့်ရှောက် တော်
မူ၍ သာသနာ တော် ရေး နှင့်တကွပြည်ထဲ လေး မျက်နှာ သာယာဝ ပြော စေ ကြောင်း
သုတ်သင်သန့်ရှင်း တော်မူသည်၊ ထီး သိမ်း နန်း သိမ်း မင်္ဂလာအခမ်း အနား စီ
တော်မူရန်အရပ် ဒေသဌာဝရဇောဂ်မ စသည်အခမ်း အနား များ ကို ဆွေး နွေး
နှိုင်း ရှည် တော်မူရာ သက္ကရာဇ် ၁၂၀၀ ပြည့်ဌာဝရကိန်း မ ရောက်မီစီကြိုက် 1838 ရာ
စီ တော်မူသင့်ပါကြောင်း ထီး သိမ်း နန်း သိမ်း မှာသက္ကရာဇ်ဥ ကျွောင်း ပေါ်
မှသင့်မြတ်သည့်မင်္ဂလာအခါနေ့ရက်ကိုသိမ်း တော်မူသင့်ပါကြောင်း နှင့်ဆရာတော်
သင်္ဃာတော်မင်း ညီမင်း သား မှူး တော်မတ်တော်ပုဏ္ဏား ပညာရှိလူပညာရှိတို့
တညီတညွတ်တည်း ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း (သက္ကရာဇ်) ၁၂၀၀ ပြည့် 1838 ဌာ
ဝရကိန်း မ ရောက်မီ ဇေယျာပူရမင်္ဂလာမြို့တော်တွင်စီ တော်မူမည်၊ ရတနာပူ
ရအဝမြို့ တော်ထီး သိမ်း နန်း သိမ်း အခမ်း အနား မှာသက္ကရာဇ်ဥ ကျွောင်း ပေါ်
မှသုနက္ခတ္တသုမင်္ဂလံ စသော ကောင်း မြတ်သည့်မင်္ဂလာအခါနေ့ရက်တွင်သိမ်း တော်မူ
မည်၊ ထီး သိမ်း နန်း သိမ်း စီရင်ရန်အခမ်း အနား ဇေယျာပူရမြို့ တော်တွင်စီ
တော်မူရာနန်း တော်ဆင်မင်း နန်း မှစ၍လုပ် ဆောင်ရန်ရှိသည်များ ကိုပြီး
ပြေ အောင်စီရင်၊ စာရင်း ကိုလည်း သွင်း ။

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၁၀ ရက် 28 April 1837 နေ့နား ခံ ပြောကြား ချီး
နေမျိုး မင်း လှ ကျော်ထင်တွင်မြန်။

(တောင်ခွင် ဓါရု၊ သောင်း ဓါရု၊ ယင်း မာပင်အာဒိစ္စ ဓါရု)

သဒ္ဒမ္မဝံသာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇာ ဂုရုတံဆိပ်တော်ရသဲအင်း ဆရာတော်ကြီး သည်ပိဋကတ်ဥပုံကို ချောက်ချား စေလျက်ပရိယတ်ပဋိပတ်ပဋိ ဒေဝထည်း ဟု သောသာသနာ တော်၏အစီးအပွါး များ စေကြောင်း ကိုဖြည့် စွမ်း ရွက်ဆောင် တော်မူသည့်အကျင့်အာစရိယလဝိသုဒ္ဓိသမာဓိဝိ သေသဂုဏ်အ ထူး နှင့်ပြည့်စုံ၍ကိုး ကွယ် တော်မူသည့်သက် တော်ကြီး ဝါတော်ကြီး ပုဂ္ဂိုလ်သူမြတ်ဖြစ် သည်၊ တံဆိပ်တော်ရသဲအင်း ဆရာ တော်ကြီး ကိုသာသနာပြုအပ် တော်မူသည်၊ ရွှေပြည် တော်ကြီး မှစ၍နိုင်ငံ တော်အတွင်း သတင်း သုံး နေသည့်ရဟန်း သံဃာတို့ တွင်ဓမ္မကံ ကြောင်း အ လျောက်ဆုံး ဖြတ်စီရင်ရန်ရှိသည်များ ကိုသာသနာပြုဆရာ တော်ကြီး ကဆုံး ဖြတ်စီရင် စေ၊ အမိန့်တော်ပြန်တမ်း များ ကိုလည်း ထုံး စံရှိရာ သုဓမ္မာစရပ် တော်တွင်ပြန် စေ။

29 April 1837

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၁၁ ရက် နေ့နား ခဲ ပြော့ကြီး မှူး နေမျိုး မင်း လှ ကျော်ထင်တွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၄၊ ၆၁၉၊ တောင်ခွင်စာစု၊ သောင်း ဝါစု)

တပ်တော်ကုန်း ဘောင်မြို့ကမဆိုက် ရောက်မိတပ်ဦး ဘီလူး ပါလုယူကြသည့်အမှုကို နောင်စစ်ဆေး၍ စီရင်မည်၊ (ယခု)လက်ခံ၍ မစီရင်နှင့်။

30 April 1837

(သက္ကရာဇ်) ၁၁၉၉ ခုကဆုန်လပြည့်ကျော် ၁၂ ရက်နေ့ဝန်ရှင်တော်စကိုင်း မင်းကြီး၊ ကုလား မင်းကြီး အစုံအညီမိန့်ချက်၊ အဆောင်ကိုင် ငရွှေဆင့်။ (ဆောင်း ၀ါစု)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအ
ဖိန့်တော်ရှိသည်၊ မင်းကြီး မဟာမင်းလှနော်ရထာကိုအတွင်း ဝန်ခန့်တော်
မူသည်၊ သို့ခန့်တော်မူကြောင်းလည်း မင်းကြီး မဟာမင်းလှနော်ရထာသည်
ကျေးဇူးသစ္စာတော်နှစ်ပါးကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်
ရိုး ရိုးကြိုးစားအားထုတ်ထမ်းရွက်သောကြောင့်အမည်နေရာအဆောင်အ
ရွက်အထိုက်အလိုက်သနားပြုစုတော်မူသည့်အတိုင်း အမှုတော်ကိုမသွေမဖီကြိုးစား
အားထုတ်စိတ်ပါကိုယ်ပါထမ်းရွက်စီရင်သည်၊ စီရင်ခင်း စီရင်ဘွယ်အလုံး စုံကိုလည်း
ကျွမ်းသိနားလည်သူအထူးသဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်
သောကြောင့်အတွင်း ဝန်ခန့်တော်မူသည်၊ အတွင်း ဝန်ဆိုသည့်အရာသည်ဝါအသျှင်
ဧကရာဇ်မင်းမြတ်တို့တွင်အတွင်း တော်တွင်စီရင်ဘွယ်စီရင်ခင်း မှစ၍ပြည်ရေး
ရွာမှုအလုံး စုံကိုကုန်တွင် ပြေလည်အောင် လျှောက်ထားပြန်ဆိုစီရင်ရသူဖြစ်သည်၊
ဓမ္မဝတ်ရာဇဝတ်လောကဝတ်အကြောင်း သုံးပါး ကိုကျွမ်း သိနားလည်သည်နှင့်
အညီရွေး အတွင်း ဝန်တို့စီရင်ခန့်ထားသည့်ရွှေနန်း ရိုး ထုံး စံကို ထောက်၍ခန့်
ထား စီရင်။

(4) May 1837

သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း (၁) ရက်နေ့ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၀၊ ၁၀၄၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ မင်း ကြီး မဟာရန်ငူး သိတသူ့ကိုလက်ဝဲဝင်း မှူး ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မင်း ကြီး မဟာရန်ငူး သိဟသူသည် ကျေး ဇူးသစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိရို သေစွာ ခန့်ထား တော်မူသမျှအမှုတော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုမ သွေမဖီထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော် မျိုး ဖြစ် သော ကြောင့်လက်ဝဲဝင်း မှူး ခန့် တော်မူသည်၊ ဝင်း မှူး ဆိုသည့်အရာသည်ငါ့အသျှင်ဧကရာဇ်မင်း မြတ်တို့တွင်သူ့ရဲသူ့ခက်မိဳး စွဲကိုယ်ရံ တော်လက်နက်ကိရိယာ စုံနှင့်ရာဇဝတ် ကြောင်း မြဲမြန်နိုင်လုံ အောင်ဝင်း တော် လေး မျက်နှာတွင်ညည့် နေ့ဆိုင်ရာတန်း နှင့် စောင့်နေထမ်း ရွက်ရသည်၊ ရှေ့နန်း ရှေ့ဘုံတွင်လည်း ၄၀၊ ၅၀၊စား တော်ကွမ်း ရေကိုင်အဆောင်တော်မြဲအမတ်၊ ကျေး စား ရွာစား၊ လူ့ပို တော်၊ မြေနန်း ဝန်း ကျင် သေနတ် သွေးသောက်ကြီး၊ ဆင်မှူး၊ ဒိုင်း မှူး၊ တပ် ကောင်ဟန်၊ အမြောက် မှူး မှစ၍ ခေါင်း အကြီးအဝန်း ငယ်သား တို့ကိုအိပ်လှည့်အိပ်ဘန် မှန်ကန် အောင်ဆိုင်ရာခန့်ထား တော်မူသည့်အတိုင်း မပြတ်စစ် ကြောစီရင်ရသည်၊ ဝင်း တော်တွင်မိဳး စွဲကိုယ်ရံ တော်ခေါင်း စကြီး ငယ်သား အဝန်း တို့ကိုလည်း ဆိုင်ရာတန်း တွင်ညည့် နေ့ စောင့်နေထမ်း ရွက်ကြစေ၊ မဆိုင်သည့်အစုသား တို့ကိုငါး ထောင်၍ မထမ်း မရွက် စေနှင့်၊ မိဳး စွဲကိုယ်ရံ တော်တို့ကို သောက်ရစ်ဝနိုက်ပွဲ ရန်ပွဲ မရှိ စေနှင့်၊ တန်းတွင်ညည့် နေ့လုံခြုံ အောင်နိုး နိုး ကြား ကြား စောင့် နေအိပ် အောင်တညည့်သုံးထံ မောင်း ခတ်၍တာကျအတိုင်း နှိုး ဆော် စေ၊ မိဳး စွဲကိုယ်ရံ တော် ခေါင်း စကြီးအဝန်း ငယ်သား တို့ကိုအမှု တော်ကိုထမ်း တုန်နိုင်၍လုပ်စား ဆောင်စား ဖြစ်အောင်မစေ၊ မိဳး စွဲကိုယ်ရံ တော်တို့တွင်တရား စကား အရှုက်အတင်ရှိလျှင်လည်းကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း (၁) ရက်နေ့ (4) May 1837

(ရွှေဝင်း ၊ နောက်ဝင်း ၊ လက်ျာဝင်း မှူး တို့ကိုခန့်လျှင်လည်း ငင်း နည်း
ပြန်၊ မင်းကြီး မဟာမင်းလှမင်းထင်ကိုအမြောက်ဝန်ခန့်ထား သည့်အခါ
လည်း ငင်း နည်း ပြန်သည်)။
(မျိုး ကြည့်၊ ပု၊ ၆၁၀၊ ၁၀၄၉၊ ကုန်း ၊ ဒုတိယ၊ ၅၄၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ ဓိန့် တော်ရှိသည် မင်း ကြီး အတုလမဟာသီဟသူကိုတရား သူကြီး ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မင်း ကြီး အတုလမဟာသီဟသူသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိ၍ သစ္စာအမှုတော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုကုံထွင် အောင်ထမ်းရွက် မည်သူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့်တရား သူကြီး ခန့် တော်မူသည်၊ တရား သူကြီး ဆိုသည့်အရာသည်ငါအသျှင်ဇေကရာဇ်မင်း မြတ် တို့တွင်ရာဇဓမ္မာနီ ရွှေပြည် တော်ကြီး ဖြစ်၍ကျွန် တော်မျိုး အ ပေါင်း တို့သည်တ ယောက်ကိုတ ယောက်မနှိပ်မစက်ရ၊ ဆုံး မဖွပ်ညှပ်စီရင်ရသည်၊ တရား စကား အရှုက်အတပ်ရှိလျှင်လည်း တရား ဓမ္မသတ်နှင်အညီစစ် ကြော စီရင်စိမ့်မည်တရား ရုံး တော်တွင်တရား သူကြီး နှစ် ယောက်ခန့်ထား ၍ စီရင် စေသည်၊ ကျွန် တော် မျိုး ဆင်း ရဲသား တို့တရား စကား အရှုက်အတင်ရှိ၍တရား သူကြီး တို့မှာအစီရင် ခံလာလျှင်မနုဓမ္မသတ်ကိုကိုင်၍ စီရင်၊ မ တွေ့လျှင်မ နောသာရ ရွှေ မျည်း လေး စောင်တွဲကိုကိုင်၍ စီရင်၊ မ တွေ့လျှင် ဘေး လောင်း တော်မင်း တရား လက်ထက် တော်ကိုင်း စား မနုရာဇာတို့စီရင်ထုံး သို့လိုက်၍ စီရင်ထုံး စီရင်နည်း ရှိသည့်အ တိုင်း စီရင်၊ တရား မဖြစ်တန်မဖြစ် လောက်သည့်အမှုအခင်း ကိုအမှုသည်တို့ မော ဟ ဂတိသို့ လိုက်၍အစီရင်ခံလာ သော်လည်း မစစ်မ ကြော မစီမရင်နှင့်၊ အကျိုး အ ကြောင်း ကိုပြသ ပြောဆိုရမည်၊ သို့မှား ကိုအမြဲနှလုံး သွင်း ၍တံ ဆိုးသုံး ပါး ဂတိ လေး ပါးသို့ မလိုက်၊ဓမ္မသတ်စာ ဟောင်း ထုံး စံရှိသည်အတိုင်း တရား ကိုနား လည်သည်နှင့်အ ညီ တော်တည့် ဖြောင့်မတ်စွာ စီရင်။

(သက္ကရာဇ်၁၁၉၉နယုန်လဆန်း (၁)ရက် နေ့ပြန် ။ (4) May 1837

(မျိုး ကြည့်၊ ပု၊ ၁၀၄၉၊ ရေစကြိုနှံ တော်ဖြတ်ထုံး ၊ ၁၉၆၅၊ စာ၉၁-၂၊ ရွှေနန်း သုံး ဝေါဟာရအဘိဓါန်၊ ၁၉၇၅၊ စာ၇၁-၂၊ လွှတ် တော်မှတ်တမ်း ၁၉၇၇၊ စာ၂၁)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ မင်း ကြီး မဟာမင်း လှဗန္ဓုကျော်ကိုဝန်ကြီး ခန့်တော်မူသည်၊
သို့ခန့်တော်မူကြောင်း လည်း မင်း ကြီး မဟာမင်း လှဗန္ဓုကျော်သည်မင်္ဂလာအိမ်
တော်စံတော်မူသည်ကပင် ကျေး ဇူး သစ္စာတော်နှစ်ပါး ကိုစောင့်သိရိုသေစွာ
အမှုတော်ကိုထမ်း ရွက်သည်၊ ရွှေလက်ထက်တော်တွင်လည်း မသွေမဖီအမှုတော်ကို
ဖြောင့်ဖြောင့်ရိုး ရိုး ကျိုး စား အား ထုတ်ထမ်း ရွက် သော ကြောင့်အမည် နေ
ရာအဆောင်အရွက်အထိုက်အလိုက်သနား ပြုစု တော်မူသည့်အတွင်း မှုအပြင်မှုမှ စ
၍ခပ်သိမ်း သော စီရင်ဘွယ်စီရင်ခင်း အလုံး စုံကိုကြွမ်း သိနား လည်သသူအထူး
သဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ် သော ကြောင့်မင်း ညီမင်း
သား မှူး တော်မတ်တော်ကျွန်တော်မျိုး အပေါင်း တို့တွင်အကြောင်း အရည်ကို
ရွေး ချယ်စီစစ် တော်မူ၍အဂ္ဂမဟာ သေနာဓိပတိအချုပ်ကြီး အကိုင်ကြီး တို့အရာ
နှင့်ဝန်ကြီး ခန့်တော်မူသည်၊ ဝန်ကြီး ဆိုသည့်အရာသည်ငါအသျှင်ထေရာဇ်မင်း
မြတ်တို့တွင်ရာဇဓာနီ ရွှေပြည်တော်ကြီး မှစ၍အခြံအရံများ သောတိုင်း နိုင်ငံ
အနီး အဝေး ပြည် ရေး ရွာ မှုခပ်သိမ်း သော စီရင်ဘွယ်စီရင်ခင်း အလုံး စုံကို
မျှော်ထောက်၍သာသနာ တော်ထွန်း ပပွင့်လင်း ကြောင်း အကျိုး စီး ပွါး များ
၍သား တော်အစဉ် မြဲ တော်အဆက်တိုင်း ကား နိုင်ငံ တော်စည်ပင်သာယာ
ကြောင်း များ ကိုအမြဲနှလုံး သွင်း ၍ဓမ္မဝတ်ရာဇဝတ် လောကဝတ်အကြောင်း
သုံး ပါး ကိုကြွမ်း သိနား လည်သည်နှင့်အညီ ရွေး အဂ္ဂမဟာ သေနာဓိပတိတို့အင်ကို
ထောက်၍ ဝန်တို့နှင့်ညီညွတ်စွာခန့်ထား စီရင်။

(4) May 1837

သက္ကရာဇ် ၁၁၉၉ နယုန်လဆန်း(၁)ရက် နေ့

မင်း ကြီး မဟာသီဟသူ ဝမှာ ငှင်း နည်း

ဝန်ကြီး မင်း ကြီး မဟာတရဖျား ဝသည်မဟာ ဆွေတော်ကြီး မျိုး တော်ကြီး ဖြစ်
သော ကြောင့်

(မှန်း ကြည့်၊ ပု၊ ၆၁၀၊ ၁၀၄၉၊ မကွေး လှပါရီ)

တုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ဝန်ထောက်မဟာမင်းလှသီဟသူကိုမြင်း စုကြီး ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း မဟာမင်းလှသီဟသူသည်ဘိုး တော်ဘုရား လက်ထက်ဝန်စုဝန်ငန်း နှင့်သူ ကောင်း ပြုတော်မူသည်၊ နောင်တော်ဘုရား လက်ထက်တွင်လည်း ဝန်ထောက်အရာနှင့်သူ ကောင်း ပြုတော်မူသည်၊ ဘုရား လက်ထက်တော်တွင်လည်း အမှုတော်ကို ဖြောင့်ဖြောင့်ဖိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက်သော ကြောင့်မြင်း စုကြီး ဝန်ခန့်တော်မူသည်၊ မြင်း စုကြီး ဝန်ဆိုသည့်အရာ သည်ငါ့အသျှင်ဓေကရာဇ်မင်း မြတ်တို့တွင် သွေး သောက်စုမြင်း အမှုထမ်း တို့ကိုစား ပိုစား တာလယ် မြေနှင့်အစုအကွက်ချထား ထမ်း ရွက်ရသည်၊ မပြတ်မလပ်လည်း အဝေး အနီး အမှုတော်ကိုမြင်း ရှိမြင့်မဲ့ထမ်း ရွက်ကြရသည်၊ အမှုထမ်း ကြီး ဖြစ်သည်၊ သွေး သောက်စုမြင်း ထော်သည်တို့တွင်မြင်း စီး မြင်း ငေါင်း ပေး အပ် ခန့်ထား မြဲအတိုင်း ညီညွတ်စွာထမ်း ရွက်ကြစေ၊ စီး ခွင်မလစ်စေနှင့်၊ တစုက သည်တစုသို့ ပေါင်း ထွေး ရောရှက်မထမ်း မရွက်စေနှင့်၊ အပေါင်း ညီသား အမျှား ရာပြည့်ရာ ကျော်ရှိလျှင်လည်း အမိန့်တော်တမ်း အတိုင်း ထမ်း အား ရှိသူ တို့ကိုမြင်း စီး ခွင်နှင့်ထား ၊ မြင်း ပွါး ၍ထမ်း ရွက်စေ၊ စီး ခွင်စား တာမြေ မှာလည်း မြင်း စီး မြင်း ခေါင်း တို့ကို ပေး ချသနား တော်မူသည့်အတိုင်း လုပ်စား ကြစေ၊ သောက်စမြင်း တော်သည်တို့တွင်အစုအရည်မကူး ရာ၊ တစုတငန်း သား တို့မှာမရောမနှောမစပ်မရှက်စေနှင့်၊ မြင်း စီး ခွင်မလပ်ရှိလျှင်လည်း သား ညီဆိုင်သင့်ရာစစ်ကြော၍စီး ထမ်း စေ၊ သား ညီမရှိလျှင်လည်း အပေါင်း ကြီး တမ်း ရည်ရှိသူတို့စီး ထမ်း စေ၊ သွေး သောက်စုမြင်း တော်သည်တို့ကိုအမှုတော်ကိုထမ်း ကုံနိုင်အောင်မစ၊ သွေး သောက်စုမြင်း တော်သည် ၊တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ်အောင်ငယ်သည့်စကား ကိုပပျောက်အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(4 May 1837)

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၁ ရက်နေ့နား ခပြန်)။

(မြို့ကြည့်၊ ပု၊ ၆၁၀၊ ၁၀၄၉)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဋ္ဌန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ သမီး တော်ဝန်မဟာစည်သူ ကျော်ထင်ကိုဝန် ထောက်ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မဟာစည်သူ ကျော်ထင်သည် ကျေး ဇူး သစ္စာတော်မြတ်နှစ်ပါး ကိုစောင့်သိ၍ သစ္စာအမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက် သော ကြောင့်အထိုက်အလိုက်အရာအထူး နှင့်သူ ကောင်း ပြုတော်မူသည်၊ ရွှေသို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုကြိုး စား အား ထုတ်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့် ဝန်တို့ကို ထောက်မလှုံ့ ဆော်စိမ့်မည်ဝန် ထောက်ခန့် တော်မူသည်၊ ဝန် ထောက်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်ဝန်တို့သည်ပြည် ရေး ရွာမှုမှစ၍ ခပ်သိမ်း သောစီရင်ဘွယ်စီရင်ခင်း အလုံး စုံကိုမလစ်မဟင်း ရအောင် ရှေ့နောက် မျှော် ထောက်၍ ခန့်ထား စီရင်ရန်အလွန်ကျယ်ဝန်း လှ လေသည်၊ သို့ကျယ်ဝန်း လျှင်လည်း ရန်ဘန်ရံခါ မေ့ကျန်သည့်အရာ မေ့ကျန် လေတန်ရာသည်၊ ဝန်တို့စီရင်ခန့်ထား သည့်အရာများ တွင် မေ့ကျန်သည့်အရာရှိ လေလျှင်သတိရှိသည့်အတိုင်း သည်အရာမှာမည်သို့အစီရင်ခံရာတွင်မည်သို့စီရင်၍ ရှိသည်၊ သည်အချက်မှာ မည်သို့ရှိနိုး သံတော်ဦး တင်ရာတွင်အမိန့်တော်ဗျာဒိတ် တော်အတိုင်း စီရင်ပြန်ဆိုမှာထား ၍ ရှိသည်၊ ပြသ၍ ဝန်တို့မှာအစီရင်ခံ၊ လွှတ်တော်ရုံး တော်သည့်ကျွန်တော်မျိုးဆင်း ရဲသား တို့ကိုး ကွယ်ရာဖြစ် သော ကြောင့်တ ယောက်ကိုတ ယောက်ညှဉ်း ပန်း နှိပ်စက်သည့်အမှုမှစ၍ ခပ်သိမ်း သောအမှုအကြောင်း အရာလွှတ်တော်မှာအစီရင်ခံသည့်အမှုအရပ်ရပ်နိုင်ငံ တော်မြို့ပြ ကျေး ရွာအနီး အဝေး များ ကအစီရင်ခံ ရောက်သည့်အရာ များ မှာလည်း မ ထွေး မရှက် စေရ၊ စင်ကြယ် အောင် မေး မြန်း စစ် ကြော၍ ဝန်တို့ကိုအစီရင်ခံသည့်အရာ များ မှာလည်း မ ထွေး မရှက် စေရ၊ စင်ကြယ် အောင် မေး မြန်း စစ် ကြောတွက်ဆချက်နှင့် စကား အရာကို ထောက်၍လှုံ့ ဆော်ရမည်၊ မင်း ညီမင်း သား မှူး တော်မတ် တော်မှစ၍အမှုထမ်း ကျွန်တော်မျိုး အပေါင်း တို့မှာလည်း အမှုတော်ကိုညည့် နေ့ကြိုး စား အား ထုတ်မပြတ်မလပ်ထမ်း ရွက်၍သနား တော်မခံရကြွင်း ကျန်သည့်အရာရှိလျှင်လည်း မည်သူသည်

မည်သို့အမှုတော်ကိုထမ်း ရွက်ရည်ရှိသည်အချက်များ ကိုလည်း ဝန်တို့ကိုပြသ၍အစီရင်ခံ၊ အလုံး စုံစီရင်ခင်းစီရင်ဘွယ်ရှိသမျှကိုဓမ္မဝတ်ရာဇဝတ် လောကဝတ်ကိုကြွမ်းသိနှံ့လည်သည်နှင့်အညီမပြတ်မလပ်လုံ့ဆော်စီရင်ရမည်။

(4 May 1837)

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၁ရက် နေ့)

(မျိုးကြည့်၊ ပု၊ ၁၀၄၉)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ စကြာရတနာသခင်ငါအသျှင်ကေရာဇာမင်း မြတ်သည်ဖြည့်ကျင့်အပ်သော ပါရမီတော်မြတ်ကြောင့် ရွှေ စကြာမန္ဓာတ်မင်း တို့ဝယ်ရအပ်သော ဆဒ္ဒန်စကြာဆင်ဖြူရတနာကဲ့သို့သကြား နတ်တို့ဆက်သပို့ ရောက်သည့်ဆဒ္ဒန်ဆင်မင်း ကိုနော်ရထာပျံချီကိုဆဒ္ဒန်ဆင်မင်း ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း နော်ရထာပျံချီသည် ကျေးဇူးသစ္စာ တော်နှစ်ပါး ကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါထမ်း ရွက်သော ကြောင့်အထိုက်အလိုက်အရာအထူး အဆောင်အရွက်သနား တော်မူ၍အရည်အလျောက်ခန့်ထား ပြုတော်မူသည်၊ ရွှေသို့လည်း ခန့်တော်မူသမျှအမှုတော်ကိုမသွေမဖီထမ်း ရွက်ထိန်း အုပ်စီရင်နိုင်မည့်စီရင်ခင်း စီရင်ဘွယ်အလုံး စုံကိုကျွမ်းသိနား လည်သူယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်၍ဆဒ္ဒန်ဆင်မင်း ဝန်ခန့်တော်မူသည်၊ ဆဒ္ဒန်ဆင်မင်း သည်ဘိသိက်သွန်း ခြင်း မင်း အဖြစ်ကို ပေး၍ဆဒ္ဒန်ဆင်မင်း ကိုအထူး သဖြင့်ချီး မြှင့်ပြုစု တော်မူသည်၊ ကျေး ကျွန်သင်း ပင်း မြို့ပြ ကျေး ရွာအ ဆောင်အရွက်ဆင်ယင်သည့်တံဆာဆင် ခြေဘုံး ဝင်း ကိုယ်ရုံအတီးအမှုတ်တံ ကျွေး ကန္နား အစုအငန်း အများ ရှိသည်၊ ဆဒ္ဒန်ဆင်မင်း တွင်မြက် ရေအဆက်အ ပေး အအိပ်အစက်အရပ်အ နေအညစ်အ ကြေး သန့်ရှင်း ရန်ရှိသည်များကိုတနေ့မပြတ်အချိန်အခါမှန်ကန် အောင် စောင့်ကြပ်ကြည့်ရှုသန့်ရှင်း စင်ကြယ်စေ၊ ရေဆက် ပေး သုံး သပ်ချိန် ရောက်လျှင်လည်း သနား တော်မူသည့်အဆောင်အရွက်အတီး အမှုတ်ဆင် ခြေဘုံး ဝင်း ကိုယ်ရုံ တော်များ ကိုစီရင်ခင်း ကျင်း တီးမှုတ်စေ၍ ရေဆက် ပေး သုံး သပ်မြဲမြဲဖြစ်ဆိပ် ရောက်ကြပ်မဆက် ပေး သုံး သပ် စေ၊ ရေဆက် ပေး သုံး သပ်ရာကပြန် ရောက်လျှင်လည်း အနေအထား မှန်ကန် အောင်ချထားရပ်နေ စေ၊ ခင်း ကျင်း သည့်အ ဆောင်အရွက် ရွှေထည် ငွေထည်များ ကိုလည်း လုံခြုံအောင်သိမ်း ထား စောင့်နေထိန်း သိမ်း စေ၊ ဆင်ယင်သည့်တံဆာ တော်များ ကိုဆင်ယင်လျှင်လည်း သိမ်း ဆည်း သည့်အချိန် ရောက်သည်ကာလအ စေ့အငုသိမ်း ယူထိန်း သိမ်း မြဲဇိမ်း ယူထိန်း သိမ်း စေ၊ ဆဒ္ဒန်ဆင်မင်း မြက်စား ရေသောက်အ

အိပ်အစက်အရပ်အနေအသွား အလာ ဖြောင့်မှန်ရွှင်လန်း သာယာ အောင်ကို
လည်း မပြတ်မလပ် ပေး မြဲဆေး ကို လျှောက်ထား ကြည့်ရှုဆက် ပေး စေ၊ ကျန်း
မာရွှင်လန်း ကြောင်း များ နှင့်အကြောင်း အရာရှိသမျှကိုလွှတ်တော်မှာ
လျှောက်ထား သင့်သည်အတွင်း တော်မှာတင် လျှောက်သင့်သည်ဆင်ခြင် ထောက်
ချင့်၍ လျှောက်၊ ဆဒ္ဒန်ဆင်မင်း အစား အသောက်အအိပ်အနေ ဖြောင့်မှန်ရွှင်
လန်း ကျန်း မာ အောင်ကိုအမြဲနှလုံး ထား ၍ မပြတ်မလပ် နေ့ညည့်ကြပ်မအုပ်ထိန်း
နှိုး ဆော်စီရင်၊ နေ့ညည့်အစောင့်အနေလူတို့ကိုလည်း အလှည့်သင့် နေ့ည စောင့်
နေ စေ၊ ဆဒ္ဒန်ဆင်မင်း ဝင်း ကိုယ်ဂုံ တော်အစုအငန်း သား ကံ ကျွေး ကန္တား အ
စေအပါး လူတို့ကိုလည်း ရွေး ချယ်စီစစ်၍အမှုတော်ကိုအရှည်ထမ်း ကုန်နိုင် အောင်
နှိုး ဆော်ကြည့်ရှုပြုစုမစသိမ်း ပိုက်၊ သနား တော်မူသည့်ခရိုင်မြို့ပြ ကျေး ရွာကို
လည်း စည်ပင်သာယာ အောင်မြို့ထိန်း ရွာအုပ်ခန့်ထား ၍မစပြုစု၊ ဝင်း ကိုယ်
ဂုံ တော်အစုအငန်း သား ကံ ကျွေး ကန္တား မြို့ပြ ကျေး ရွာ နေလူတို့မှာအမှုအခင်း
စီရင်ခွဲခန့်ရန်ရှိလျှင်အင်း စာရင်း အ သေအချာနှင့်သာနာညီမျှခွဲခန့်စီရင်၊
တရား စကား အရှုက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်
စကား ကိုပ ပျောက် အောင်ဆဒ္ဒန်ဆင်မင်း ဝန်ခန့် တော်မူသည့်အင်ကို ထောက်
၍ ဂတိသို့မလိုက် ဖြောင့်မတ်စွာ စီရင်။

(4 May 1837)

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၁ရက် နေ့)

(မျိုး ကြည့်၊ ပု၊ ၁၀၄၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်+က်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ဝန် ထောက်မင်း ကြီး မဟာသင်္ခယာကိုဆင်ဝန်ခန့်တော်မူသည်၊
သို့ခန့်တော်မူ ကြောင်း လည်း ဝန် ထောက်မင်း ကြီး မဟာသင်္ခယာသည် ကျေး ဇူး
သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိရို သေစွာအမှု တော်ကိုကြိုး စား အား ထုတ်
စိတ်ပါကိုယ်ပါထမ်း ရွက်သည်၊ ဆင်၏လက္ခဏာကိုကြွမ်း သိနား လည်သသူဖြစ်သည်၊ ရှေ့
သို့လည်း ခန့်ထား တော်မူသ မှုအမှု တော်ကိုကုံထွင် အောင်ထမ်း ရွက် မည့်သူယုံမှတ်သ
နား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့်ဆင်ဝန်ခန့် တော်မူသည်၊ ဆင်
ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်ဆင်သည်လက်နက် တော်ကြီး
ဖြစ်သည်၊ စီး တော်ဆင် တော်၊ ရွှေး ဆင် တော်၊ ထမ်း ဆင် တော်၊ ဝင်း ဆင်
တော်မှစ၍အရပ်ရပ်ဆင် တော်များ ကိုမြက်စား ရေ သောက်အအိပ်အ နေ ဖြောင့်
မှန် အောင်ဦး စီး နောက်ပဲ့တို့ကို မပြတ်ကြည့်ရှုနိုး ဆော်၊ မြက်စာတိုင်ကျမြို့ရွာသူ
ကြီး တို့တဆင် တော်များ မှာ ပေး အပ် တော်မူသည့်အတိုင်း မှန်ကန် အောင်ချိန်
ပေး စေ၊ ဦး တိုင်ပဲ့တိုင်နှင့် ထွေး ရော၍မ ပေး မကျွေး နှင့်၊ မြက်စာတိုင်
ပြင်ဦး စီး နောက်ပဲ့တို့ကသာလွန်၍မ တောင်း စေနှင့်၊ ဆင်စချိမြက်စစ်တို့ကို
ဆို၍ကြည့်ရှုမှတ်သား စေ၊ စီး တော်၊ ရွှေး ၊ ဝင်း ၊ ထမ်း ဆင် တော်များသည်
အအိပ်အ နေမြက်စား ရေ သောက်မမှန်၍ တောသို့ချထား သင့်သည့်အရာကိုလည်း
တောသို့ချထား စေ၊ ဦး စီး နောက်ပဲ့တို့သင်း တို့ရပ်ရွာမှာချင့်၍မချမထား
သင့်သည့်အရာကိုချထား ပါမည်အစီရင်ခံ သော်လည်း မချမထား စေနှင့်၊ အတွင်း
တင်း ကုတ်ပြင်တင်း ကုတ် အောက်မှာချည်ထား သည့်စီး တော်ဆင် တော်၊ ဝင်းဆင်
တော်မှစ၍ ရွှေး ဆင် တော်၊ ထမ်း ဆင် တော်များ ကိုဦး စီး ပဲ့နောက်တို့လုံ့လပြု
၍ပွတ်သပ် မွေး ကျွေး သည်မ မွေး ကျွေး သည်ဆင်မှူး ဆင်စချီဆင်ဦး စီး နောက်
ပဲ့ဆင် ဆေး သမား တို့ညည့် နေ့မပြတ်ကြည့်ရှု စောင့် နေသည်မ စောင့် နေသည်များ
ကိုလည်း ကြပ်ကြပ် မပြတ်ကြည့်ရှုနိုး ဆော်၊ မိန်း သစ်ဆင် တော်ရှိလျှင်လည်း သင့်သည့်
သူတို့ကိုဦး ပဲ့ခန့်၍ကြည်းနှိမ် ရေနှိမ်အိမ်အဝင်အထွက်ရလွယ် အောင်စီး နင်း သွန်
သင် စေ၊ သို့များ ကိုအမြဲနှလုံး သွင်း ၍ကြည့်ရှုနိုး ဆော်ရမည်၊ ဆင် တော်ဦး စီး

နောက်ထိုင်မှစ၍ဆင်နှင့်ဆိုင်သမျှအမှုထမ်း တို့ကိုအမှုတော်ကိုထမ်း ကုန်နိုင်အောင်မစ၊ ဆင်အမှုထမ်း တွင်တရား စကား အရှက်အတင့်ရှိလျှင်ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(4 May 1837)

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၁ရက် နေ့)

(မှီး ကြည့်၊ ပု၊ ၁၀၄၉)

ဘုန်း တော်အလွန်ကြီး မြတ် တော် မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ နန္ဒသူရိယကိုကျိုဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူ ကြောင်းလည်း နန္ဒသူရိယသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကိုစောင့်သိ၍ သစ္စာအမှုတော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက်မည့်သူဟုမှတ်သနား တော်မူသည့်ကျွန် တော် မျိုး ဖြစ် သော ကြောင့်ကျိုဝန်ခန့်တော်မူသည်၊ ကျိုဝန်ဆိုသည့်အရာသည် ငါအသျှင် ဧကရာဇ်မင်း မြတ်တို့တွင်အိမ် ထောင် မှုး ကဲ့သို့ဖြစ်လေသည်၊ ပြည်ကြီး၊ မစိုး ရိမ်၊ မ တောင့်တ၊ ခန့်တိုင်း ရကျို တော်မှစ၍အရပ်ရပ်ကျို တော်များ မှာ နိုင်ငံ တော်အရပ်ရပ်မြို့ ကျေး ရွာ များ က ရေ ကြောင်း ကြည်း ကြောင်း ဘို့ တော် ခွန် တော်ဆက်သွင်း ရသည့်စပါး တော် ရွှေနန်း ရိုး လုပ်လမိုင်း တော်မှစ၍အရပ်ရပ်လမိုင်း တော် ရေ ခွန် တော် စပါး တော်ဆက်သွင်း ကြရသည်၊ တံဆိပ် တော်ရဆရာ တော်၊ ပီဋကတ် တော် မ၊ စာတည်း ၊ သဃ်ာ တော်ကျွရန်လဝတ်ဆန်မှစ၍အရပ်ရပ်ရိပ္ဗာ တော် ပေး သုံး တော်မူသည်အရာများ လည်း ရှိသည်၊ အရပ်ရပ်ကျို တော်မျိုး စပါး သုံး တော်မူသည့်စပါး များ ကိုစာရင်း ပေရင်း သေချာ အောင်ကျိုစိုး ကျိုစာ ရေး တို့ကိုမှတ်သား စေ၊ ကျို တော်များ ကိုမိုး ရေလွတ် အောင်အ ပေါက်အယိုမရှိ အောင်မပြုတ်ကြည့်ရှုပြင်လုပ် စေ၊ သော့ပ နောက်ကိုမြဲမြံ သေချာ အောင်ခပ်ထား စေ၊ အရပ်ရပ်ကသွင်း သည့်စပါး တော်မှာလည်း စာရင်း ရှိသည့်အတိုင်း အဖျင်း မပါသည့်စပါး ကိုမှန်ကန် အောင်ချင့်တွက်၍သွင်း စေ၊ ကျိုစိုး ကျိုစာ ရေး သော့ကိုင်တင်း နှီး ထသုတ်တိုက်ကျိုသား တို့စားရိုး မှာလည်း အစဉ်အရိုး ရှိသည်ကိုသာ ပေး စေ၊ စား စေ၊ သာလွန်၍မပေး မစား စေနှင့်၊ ကျို တော်များ တွင် နေ့ညည့်အမြဲ စောင့်နေ စေ၊ ကျို တော်စပါး များ ကိုမယိုမယွင်း စေရ၊ ကြပ်ကြပ်လုံ့လ ဝိရိယပြုရမည်၊ အကျိုး အ ကြောင်း ကိုပြသ၍ကျိုဝန်တသိသာနား လည် အောင်ဆိုရမည်၊ ကျို တော်အမှုထမ်း ကျိုသား တို့ကိုလည်း အမှုတော်ကိုထမ်း ကုံနိုင် အောင်မစ၊ ကျို တော်အမှုထမ်း ကျိုသား တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပပျောက် အောင်ဂတိသို့မလိုက် တော်တည့် ဖြောင့်မတ်ညီညွတ်စွာစီရင်။

(4 May 1837)

(4 May 1837)

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၁ရက် နေ့)

(မှုံးကြည့်၊ ပု၊ ၁၀၄၉)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအ မိန့်တော်ရှိသည်၊ ကျော်တင်သခ်ယာကိုအနောက်ဝန်ခန့်တော်မူသည်၊ သို့ခန့် တော်မူကြောင်းလည်း ကျော်တင်သခ်ယာသည် ကျေးဇူးသစ္စာတော်နှစ်ပါးကို စောင့်သိရို သေစ္စာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ထမ်းရွက်မည့်သူ ရှေ့သို့ လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုမ သွေမဖီထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သောကြောင့် အနောက်ဝန်ခန့်တော်မူသည်၊ အ နောက်ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်အနောက်အတွင်း တော်အသုံး တော်အလိုရှိ၍ဆင့်ကဲတောင်း ဆိုသမျှကိုဆိုင်ရာပြန်ဆိုဆင့်ကဲ၍သွင်း ဆက်ရသည်၊ အနောက်ရုံး တော်တွင်လည်း သွေး သောက်စု၊ မြင်း စု၊ ရုံး စေ မှစ၍သူငယ်တော်၊ သပေါက်တော်၊ ကြေး ဘဏ္ဍာ၊ နွား ဘဏ္ဍာအရပ်ရပ်အစုအ ငန်း နှင့်ဆိုင်ရာအမှုတော်ကို နေ့စဉ်လစဉ် မပြတ်ထမ်း ရွက်ရသည်၊ အနောက် အတွင်း တော်၊ တောင်ဝင်း၊ မြောက်ဝင်း၊ အောက်အိမ်များ မှာ မသင့်မ တင့်လျှင်လှဲခါသုတ်သင်ရှင်း လင်း ရန်ရှိသမျှကိုအနောက်ဝန်မပြတ်ဝင်ထွက်ကြည့်ရှု ဆော်ဘန်စီရင်ရသည်၊ အနောက်အတွင်း အိပ်လှည့်အိပ်ဘန်အဝေါင့်အနေနှင့် ထမ်း ရွက်ရသည့်သူငယ်တော်၊ သပေါက်တော်တို့နှင့်အရပ်ရပ်အမှုထမ်း တို့ကိုနှိုး ဆော်ခန့်ထား၍ စောင့်နေထမ်း ရွက်စေရသည်၊ သို့မှား ကိုအမြဲနှလုံး သွင်း ၍အမှုတော်ပြီး ပြေကုန်တွင် အောင်နှိုး ဆော်စီရင်၊ အနောက်ဝန်တို့စီရင်နက် အမှုထမ်း တို့ကိုလည်း အမှုတော်ကိုထမ်း ကုန်နိုင်အောင်မစ၊ အနောက်ဝန်တို့စီ ရင်နက်အမှုထမ်း တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ်အောင်၊ ငယ်သည့်စကား ကိုပပျောက်အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(4 May 1837)

(သက္ကရာဇ်၁၁၉၉ ခုနယုန်လဆန်း ၁ရက်နေ့)

(မှီး ကြည့်၊ ပု၊ ၁၀၄၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည် နေ မျိုး ရာဇ ကျော်စွာကို ဘောင်ဝန်ခန့် တော်မူသည်သို့ခန့် တော်မူ ကြောင်း လည်း နေမျိုး ရာဇ ကျော်စွာသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို သေစွာအမှု တော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကျိုး စား အား ထုတ်ထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှု တော်ကိုမ သွေမဖီထမ်း ရွက်မည့် သူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့် ဘောင်ဝန်ခန့် တော်မူသည်၊ ဘောင်ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင် ဘောင် တော် လှေ တော်ဆိုသည့်အရာသည်ရာဇဒွာနီ နေပြည် တော်ကြီး သနစ်ဖြစ်၍ဧကရာဇ်မင်း မြတ် ရေ ကြောင်း သွား လာ စံပယ် တော်မူရန်ဖြစ်သည်၊ ဘောင် တော် လှော်ကား သမ္ဗန်သင်္ဘောဒါန်မှစ၍ လှေ တော်များ ကိုမ သွေး မခြည့်မကျိုး မပဲ့မပျက် မစီး စေရအထား အနေသင့်ရာလုံခြုံစွာထား ရသည်၊ ဘောင်စာ ရေး ဘောင် တော်သား တို့ကိုလည်း စောင့် နေကြည့်ရှုစေ၊ တရဝိယ် ဘောင် တော်ကြီး ၊ ဇီဝတိုး ဘောင် တော်ကြီး ၊ ပဥ္စရူပ ဘောင် တော်ကြီး များ မှာမြစ်နား ဆိပ်နား တွင် ဖြစ်သည်၊ ဦး ပဲ့ကြိုး ကျား နိုင်လုံ အောင်ထည့်ထား စေ၊ လေရိပ်မိုး ရိပ်ရှိလျှင်ရှိသျှောက်၊ လုံ့လဝိရိယတိုး ၍ပြုရမည်၊ အလုံး စုံ ပြေလည် အောင် နှိုး ဆော်ခန့်ထား ၊ ဘောင် တော် လှေ တော်သား တို့မှာတရား စကား အရှုက်အတင်ရှိလျှင်လည်း မပွါး မများ စေရ၊ ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင် ဂတိသို့မလိုက် ဖြောင့်မတ်စွာစီရင်။

(4 May 1837)

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၁ရက် နေ့နား ခ နေမျိုး နော်ရထာ တွင်ပြန်)။

နေမျိုး ရဇ္ဇသူရကို ဘောင်ဝန်ခန့် တော်မူသည်မှာ ၄င်း နည်း ပြန်တမ်း အဝ်ရသည်။
(မျိုး ကြည့်၊ ပု၊ ၆၁၀၊ ၁၀၄၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဋ္ဌန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ မင်း ကြီး မဟာမင်း ခေါင် ကျော်ထွာကို မိုး နဲ့ဗိုလ်မှူး ခန့်
တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း ယံလွင်အ ရှေ့ဘက်ကျိုင်း သည်၊ ကျိုင်း
ချိုင်၊ ကျိုင်း တုံ၊ မိုင်း လျှည်း အရပ်အ နေမှ စ၍ ဝိုင်း ပြု ရှိ နေသည်၊ ဇင်း မယ်ဥ ရ
ခရိုင်မြို့ ကျေး ရွာကျွန် တော်မျိုး အမှုထမ်း တို့ယည် ကျေး ပျပ်ဝပ် အောင်လှမ်း ကမ်း
ဆင့်ဆိုယိမ်း ပိုက်အုပ်ထိန်း ရမည့်အ ကြောင်း များ ပြား သည်ဖြစ်သည်၊ ရွှေဘဝါး
တော် အောက်က ရွှေလှံအစုလု ၁၀၀၊ လင်း ဇင်း သေနတ်လု ၁၀၀၊ ငွေထား ကိုင်
၅၀၊ ငွေလှံကိုင် ၅၀၊ ခံစစ်အုပ်စုမြင်း ၅၀၊ တိုက် တော်ထုတ် သေနတ် ၁၅၀၊ ယမ်း
ပြီး ချိန်ရ ၅၊ ကျည် စေ့ ရ ၅၀၀၊ မီး ကျောက်မြား ရေ ၄၅၀ စည်း ကြပ် ပေးအပ်
ခန့်ထား ချီသွား ထမ်း ရွက် စေ ကြောင်း ဖြစ်သည်၊ မိုး နဲ့တပ် တော်သို့ ရောက်
လျှင်အထက်ဆင့်ဆိုရင်း အ ရေး အ ကြောင်း ရဲမက်လက်နက်ကိုင်အ -စောင့်အ နေအ
နှာအထား မှ စ၍အလုံး စုံကိုအတပ်အကြပ်သိရ အောင် မေး မြန်း ပြီး လျှင် ရွှေဘ
ဝါး တော် အောက် လျှောက်ထား လာ စေ၊ မိုး နဲ့တပ် တော်တွင်ရှိရင်း အမှုထမ်း
သူရဲသူခက်ရဲမက်လက်နက်ကိုင် သေနတ် ဆေး ခဲယမ်း မီး ကျောက်တပ်ဦး တပ်ဖျား
ထား ကင်း အ စောင့်အ နေ များ မှာ မလစ်မလပ် စေရ၊ ဆင့်ကဲအုပ်ကွပ် စောင့်
ထိန်း စေ၊ ဗိုလ်တပ် စစ်ကဲနား ခံတပ် ရေး ခန့်ထား ရန်မှာ မိုး နဲ့တပ် တော်တွင်
အမှုတော်ကိုထမ်း ရွက်သည့်အမှုထမ်း ကျွန် တော်မျိုး လည်း ရှိသည်၊ ရွှေဘဝါး တော်
အောက်ကအမှုတော်ကိုလိုက်ထမ်း ပါမည့်ရှိခိုး ယံ တော်ဦး တင်၍လိုက်ထမ်း သူလည်း
ရှိသည်၊ စစ်ကဲနား ခံတပ် ရေး ခန့်ထား ရန်မှ စ၍တပ်ရှိမြန်မာလက်နက်ကိုင်
ရှမ်း လက်နက်ကိုင်ထား ကင်း အ စောင့်အ နေ များ ကိုမှန်ကန် အောင်စစ် ဆေး
၍ ရွှေဘဝါး တော် အောက်ရှိခိုး ယံ တော်ဦး တင်လာ စေ၊ စစ် ရေး စစ်မှုရှိလျှင်
လည်း နေ့ညမလစ်မလပ်နှစ်လုံး သွင်း ၍ထမ်း ရွက်မှ ပြေကုန် မည်ဖြစ်၍တစ မလစ်
စစ်ကဲနား ခံတပ်ဂိုတပ်မှူး တို့နှင့်နှစ်လုံး မကွဲတစိတ်တဝမ်း တည်း အသက်ဦး လည်
မငဲ့မသုန်စွန့်စား ထမ်း ရွက်သည်ဖြစ်မှတဘက်ရန်သူကိုနှိမ်နှင်း ရှင်း လင်း အောင်
မြင်နိုင်၍အကျိုး တော်ရှိမည်ဖြစ်သည်၊ သူရဲသူခက်ရဲမက်လက်နက်ကိုင်တို့မှာလည်း စိတ်

နှစ်လုံး ရှင်လန်း စွာတိုက် ရေး လံ ရေး ကျွမ်း သိနား လည် အောင်ကိုသာဆင့်ဆို
စီရင်သွန်သင် စေ၊ ဆင်မြင်း အ မြောက် သေနတ်လက်နက် ကိရိယာဘဏ္ဍာ တော်
များ မှာလည်း မယိုမယွင်း မလစ်မဟင်း စေရ၊ စေ့ငု အောင်ထိန်း သိမ်း စေ
၍ မကောင်း ဟောင်း နွမ်း သည်ကိုတ နေ့မပြတ်ကြည့်ရှုပြင်ဆင်ထိန်း သိမ်း စေရ
မည်၊ တိုက် ရေး လံ ရေး ရှိ၍တိုက်လံလုပ်ကြံလျှင်လည်း တော်သင့် အောင်တိုင်း တာ
မှတ်သား ထုတ် ပေး သုံး ဆောင် စေ၊ မိုး နဲတပ် တော် မှ စ၍ ရှမ်း ပြည် မြေလပ်
စော်ဘွား မြို့စား တပ် ပေါင်း စား တို့တွင်မြို့အင်ရွာအင်ကို ထောက်၍ ရဲမက်လက်
နက်ကိုင် မျိုး ဂိုဏ်ဘာတညီတညွတ်ဖြစ် အောင်ခန့်ထား စီရင်ရန်အ ရေး များ ပြား
ကျယ်ဝန်း သည်ကိုနှလုံး သွင်း ၍အကျိုး တော် မယုတ်မ လျော့မြို့ရွာ မပင်မပန်း စေ
ရ၊ ညီညွတ်စွာ ပြေကုန်၍အကျိုး တော်ရှိ အောင်စည်း ကြပ်စီရင်၊ အုပ်စုဟပ်ပါရဲ
မက်လက်နက်ကိုင် မှ စ၍ နိုင်ငံ တော် ရှမ်း ပြည် မြေလတ် စော်ဘွား မြို့စား တပ် မှူး
စစ်ကဲအရာရှိတို့ ကြေး ငွေပန္နာသစ်သီး တလုံး ဟင်း ရွက်တချပ် မှ မလျှပ်မ ပေါက်
မစား မယူ စေနှင့်၊ ထန်း ရည်အရက်စိန်ပင်ဘင်း ဘိန်း က ဇော် လှော်ဇာဖဲ
ကြွေအံ မှ စ၍ မ သောက်မရှုမ လောင်း မစား ကြ စေနှင့်၊ ကြပ်ကြပ်တည်း တည်း
စစ် ကြောစီရင်၊ အရပ်ရပ်အ ရေး အ ကြောင်း ရှိသမျှကိုလည်း မပြတ်ကြား သိ တော်
မူရ အောင် လျှောက်ထား လာ စေ၊ စီရင်ခင်း စီရင်ဘွယ် ရှိသမျှကို ငါအမိန့် တော်
ရှိသည့်အတိုင်း မလစ်မဟင်း မယွင်း မယို စေရ၊ ကြပ်ကြပ်တည်း တည်း ဆင့်ဆိုစီရင်၊
အမိန့် တော်မှတ်စာ ပေး အပ်သည့်အတိုင်း မကုန်မကွင်မလစ်မဟင်း ယွင်း ဖို့ရှိရ
လျှင်ဗိုလ်မှူး တပ်မှူး စစ်ကဲနား ခံတပ် ရေး အကွပ်အကြင်တို့ကိုရာဇဝတ် တော်
ကြောင်း အ လျှောက်စီရင်။

သက္ကရာဇ်၁၁၉၉ခုနယုန်လဆန်း ၁ရက် နေ့နား ခံ နေ မျိုး နေ်ရထာ [4 May 1837]
အပ်၍သွင်း ၊ သက္ကရာဇ်၁၁၉၉ခုနယုန်လဆန်း ၃ရက် နေ့ဝန် ရှင် တော်ပကိုး မြို့ [6 May 1837]
စား မင်း ကြီး ၊ စလေပုခန်း ငယ်မြို့စား မင်း ကြီး ၊ ဝန် ထောက် တော် ရေနံ
ချောင်း မြို့စား မဟာမင်း လှ ကျော်ထင်၊ ပြင်စည်မြို့စား မဟာမင်း လှရာဇာ၊
အစုံအညီတွင် ရှေ့ရုံး တော်ကွမ်း စင်တွင်း မှာနား ခံ နေ မျိုး နန္ဒမိတ် ရွှေ တောင်

4 May 1837

ပြန်၍အပ်သည်ပြီး လျှင်အိတ်နီသွတ်၍မြစ်စဉ်ဝန်ဆင်စီး ၍ ဗိုလ်မှူး ရှေ့က ဆောင်ယူ
သွား သည်။
(မှိုး ကြည့်၊ ပု၊ ၆၁၈)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဋ္ဌန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ကိုဝန် ငွေခွန်ဝန်မင်းကြီး မဟာသီဟသူကိုဝန်ကြီးခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း မင်းကြီး မဟာသီဟသူသည် နောင်တော်ဘုရား လက်ထက်တော်တပင်ကျေးဇူး သစ္စာတော်မြတ်နှစ်ပါးကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး စိတ်ပါကိုယ်ရောက်ထမ်းရွက်သောကြောင့်အမည်နေရဝအထိုက်အလိုက်သနားပြုစုတော်မူသည်၊ ငါ့ရွှေလက်ထက်တော်တွင်လည်း အတွင်းဝန်ကိုဝန် ငွေခွန်ဝန်အရာနှင့်အမှုတော်ကိုမသွေမဘည်ကြိုးစား အားထုတ်ထမ်းရွက်သည်၊ အတွင်းမှုပြင်မှုမှစ၍ခပ်သိမ်းသော စီရင်ဘွယ်စီရင်ခင်းအလုံးစုံကိုကျွမ်းသိနားလည်သသူအထူးသဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုးဖြစ်သောကြောင့်မင်းညီမင်းသားမှူးတော်မတ်တော်ကျွန်တော်မျိုးအပေါင်းတို့တွင်အကြောင်းအရည်ကိုရွေးချယ်စီစစ်တော်မူ၍အဌမဟာသေနာဓိပတိအချုပ်ကြီးအကိုင်ကြီးတို့အရာနှင့်ဝန်ကြီးခန့်တော်မူသည်၊ ဝန်ကြီးဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်ရာဇဌာနီရွှေပြည်တော်ကြီးမှစ၍အခြံအရံများ သောတိုင်းနိုင်ငံအနီးအဝေးပြည်ရေးရွာမှုခပ်သိမ်းသောစီရင်ဘွယ်စီရင်ခင်းအလုံးစုံကိုမြှော်ထောက်၍သာသနာတော်ထွန်းပပွင့်လင်းကြောင်းအကျိုးစီးပွါးတော်များ၍သားတော်အစဉ်မြေးတော်အဆက်တိုင်းနိုင်ငံတော်စည်ပင်သာယာကြောင်းများကိုအမြဲနှလုံးသွင်း၍ဓမ္မဝတ်ရာဇဝတ်လောကဝတ်အကြောင်းသုံးပါးကိုကျွမ်းသိနားလည်သည်နှင့်အညီရှေးအဌမဟာသေနာပတိတို့အင်ကိုထောက်၍ဝန်တို့နှင့်ညီညွတ်စွာခန့်ထားစီရင်။

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၁ရက်နေ့နား ခံပြောကြီး မှူး ထွင်ပြန်) (4 May 1837)

(မှီးကြည့်၊ ပု၊ ၁၀၄၉၊ ကန်း ၊ တတိယ၊ ၁၀၇)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အ
မိန့်တော်ရှိသည်၊ သဲအင်း ဆရာတော်ကြီး သည်ဝိနယကတ်သုံး ပုံကို ချောက်ချား စေ
လျှက်ပရိယတ်ပဋိပတ်ပဋိဝေဒတည်း ဟူသောသာသနာ တော်အစီး အပွါး များစေ
ကြောင်း ကိုဖြည့်စွမ်း ရွက်ဆောင် တော်မူသည်၊ အကျင့်အာစရိယသီလဝိသုဒ္ဓိသမာဓိ
ဝိသေသဂုဏ်အထူး နှင့်ပြည့်စုံ တော်မူသောသက် တော်ကြီး ဝါတော်ကြီး ပုဂ္ဂိုလ်သူမြတ်
ဖြစ်၍သဒ္ဓမ္မဝံသာဘိသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ် တော်ရသဲအင်း
ဆရာ တော်ကြီး ကိုသာသနာပြုအပ် တော်မူသည်။

8 May 1837

သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၅ရက် နေ့သုဓမ္မာစရပ် တော်တွင်နား
ခံ နေမျိုး နော်ရထာ တွင်ပြန်။
(မျိုး ကြည့်၊ ပု၊ ၆၁၄)

8 May 1837

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ သာသနာပြုဆရာ တော်ကြီး ကိုပုခန်း ကြီး မြို့အဝင်မြင်း တင်ရွာကိုအလုပ်အ ကျွေး အပြုအစုထား တော်မူသည်၊ မင်း မှုမင်း ခင်း အခန့်အထား မရှိ စေနှင့်၊ သာသနာပြုဆရာ တော်ကြီး ကိုလုပ် ကျွေး ပြုစု စေ။

8 May 1837

သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၅ရက် နေ့သုဓမ္မာစရပ် တော်တွင်လက်ဝဲဝင်း တော်မှူး မင်း ကြီး မဟာရန်ငုသီဟသူပြန်အမိန့် တော်၊ အတွင်း ဝန်မဟာမင်း လှ ကျော်သူ ရွှေသံ တော်ဆင့်နာရီ တော်မှူး ဦး ပေမှတ်၊ နား ခံ တော်နေမျိုး နေဘ်ရထာပြန်အမိန့် တော်၊ သာသနာ ပိုင်သဲအင်း ဆရာ တော်သဲအင်း ရွာနှင့်လဲ၍မြင်း တင်ရွာသွတ်သွင်း ရေး ရမည်စာ ရေး ကြီး နေမျိုး ဇေယျကျော်၏ ရေး ကဆင့်ဆို၍ မှတ်သား ကူး ယူပြင် ပေး ရသည်။

8 May 1837

သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၅ရက် နေ့သုဓမ္မာစရပ်တွင်သဲအင်း ဆရာ တော်ကြီး ကိုအပ်ရသည်။

(မျိုး ကြည့်၊ ပု ၆၁၄၊ ၆၁၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော သာသနာ ဒါယကာ ရေ မြေအသျှင်ဆဒ္ဒန်
ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်တဝရှင်မင်း တရား
ကြီး ဆရာ တော်ဘုရား အမိန့်ရှိသည်၊ သာသနာ ဒါယကာ မဟာ ဓမ္မရာဇာတရား
မင်း မြတ်သည်သီရိဓမ္မာ သောကအစရှိ သော သာသနာပြုမင်း တို့ကဲ့သို့ဘုန်း တော်
ခြောက်ပါး နှင့်ပြည့်စုံ တော်မူ ပေ သော သဗ္ဗညုမြတ်စွာဘုရား ၏ရှစ်ပါး သောအံ့
ဖွယ်နှင့်ပြည့်စုံ သော သာသနာ တော်မြတ်ကိုစည်ပင်ထွန်း လင်း အောင်ချီး မြှင့်ပြု
စု တော်မူသည်နှင့်အညီအရှင်မဟာကဿပအစရှိ သောဘုရား တပည့်သား တော်တို့
သည်သာသနာပြုအဇာတသတ်မင်း အရှင်မဟာယသအမှူး ရှိ သောဘုရား တပည့်
သား တော်တို့သည်သာသနာပြုကာလာ သောကမင်း ၊ အရှင်မဟာ မောဂ္ဂလိပုတ္တ
တိဿအမှူး ရှိ သောဘုရား တပည့်သား တော်တို့သည်သာသနာပြုသီရိဓမ္မာ သောက
မင်း ကိုအမှီပြု၍အာဏာ စက်ဓမ္မစက်နှစ်ပါး ဖြင့်ဘုရား သဗ္ဗညုသာသနာ တော်မြတ်
ကိုစည်ပင်ထွန်း လင်း အောင်အား ထုတ် တော်မူကုန်သကဲ့သို့ဧကရာဇ်မင်း မြတ်၏
အာဏာ စက်၊ ဘုရား သဗ္ဗညု၏ဓမ္မစကီနှစ်ပါး ဖြင့်ဘုရား စက်ဆုတ် တော်မူအပ်
သော ပန်း ပေး ခြင်း ၊ သစ်သီး ပေး ခြင်း ၊ ကသည်မှုံ့ပေး ခြင်း ၊ မြေဖြူ မြေ
နီ ပေး ခြင်း ၊ တံပူ ပေး ခြင်း ၊ ဝါး ပေး ခြင်း ၊ ဆေး ကုခြင်း၊ စေ ဒင် ဟော ပြော
ခြင်း ၊ ဒါယကာ တို့၏အစေအပါး ကိုခံခြင်း ကုလဒူသကအမှုလုတို့ကဲ့သို့ ရွှေ ငွေကိုခံ
ခြင်း ၊ ကုန်စလယ်သွယ်ခြင်း ၊ ကျွေး မြီချခြင်း ၊ ရွှေ ငွေပြုလုပ်ခြင်း ၊ ကြွေအံ့ဖဲ
ပဆစ်စစ်ဘုရင်တစား ခြင်း ၊ သပိတ်ကိုတံဆာဆင်ခြင်း ၊ သင်္ကန်း ကိုတန်ဆာဆင်
ခြင်း ၊ ပုဋ္ဌလိတ ကျောင်း ကိုတန်ဆာဆင်ခြင်း ၊ လှည်း နွား မွေး မြူခြင်း ၊ ကစား
မြူး ထူး လိုသဖြင့် လှေစီး ခြင်း ၊ အကြောင်း မဲ့အနီး သောက်ခြင်း ၊ နေလွဲ သော
အခါကွမ်း စား ခြင်း အစရှိ သော သာသနာ တော်၏ညစ်ညှူး ကြောင်း ဘေး ရန်
ကိုကြည့်၍ဘုရား သခင်အလိုရှိအပ် သော ကျင့်ဝတ်သိက္ခာ ၊ ဂန္ထာ ဒူရ၊ ဝိပဿနာ ဒူရ
နှစ်ပါး ကိုပွါး များ အောင်ကျင့် ဆောင်၍ရဟန်း တို့မှာ ဒွေး မာတိကာ ၊ ခုဒ္ဒသိ
က္ခာ၊ မူလသိက္ခာ ပါဠိအနက်များ ကိုဝါစုဂ္ဂတ၊ သာမ ဏေတို့မှာ ပဉ္စဝဏ္ဏ ၊ လိင်၊
ဒါဏ်၊ သေခိယ၊ ခန္ဓကဝတ်ပါဠိအနက်များ ကိုဝါစုဂ္ဂတ လေ့လာ ဆောင်ရွက်ကြ စေ။

8 May 1837

သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၅ရက် နေ့သုဓမ္မာ စရပ် တော်တွင်သာသ

နာအဝ်သည်နှင့်တပြိုင်နက်ဝန်ရှင်တော်မင်းကြီး၊ ဝန်ထောက်လက်ဝဲဝင်း
တော်မှူးတို့နှင့်ဆရာတော်သင်္ဃာတော်တို့ရှေ့မှောက်သာသနာပြုဆရာတော်
ဘုရားကြီးပြန်။
(မှီးကြည့်၊ ပု၊ ၆၁၄)

သာသနာပြုမင်း ဧကရာဇ်၏အမိန့်တော်နှစ်ရပ်တို့သည်တင်းတင်းကြပ်ကြပ်ထုတ်ပြန်လျက်ရှိသည်၊ သစ်သီး ပေးခြင်း၊ ပန်း ပေးခြင်း စသော **ကုလ**ဒူသက၊ အနေသနအမှု ရွှေခံခြင်း၊ ငွေခံခြင်း၊ အင်္ဂရိထိုး ကွင်း လက်ဖွဲ့ဓါး လှဲ့အင်း အိုင်ကယဝိဇ္ဇယစသော စွန့်ပစ်အပ် သောအမှုတို့ကိုပြုကျင့်မိသောအရှင်တို့မှာ ဝတ္တုပစ္စည်းတို့ကိုစွန့်ပြစ်မှအာပါတ်ထ၍လဇ္ဇီသဘောသို့ ရောက်နိုင်ခြင်း၊ ပဋ္ဌိဇနီယကံစသည်ကိုပြုမှလဇ္ဇီသဘောသို့ ရောက်နိုင်ခြင်း စသောအမှုတို့ကိုမပြုမကျင့်မိသောအရှင်တို့မှာ ၁ သခုစည်းဝေးသော် သံဃာတော်တို့ကကုက္ကုစ္စသံသယမရှိ ပေါင်း ဖက်နိုင်ခြင်း၊ အမိန့်တော်အာဏာတော်ကြောင့်ဒါယကာတို့မကြောက်မရွံ့ကိုး ကွယ်လှူဒါန်း ရခြင်း၊ အများသံသယကင်း လောက်အောင်ယခုစည်း ဝေး သောသံဃာတော်တို့ ရှေ့သစ္စာပနက်တော်မူကြရမည်၊ သစ်သီး ပေးခြင်း၊ ပန်း ပေးခြင်း စသောကုလဒူသက၊ အနေသန စသောအမှု ရွှေခံခြင်း၊ ငွေခံခြင်း ကယဝိဇ္ဇယ စသောစွန့်ပြစ်အပ်သော ဝတ္တုရှိ၍အများ သံသယကင်း လောက်အောင်သစ္စာမမှုဝံ့သည်ဖြစ်အံ့ ဝါမဆိုမှီ ဝိနည်းကံတို့၌ထိုက်သည့်အားလျော်စွာ ကံပြုကုစား ကြရမည်၊ ကံပြုရာ၌လည်း လာ၍ပြုလိုလျှင်ပြု၊ မပြုလိုလျှင် မည်သည့်သိမ်တွင် မည်မျှသံဃာနှင့် မည်သည့်ကံကို မည်သည့်နေ့ပြုကြောင်း များကိုစာထင် ပေး အပ်ကြရမည်၊ သစ္စာကိုလည်း မမှုကံကိုလည်း မပြုမနေ ရှိကြလျှင်သာသနာပိုင်အမိန့်တော်သာသနာပြုမင်း ဧကရာဇ်အမိန့်တော်နှင့်ဆန့်ကျင်သည်ဖြစ်၍လှူဒါန်း ကိုး ကွယ် သောသူတို့လည်း အပြစ်မလွတ်၊ ပေါင်း ဘက်ရှက်တင် သောသံဃာတော်တို့လည်း အပြစ်မလွတ်ဖြစ်၍ ဂိုဏ်း မှနှင်ထုတ်ရမည်၊ ရတနာသိမ်မှအမရပူရမြို့ဝင်စဉ်လမ်း ခရီး ရှင်လှဆိပ်တွင်သုဓမ္မ ဒေ္ဒသဥပုသ်ပြုကြစေ၊ ပါတိမုတ်ရခြင်း အကြောင်း အမိန့်တော်ထုတ်ပြန်သည်၊ ၎င်း နောက်ဂိုဏ်း အုပ်အပ်သည့်ကာလလည်း သုဓမ္မ ဒေ္ဒသဥပုသ်ပြုကြ စေထုတ်ပြန်သည်၊ အခြား ဂိုဏ်း မှ ရွှေခံ ငွေခံအရောင်း အဝယ်အလဲအလှယ်များ ကိုမင်း ဧကရာဇ်သူလျှိုမိ၍ ၎င်း အမိန့်တော်နှင့်တကွသုဓမ္မ ဒေ္ဒသသံဃာဥပုသ်ပြုကြ စေ၊ ပါတိမုတ်ရခြင်း၏အကြောင်း သုံးကြိမ်တိုင်တိုင်သာသနာပိုင်ဆရာဘုရား ကြီး ကတိုက်တွန်း နှိုး ဆော် သောအား ဖြင့် အမိန့်တော်ထုတ်ပြန်သည့်အတိုင်း ဆင့်ဆို နှိုး ဆော်ရင်း ရှိသည်၊ ပါတိမုတ်ရ သောအရှင်တို့မှာ စာရင်း ပေး ကြရမည်၊ မရ သေး လျှင်အား ထုတ် တော်မူကြ၊ ဝါဆိုလ

တိုင် ရောက်လျှင်တဝါသာ ရ သော ရဟန်း ၊ အသက် ခြောက်ဆယ်ရှိကြီး ရင့် သော ရ
ဟန်း သုံး ကျောင်း လေး ကျောင်း အသိရပ်ရွာအသိ ရောဂါရှိ သော ရဟန်း ကို
မှန်လှပ်၍ ပါတိမုတ်ပြန်ဆိုကြရမည်၊ သာမဏေဖြစ် သောသူ (တို့မှာ ပဗ္ဗဝဇ္ဇာကာ၊
လိင်၊ ဓါတ်၊ သေခိယ၊ ခန္ဓက ဝတ်ပါဠိအနက်များ ကိုပြန်ဆိုကြရမည်)။

မြေဒူး မြို့တနယ်ဂိုဏ်း အုပ်ဆရာ၊ ကျွဲဆွဲ ဝါဆိုဂိုဏ်း ထောက်ဆရာတို့ (ထပ်ဆင့်အမိန့် ၊
(8 May 1837)
သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၅ရက် နေ့)။

(ဿောင်း စါရု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက် စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ မဟာမင်း ကျော်တန် ဆောင် ကို ရွှေပြည်တံခွန်မြင်း ဝန်ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မဟာမင်း ကျော်တန် ဆောင်သည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရိုသေစွာ ခန့်ထား တော်မူသမျှအမှု တော်ကိုကြိုး စား အား ထုတ်မ ဆွေမဖိထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော် မူသမျှအမှု တော်ကို စိတ်ပါကိုယ်ပါထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော် မျိုး ဖြစ်သော ကြောင့် ရွှေပြည်တံခွန်မြင်း ဝန်ခန့် တော်မူသည်၊ ရွှေပြည်တံခွန် မြင်း ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကဧကရာဇ်မင်း မြတ်တို့တွင်မြင်း အစုအမှု ထမ်း ဖြစ်သည်၊ မပြတ်မလပ်လည်း အဝေး အနီး အမှုတော်ကိုမြင်း ရှိမြင်း မဲ့ထမ်း ရွက်ကြရသည့်အမှုထမ်း ကြီး ဖြစ်သည်၊ မြင်း အစုအမှုထမ်း တို့တွင်မြင်း စီး မြင်း ခေါင်း ပေး အပ်ခန့်ထား မြဲအတိုင်း ညီညွတ်စွာထမ်း ရွက်ကြစေ၊ စီး ခွင် မ လပ် စေနှင့်၊ တစုကကိုတစုသို့ ရော ထွေး ပေါင်း ရွက်မထမ်း မရွက်စေနှင့်၊ အ အပေါင်း ညီသား အများ ရာပြည့်ရာ ကျော်ရှိလျှင်လည်း အမိန့်တော်ထမ်း အတိုင်း ထမိး အား ရှိသသူတို့ကိုမြင်း စီး ခွင်နှင့်ထား ၊ မြင်း ပွါး ၍ထမ်း ရွက်စေ၊မြင်း အမှုထမ်း တို့သည်အစုအရည်မတူရာတစုတငန်း သား တို့မှာမရောမနှောမစပ် မရွက်စေနှင့်၊ မြင်း စီး ခွင်လပ်ရှိလျှင်လည်း သား ညီဆိုင်သင့်ရာစစ် ကြော၍ စီး ထမ်း စေ၊ သား ညီမရှိလျှင်လည်း အပေါင်း ကြီး ထမ်း ရည်ရှိသသူတို့ကိုစီး ထမ်း စေ၊ မြင်း အစုအမှုထမ်း တို့ကိုအမှုတော်ကိုထမ်း ကုန်နိုင် အောင်မစ၊ တရား စကား အ ရွက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်၊ ငယ်သည့်စကား ကိုပပျောက် အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

12 May 1837

သက္ကရာဇ် ၁၁၉၉ ခုနယုန်လဆန်း ၉ရက် နေ့မလွန်မင်း သား ဗိုလ်ချုပ်အသျှင် နှစ်ပါး မှာ ဝန် ထောက် တော်မြင်း စုကြီး ဝန်မဟာမင်း လှသီဟသူ နောက် တော် ပါမြင်း ဝန်မဟာမင်း လှ ကျော်တင်နှစ်ပါး ရွှေကပြန်တမ်း တို့နှင့်အစီရင်ခံလျှင် ပြန်တမ်း ရှည်နှင့် ရေး ၊ ဝန် ထောက် တော်မြင်း စုကြီး ဝန်မဟာမင်း လှသီဟသူ နောက် တော်ပါမြင်း ဝန်မဟာမင်း လှ ကျော်တင်တို့နှစ်ပါး ကဆင့်ဆို၍ပြန်တမ်း

12 May 1837

ရှည်ရေး စေရသည့်ပြန်တမ်း လက်ခံ။

(မျိုး ကြည့်၊ ပု၊ ၆၁၈)

14 May 1837

ရတာသိင်္ဃမြို့တော်သည် ဘား လောင်းတော်မင်းတရားကြီးဘုရား တည်ထောင်တော်မူ၍အရပ်ရပ်ပြည် ထောင်ချင်း ထီး ဆောင်း မင်း အပေါင်း တို့ကိုသိမ်း ယူတော်မူသည့်မင်္ဂလာမြို့တော်ကြီး ဖြစ်သည်၊ ရတနာသိင်္ဃမြို့တော်မှာစံ နေ တော်မူမည်၊ ထွက်တော်မူရာအခမ်း အနား နေ့ရက်ကိုပညာရှိတို့က ရွေး ချယ်ဆက်သွင်း စေ၊ ရတနာသိင်္ဃမြို့သို့ ရောက်တော်မမူမီမင်္ဂလာမြစ်ဆိပ် ကျောက် မြောင်း မြို့တွင်ရပ် စံတော်မူမည်၊ အခမ်း အနား ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင် စီရင်၊ စာရင်း ကိုလည်း သွင်း ။

14 May 1837

(သက္ကရာဇ်) ၁၁၉၉ ခုနယုန်လဆန်း ၁၁ ရက် နေ့နာ ခံ စ မြောင်မှူး နေမျိုး မင်း လှသိန်သူတွင်ပြန်။

(တောင်ငွင်စာစု)

ရွှေထီး ရွှေနန်း တက်သိမ်း စံပယ် တော်မူ လျှင်သာသနာ တော်အစီး အပွါး များ စေကြောင်း ကို ထောက် တော်မူ၍ ပိဋကတ် တော် ရွှေစာ မင်စာကညစ်ရေ စာများ ကိုစ၍ ရေး သား ရမြဲအစဉ်ထုံး စံရှိသည့်အတိုင်း ဆိုင်ရာပိဋကတ်တိုက် စိုး ကိုဆင့်၍ ရေး သား စေ၊ ရတနာသိင်္ဃကုန်း ဘောင် ရွှေပြည် တော်ကြီး သို့ ထွက်စံ တော်မူလျှင်ကြည်း တပ် ရေတပ်ခင်း ကျင်း ရာ ရေ ကြောင်း တပ် ဘောင် ပန်း လှေတက်အစီအစဉ်များ တွင်ဘုရား အမှူး ရှိ သော ရတနာ့သုံး ပါး အဦး ထား လျက်မြတ်စွာဘုရား ဂူဝ်ပွါး ဆင်း တု တော်ပိဋကတ် တော်များ ကို ရွှေဖျား အောင်တပ် တော်ဦး တပင့် ဆောင် တော်မူမည်၊ ရှင်ဖြူဘုရား ရှင်လှဘုရား သီဟ တောဘုရား ရွှေတန်း တစ်ဘုရား သကျမုနိဘုရား ရွှေမုဋ္ဌိဘုရား များ ကို အောင်တပ် တော်ဦး ကသင့်ရာ လှေ်ကား တော်နှင့်တင်၍ ပင့် ဆောင် စေ၊ ပိဋကတ် တော်များ ကိုသမ္ဗာန်နှင့်တင် ဆောင် စေ။

19 May 1837

(သက္ကရာဇ်) ၁၁၉၉ ခုနယုန်လပြည့် ကျော်၁ရက် နေ့နံ၁း ခ ပြော့ကြီး မှူး နေမျိုး မင်း လှ ကျော်ထွင်ပြန်။

(တောင်ခွင်ဓါဂု ရွှေး ဟောင်း သုတေသန)

နန်းမတော်မိဘုရား ဝန်စာရေးကြီးတို့ရွှေစက်တော်ဖြန့်တော်မူရာ
ယည်တော်အဆောင်တော်ရွှေတော်ပြေး အချုပ်ဘဏ္ဍာအရာများနှင့်လိုက်ထမ်း
ပါရမည့်ဘွား တော်ဘုရားထမ်း ဟောင်းအစုအငမ်း ကျေးရွာအင်းအိုင်
လယ်မြေဥယဉ် လှေတော်များနှင့်ကျွန်တော်မျိုးတို့ကိုသနား တော်မူသည်၊ လယ်
များကိုအနှုတ်အယူမရှိပါစေရ၊ သိမ်းရုံး စည်းကြပ်ထမ်း ရွက်ပါရမည့်အကြောင်း
နှင့်ရှိခိုးသံတော်ဦး တင်ချက်အတိုင်း အထက်ဘိုး တော်ဘုရား လက်ထက်တော်ဘွား
တော်မိဘုရား ခေါင်းကြီးကိုပေးဘွဲ့ထမ်း ရွက်ရသည့်အစုအငန်း ကျေးရွာအင်း
အိုင်လယ်ယာမြေဥယဉ် လှေဘောင်များနှင့်ကျွန်တော်မျိုးတို့ကိုသနား တော်မူ
သည့်လယ်မြေများကိုမနှုတ်မယူစေနှင့်၊ နန်းမတော်ဝန်စာရေးကြီးတို့ကသိမ်း
ရုံးထမ်းရွက်စေ။

သက္ကရာဇ် ၁၁၉၉ ခုနယုန်လပြည့်ကျော် ၁ ရက်နေ့နား ခံ ပြော့ကြီး (19 May 1837) မှူး
နေမျိုးမင်းလှကျော်တင်ထွင်ပြန်။
(ရှေးဟောင်းသုတေသန)

ယဉ်တော်ကြီး ထမ်း သူကြီး သွေး သောက်ကြီး တို့က ရတနာသိင်္ဃမြို့နယ် ချောင်း ဆုံ ရွာ ညောင်စောက်သံဘိုရွာ၊ ပင်စည်ရွာ၊ ရောက်သင်ကံရွာ၊ ရွှေမြို့တော်နယ် ထနောင်း ကိုင်ရွာ၊ ထနောင်း ကိုင် မြောက်ရွာ၊ စီကံရွာ၊ စဘိုရွာ၊ တောင် တလုံး ရွာသား များ ဘုရားယဉ်တော်ကြီး အမှုထမ်း သူကြီး သွေး သောက်ကြီး တို့ရှိ ခိုး သံတော်ဦး တင်ချက်အတိုင်း ရွှေမြို့တော်နယ်ရတနာသိင်္ဃမြို့နယ် ကျေး ရွာ၊ ရောက်သင်ကံ ကျေး ရွာ များ မှာ ရွာစား အခြား မရှိ စေနှင့်၊ ရွာစား တို့ မှာ သင့်ရာလဲ၍ သနား တော်ခံ စေ၊ ယဉ်တော်ကြီး အမှုထမ်း ကျေး ရွာ များ မှာ သူကြီး သွေး သောက်တို့က အုပ်ထိန်း စီရင်စား ယူ၍ ဝင်နေလာ ရောက်သူတို့ကို သိမ်း သွင်း ပြုစုထမ်း ရွက် စေ၊ ရောက်သင်ကံရွာနှင့်ရတနာသိင်္ဃမြို့နယ် ယဉ် တော်ကြီး အမှုထမ်း ကျေး ရွာ များ မှာ ယဉ်တော်ကြီး ထမ်း သူကြီး သွေး သောက် ကြီး တို့က ရာဇဝတ် ရေး ခိုး သေး မီး ပွါး ပေါ်ရှင်လျှင်ဘမ်း ဆီး စစ်ကြော၍ဆိုင် ရာသို့ပို့အပ် စေ။

(သက္ကရာဇ် ၁၁၉၉ ခုနယုန်လပြည့်ကျော် ၁ ရက် နေ့)။ (19 May 1837)

(ရှေး ဟောင်း သုတေသန)

မိုး ကုတ်ကျပ်ပြင် ကျောက်တွင်း တော်များ မှာအထူး သဖြင့် ပေါ်ထွန်း သည့်ပတ္တမြား ကျောက် တော်တွင်း ဖြစ်သည်၊ ရှေး အစဉ်ပသပူဇော်မြဲရှိသည့် တော စောင့် တောင် စောင့်နတ်များ ကိုထုံး စံရှိရာ ပသပူဇော် စေ၊ ပြန်ဆိုမြဲအမိန့် တော်တမ်း တိုင်းလည်း နတ်ကွန်း နတ်ဆိမ် တွင်ထုံး စံရှိရာပြန်ဆို စေ၊ မိုး ကုတ်ကျပ်ပြင်ကသည်း ကျောက်တွင်း များ မှာ ရွှေဘုန်း တော်မြတ် ကြောင့်အထူး သဖြင့်ဖြစ်ထွန်း သည့်ရတနာ ကျောက်တွင်း တော်ဖြစ်သည်၊ အသီး အသီး တွင်းအမှုထမ်း တို့ ကျောက်တော်တူး ဘော်ရာမင်း ထိုက်စိုး တန်ပတ္တမြား တော်ရလျှင်ရသူတို့ကိုအထိုက်အလိုက် သနား တော်ခံ စေမည်၊ ကျောက်ကိုစိုး သူကြီး တို့အ လျောက်တူး သူကို ကျေး ရွာက ကြေး ငွေခွဲ ပေး ၍မဆက် စေနှင့်၊ ရရင်း သူတို့နှင့်စိုး သူကြီး တို့ကဆက်သမြဲထုံး စံရှိရာဆက် စေ၊ ကုန်သည်ဆင်း ရဲသား တို့ ကျောက်အ ရောင်း အဝယ်များ မှာလည်း မင်း ထိုက်စိုး တန် ကျောက်ဆို၍မသိမ်း မယူမတား မမြစ် စေနှင့်အသုံး ထိုက်တန် ရာကိုပြတ်ဆို ရောင်း ဝယ်ကြ စေ။

22 May 1837

(သက္ကရာဇ်) ၁၁၉၉ ခုနယုန်လပြည့်ကျော် ၄ ရက် နေ့နား ခ ပြောကြီး မှူး နေမျိုး မင်း လှ ကျော်တင်တွင်ပြန်။

(တောင်ခွင်စါစု)

ရတနာသိင်္ဃကုန်း ဘောင် ရွှေပြည် တော်ကြီး သည် ဘုရား တော်အလောင်း တော်
မင်း တရား ကြီး ဘုရား တည် ထောင် တော်မူ၍ပြည် ထောင်ချင်း ထီး ဆောင်း
မင်း အပေါင်း တို့ကိုသိမ်း ယူ တော်မူသည်၊ ရန်အပေါင်း တို့ကို အောင်မြင်ရာမင်္ဂ
လာမြို့တော်ကြီး ဖြစ်၍ ဘုရား တော်ဘုရား အဆိုက်အရာဖြစ် သော ရတာသိင်္ဃကုန်း
ဘောင် ရွှေပြည် တော်ကြီး မှာထီး နန်း ကနက်စိုက် ဆောက်စံ တော်မူမည်၊ မင်း
နေ ရွှေပြည် တော်ကြီး ဖြစ်သည်၊ ရေ မြေအပိုင်း အခြား နယ်နိမိတ်ကိုအ သေအချာ
သမုတ်ပြဋ္ဌာန်း တော်မူ၍ ကျောက်တိုင်စိုက်မှတ် တော်မူမည်၊ ရတနာသိင်္ဃကုန်း
ဘောင် ရွှေပြည် တော်နယ် မြေ ကျေး ရွာ များ မှာ ရွှေမြို့ တော်ဝန်မင်း ကြီး မ
ဟာမင်းခေါင်က ဆက်သွင်း သည့်ပုံစံအတိုင်း ရွှေမြို့ တော်နယ် မြေဖြစ် စေ၊ နယ်ပုံ
ဆက်သွင်း ရာပါသည့် ကျေး ရွာ မြေ ရေ များ ကိုလည်း မနှုတ်မယူကြ စေနှင့်၊ ရတ
နာသိင်္ဃကုန်း ဘောင် ရွှေပြည် တော်ဝန်ကထိန်း သိမ်း ဆင့်ဆိုစီရင် စေ။

23 May 1837

(ထက္ကရာဇ်) ၁၁၉၉ ခုနယုန်လပြည့် ကျော် ၅ ရက် နေ့နား ခ၈ မြောင်မှူး
နေမျိုး မင်း လှသိခ်သူ ထွင်ပြန်။
(တောင်ခွင်စါစု)

နိုင်ငံတော်ရာမညတိုင်း ဟံသာဝတီပြည်ကြီး သည်သဘော်ဆိုက် ရောက်သည့်ဆိပ်
ကြီး ကမ်းကြီး ဖြစ်၍အရပ်ရပ်တိုင်း ပြည်များ ကကုန်သည်တဲကား ဆင်းရဲသား
တို့ရွှေဘုန်း တော်မြတ်ကိုခိုလှုံပြီး လျှင်ဆိပ်တော်ကမ်း တော်များ သို့ဆိုက် ရောက်
ရောင်း ဝယ်ကြသည်၊ သဘော်ကုန်အထည်အလိပ်အ ကောက်အစား များ ကိုကုန်သည်
ဆင်း ရဲသား တို့မနာမကြင်စေရ၊ ဘား လောင်း တော်အ လောင်း မင်း တရား
ကြီး ဘုရား အ ကောက်အစာကိုပညတ်မှတ်သား ထား တော်မူသည့်အမိန့်တော်ထမ်း
နှင့်အညီဘိုး တော်ဘုရား လက်ထက်အမှာ တော်ပေး အပ် ကောက်ခံသည့်အတိုင်း
ကောက်ခံမြဲ ကောက်ခံစေ၊ ဆိပ်ပွဲအ ကောက်မှာခွန်မဒ၊ အ ကောက်ဝန်အရာရှိ
စား စုဒိ၊ ရွှေဘဝါး တော် အောက်ဆက်သွင်း ရာတိုက်စား ၈ိုး စား ဒိ၊ အ ကောက်
ဝန်ကခံသည်၊ ငွေရိုတွင်ခွန်မ ငွေဒ၊ အ ကောက်ဝန်အရာရှိတို့စား မြဲဒိ၊ ၂စု
ငွေဗိုကိုသာခံ စေ၊ ရွှေဘဝါး တော် အောက်ဆက်သွင်း ရာတိုက်စား ၈ိုး စား
သင့်ငွေမှာအ ကောက်ဝန်ကကုန်သည်တို့ထွဝ်မခံမယူ စေနှင့်၊ ရွှေဘဝါး တော်
အောက်အ ကောက် တော်ဆက်သည့်ကာလတိုက်စား ၈ိုး ၏ ရေးစါး ပေး မြဲဒိသင့်
ငွေကိုအခွန် တော် ငွေကန့်တ် ပေး သနား တော်ခံ စေ။

24 May 1837

(သက္ကရာဇ်) ၁၁၉၉ ခုနယုန်လပြည့် ကျော် ၆ ရက် နေ့နံနက် ခံ နေမျိုး နန္ဒ
မိတ် ရွှေ တောင်ထွင်ပြန်။
(တောင်ခွင်စါစု)

ဘွား တော်ဘုရား ယည် တော်ကြီး ထမ်း လူတို့ကိုအချုပ်အယူမရှိစေနှင့်၊ ဘိုး တော်
ဘုရား ဘွဲ့ရင်း စာရင်း ကျအတိုင်း ယည် တော်ကြပ်သိဂိုရာဇ နော်ရထာကသိမ်း
ဂုံး ရှိတဝတည်း ထမ်း ရွက် စေ။

29 May 1837

သက္ကရာဇ် ၁၁၉၉ ခုနယုန်လပြည့်ကျော် ၁၁ ရက် နေ့နား ခံ ပြောကြား မှုး
ပြန်။

(ရှေး ဟောင်း သုတေသန)

ရှစ်ပါး ပုဏ္ဏား မော်ကာလာ၊ ဒုမာရာမ်၊ သီရိစန္ဒရ၊ မုနိရာမ်၊ ဟရိရာမ်၊
ပရမစညာ၊ ဇိုတာရာမ်၊ ရာမ၊ ရာမနန္ဒ၊ အဏ္ဏာရာမ်၊ လက္ခဏ၊ သီရိဗလ၊ ရှ
န္တာရာမ်၊ သဟဒေဝတို့ရှိနိုး သံတော်ဦး တင်ချက်အတိုင်း မာဓဝ၊ ရာမစန္ဒ
တို့နှင့်အယူဝါဒမကွဲမပြား ဆွေမျိုး ပေါက်ဖော်စား ဘက်ဖြစ်သည်၊ မော်ကာလာ
ဒုမာရာမ်၊ သီရိစန္ဒရ၊ မုနိရာမ်၊ ဟရိရာမ်၊ ပရမစညာ၊ ဇိုတာရာမ်၊ ရာ
မ၊ ရာမနန္ဒ၊ အဏ္ဏာရာမ်၊ လက္ခဏ၊ သီရိဗလတို့ကိုဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား
ခေါင်း မာဓဝနှင့်ထမ်း ရွက်စေ၊ ရှန္တာရာမ်၊ သဟဒေဝတို့ကိုလည်း ဘိသိက် တော်
ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း ရာမစန္ဒရနှင့်ထမ်း ရွက်စေ။

3. June 1837

သက္ကရာဇ် ၁၁၉၉ ခုပထမဝါဆိုလဆန်း ၁ရက် နေ့နား ၁ ပြော့ကြီး မှုး တွင်
ပြန်။

(အောင်ငြိမ်း စာစု)

3 July 1837

ပုဏ္ဏား ဝန်မင်း တိုင်ပင်အမတ်ပညာရှိတစုတို့က ရွှေလက်ထက်တော်တွင်မင်း ဧ ကရာဇ်တို့အထိန်း အမှတ်ဒိဋ္ဌမင်္ဂလာပြဘာသုတ်နှင့်တကွ လောကီ လောကုတ္တရာကျမ်း ဂန်ထုံး စံလာရှိကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း အမိန့်တော်မှာ စာစာချွန်မှစ၍ နိုင်ငံတော်အတွင်း ခပ်မှတ်မြဲအထည်အလိပ်အလေး တောင်း တင်း တံဆိပ်ကိုသာ ခပ်မှတ်သုံး ဆောင်ကြစေ။

3 July 1837

(သက္ကရာဇ်) ၁၁၉၉ ခုဒုတိယဝါဆိုလဆန်း ၁ရက် နေ့နံား ခိစ မြောင်မှူး နေမျိုး မင်းလှသိင်္ခသူတွင်ပြန်။

(တောင်ခွင်စါစု)

စလင်း မြို့သူကြီး ငတောသား ငသာထွန်း အောင် (အပြင်) စလင်း မြို့မှာမြို့
သူကြီး အခြား မရှိစေနှင့်၊ ခမည်း တော်ဘုရား လက်ထက် တော်ဟင်္သာတံဆိပ်
စာချွန် ပေး အပ်ခန့်ထား သူပို့စား မြေတိုင် ကြီး ဇေယဘဿရာမဟာခံ ရွှေ
ဆိုင်သား ငတောကိုတဝတည်း တိုင် ဆော်ကြီး စိုး စီရင် စေ၊ မဟာသမန်း တွင်
ပေး အပ်ရှိသည့်မြို့သူကြီး ခန့်တံဆိပ်စာချွန်စစ်တမ်း စာရင်း မှူး ကိုသိမ်း ၊ I802
ငတောကစစ်တမ်း စာရင်း ဆက်သွင်း စေ (သက္ကရာဇ်၁၁)၆၄ နှစ်တိုး တော်
ဘုရား အမိန့် တော်နှင့်ခန့်ထား တော်မူ၍ နောင် တော်ဘုရား လက်ထက် တော်
တိုင်ကြီးစိုးစီရင်ရပါသည်ကိုငဝင်း က နှောက်ရှက်ကြီး စိုး ပါသည်၊ ဘေး တော်အ
လောင်း မင်း တရား ကြီး ဘုရား ဘိုး တော်ဘုရား ခန့် တော်မူရင်း တိုင်း
ပိုး ရာမပျက်စလင်း မြို့ကိုကြီး စိုး ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်
ချက်အတိုင်း ငဝင်း ကိုမြို့သူကြီး အရာတနှုတ်၊ ငတောသား ငသာထွန်း အောင်ကို
စလင်း မြို့ မြေတိုင် သူမြို့သူကြီး ခန့်စာ စစ်တမ်း စာရင်း ကိုလည်း ပြောင်း ဆက်သွင်း စေ၊
ငဝင်း တွင်ရှိသည့်တံဆိပ်စာချွန်ကိုသိမ်း ။

5. July 1837

သက္ကရာဇ် ၁၁၉၉ ခု ဒုတိယ ဝါဆိုလဆန်း ၃ ရက် နေ့နား ခ နေမျိုး နန္ဒမိတ်
ရွှေတောင်တွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

သံတော်ဆင့်မင်း တိုင်ပင်အမတ်မင်း လှမင်း ကျော်ကပိဋကတ်တော် ရွှေရေး
မင်ရေး ကညစ်ရေး ပေလုပ်မျည်း ကိုင်ဘွဲ့စည်း ထမ်း ရွက်သည့်လူတို့ကိုအရပ်ရပ်
မြို့ရွာသူကြီး စုထိန်း စုအုပ်တို့ကမင်း မှုမင်း ခင်း စရိတ် ကြေး ငွေအသေး အဖွဲ့
မခွဲမခန့်စေနှင့်အခြားအစုသို့စာရင်း ဘွဲ့စည်း ရွာပါလျှင်စာရင်း ကိုနှုတ်သိမ်း
၍ပိဋကတ်အစုမှာထမ်း ရွက်စေ၊ ဘိုး တော်ဘုရား နောင်တော်ဘုရား လက်
ထက်တော်မြို့ရွာသူကြီး စုထိန်း စုအုပ်တို့ကအပ်၍ပိဋကတ်တိုက်တော်မှာ ရေး သား
ထမ်း ရွက်ပါရသည်ကို တောင်၁၅၀ဖိုလ် သေနတ်စာ ရေး သွေး သောက်ကြီး တို့က
အလုံမြို့နေငသာ ကောင်း ငမိုး တို့ကို (သက္ကရာဇ်၁၁) ၅၆ခုစာရင်း ဘွဲ့ဇည်း 1798
ရွာပါသည်ဆို၍အပ်ဘန်မင်း မှုခွဲ ကြောင်း ငွေခွဲ တောင်း ခန့်ထား ရှိပါသည်၊
ပိဋကတ် ရေး ပေလုပ်မျည်း ကိုင်လူတို့ကိုအရပ်ရပ်မြို့ရွာသူကြီး စုထိန်း စုအုပ်တို့က
မင်း မှုမင်း ခင်း စရိတ် ကြေး ငွေအသေအဖွဲ့ အခွဲအခန့်အတောင်း အခံမရှိစေ
ရ၊ ပိဋကတ်အစုမှာကုသိုလ်တော်မှာ ရေး သား ထမ်း ပါစေရမည်အကြောင်း
နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ပိဋကတ်တော် ရေး ပေလုပ်မျည်း ကိုင်
ဘွဲ့စည်း တော်မူရာစာရင်း ပါလူတို့ကိုအရပ်ရပ်မြို့ရွာသူကြီး စုထိန်း စုအုပ်တို့က
မင်း မှုမင်း ခင်း စရိတ် ကြေး ငွေအသေး အဖွဲ့အခွဲအခန့်အတောင်း အခံမ
ရှိစေနှင့်၊ ပိဋကတ်တော်ကိုသာ ရေး သား လုပ် ဆောင်ထမ်း ရွက်စေ။

11 July 1837

(သက္ကရာဇ်) ၁၁၉၉ ခုဒုတိယဝါဆိုလဆန်း ၉ရက်နေ့နာ ခနေမျိုး
နန္ဒမိတ်ရွှေတောင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

သတ္တဝါအပေါင်းတို့အကျိုး စီးပွါးများ စေခြင်း ငှါလောကတ္ထစရိယအကျိုး ကို ထောက်
မြော်တော်မူ၍ပြည်သူဆင်း ရဲသား တို့အား တရား သဖြင့် စောင့် ရှောက် တော်
မူပြီး လျှင်သာသနာ တော် ရေး ကိုချီး မြှင့်ရွက် ဆောင် တော်မူသည်၊ သက္ကရာဇ်
1837
၁၁၉၉ ခုနှစ်သည်လထပ်ခြင်း ရက်ငင်း ခြင်း ဖြင့်ကျမ်း ဝန်ထွက်၍ရာဆရာ တော်
သံဃာ တော်တို့ပူရိမဝါကပ်ကုန်သည်၊ ဝါတွင်း ကာလ ဈေး ကန္တား များ တွင်သား
ကြီး ငါး ကြီး မရောင်း မဝယ်မပေါ် မရှိစေနှင့်၊ မောင်း ကြေး နင်း ခတ်၍
နိုင်နင်း အောင်မြစ်၊ ပြည်သူပြည်သား တို့မှာလည်း ပါဏာတိပါတ၊ အဒိန္နဒါန
သောဂရုဓမ္မတရား ငါး ပါး ကိုအမြဲ စောင့်ထိန်း ကုန်လျက် ကျောင်း ဘုရား သွား
ခြင်း ဥပုတ်သတင်း စောင့်သုံး ခြင်း ကိုကျင့် ဆောင်ကြရမည့်အကြောင်း နှင့် ရွှေ
ပြည် တော်အတွင်း ပြင် စေ့နှံ့ အောင်စည်လည်အမိန့် တော်ပြန်ဆို စေ၊ ရွှေနန်း တော်
တွင်း လည်း ဝါတွင်း လေး လ၊ တလ လေး သတင်း ကိုယ်သံဃာ တော်ရှစ်ပါး ပင့်ဖိတ်၍
တရား နာ တော်မူမည်၊ ဆွမ်း တော်ဇဉ်များ ကိုဆိုင်ရာဆင့်ဆို စေ။

11 July. 1837

(သက္ကရာဇ်) ၁၁၉၉ ခုဒုတိယဝါဆိုလဆန်း ၁၃ ရက် နေ့နား ခစ မြောင်မှူး
နေမျိုး မင်း လှသိမ်သူတွင်ပြန်။

(တောင်ခွင်ဓါစု)

ပုဏ္ဏား ဝန်ဝက္ကာ ဇေယျဖြဟ္မာသံ တော်ဆင့်မင်း တိုင်ပင်အမတ်မင်း လှမင်းကျော်၊ မင်း လှနန္ဒ ကျော်တင်၊ ပညာဇ္ဈသိဂိုနန္ဒသကြိန်ပညာဇ္ဈတစုတို့က ဘေး တော်အ လောင်း မင်း တရားကြီး ဘုရား တည် ထောင်စံ နေ တော်မူသည့်ကုန်း ဘောင် ရွှေပြည် တော်ကြီး ကိုသိုက်မိတ်နိမိတ်ကိန်း ခမ်း များ နှင့်အညီထပ်၍တည်လုပ်စံ တော်မူမည်မှာမြို့တည်နန်း တည်ဒွာဝရက်နိန်း ကိုင့်လင့် တော်မူ၍နံစံအရပ်သင့် မြတ်သည့် ကျောက် မြောင်း မြို့ကရပ် နေ တော်မူသင့် ကြောင်း မင်း ဧကရာဇ်တို့ စံ တော်မူလျှင်လည်း ရာဇဒွာနီဖြစ်၍တိုင်း ကြီး ပြည်ကြီး အင်္ဂါဆင်သံမြင်း သံရထား သံစည်ကြီး သံ၊ ခရုသင်း သံစ သော အသံဆယ်ပါး တို့ဖြင့်မဆိတ်မည် စေရ၊ မိတ်ဘက် မိတ်ဘက်တံခါး များ မှာလည်း မိတ်တံခါး ၊ မိတ်တခါး သမုတ်ပြီး လျှင်နဂရမည်ရာ သောအင်္ဂါနှင့်အညီအမိ ခြေသဘင်ကျင်း ပတည်ထား သင့်ကြောင်း များ နှင့်ဝိုးသံ တော်ဦး တင်ချက်အတိုင်း မြို့တော်ကိုမင်္ဂလာ ကျောက် မြောင်း မြို့ တော်ထပ်၍ သမုတ် တော်မူသည်၊ နန်း မြို့တော်အမည်မှာ ဘေး တော်အ လောင်း မင်း တရား ကြီး ဘုရား အပြည်ပြည် တောင်ကိုလက်နက်နိုင်ငံသွင်း တော်မူသည့်သက္ကရာဇ် ၁၁၁၄ [1752] ခုနှစ်တည်ထား ရပ် နေ တော်မူသည့်အပ္ပရာဇိတ အောင်မြို့ဖြစ်သည်၊ အရုဏ္ဏပူရ မော်ကွန်း တပ် စေ၊ စံနန်း တော်အမည်မှာ မင်္ဂလာ အောင်နန်း သမုတ် တော် မူသည်၊ နန်း တော်မာရဘင်တွင်ကမ္ပည်း ရွက်ကပ် စေ၊ မိတ် လေး ရပ်တံခါး မိတ် တံခါး များ မှာ ရှေး ဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်သမုတ် ပညတ် တော်မူသည့်ထုံး ကို ယောက်၍ ရှေ့မျက်နှာ မြောက်စွန်သူရဋ္ဌ မိတ်တံခါး ကိုဦး တိုက်တံခါးမိတ်တံခါးကိုသိစံတံခါး၊ တောင်မျက်နှာ ရှေ့စွန်း မိတ်တံခါး ကို ကေလာတံခါး ၊ ကောသိမိတ်တံခါး ကို ကျော်မျိုး တံခါး၊အ ရှေ့မင်္ဂလာပြူတံခါး ကို သေလာတံခါး ၊ နောက်မျက်နှာ တောင်စွန်း ပါပမိတ်တံခါး ကိုစိုး ရတံခါး ၊ မိတ်တံခါး ကို ယောက် ရှည်တံခါး ၊ အမင်္ဂလာအမှုဆောင်ရန်တံခါး ကိုအ ကျော်တံခါး ၊ မြောက်မျက်နှာ နောက် စွန်အမြို့ဌာ မိတ်တံခါး ကို လေသွန်တံခါး ၊ မိတ်တံခါး ကို မျိုးဦး တံခါး သမုတ် တော်မူသည်၊ မော်ကွန်း တိုင်ထိုက် စေ၊ တောင်မျက်နှာ နောက်စွန်တံခါး မှာအမင်္ဂလာအမှုကိုမ ဆောင်ကြ စေနှင့်၊ အ ကျော်တံခါး ကသာ ဆောင်ကြ စေ၊ အိမ် ရှေ့သတင်း ချထား ရန်မှာမင်း ထွက်မင်း ဝင်လမ်း မ တော်ကိုလှပ်၍နန်း တော် တောင်ကတ ရှေး ၊

နန်းတော်မြောက်ကတာဈေး ၊ နန်းတော်အနောက်ကတာဈေး ၊ မြို့ပြင်သင့်
ရာတွင်နှစ်ဈေး ချထား ရောင်းဝယ်နေထိုင်ကြစေ။

(18) July 1837

(သက္ကရာဇ်) ၁၁၉၉ ခု (ဒုတိယ)ဝါဆိုလပြည့်ကျော် ၁ ရက် နေ့နားခံ နေမျိုးနော်ရထာတွင်ပြန်။

(တောင်ခွင်စာစု)

ဘုန်း တော်အလွန်ကြီး မြတ် တော် မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ နှစ်စဉ်ဆီမီး တန် ဆောင်ညှိထွန်း ပူ ဇော်ရန်များ မှာပညာ
ရှိမင်း တိုင်ပင်အမတ်မင်း လှမင်း ကျော်၊ မင်း လှနန္ဒ ကျော်တင်တို့ကကံရာသီ
ကသည်တုရာသီသို့ နေ့အ ပြောင်း အ ရောက်ကို ထောက်၍ ရာဇ မတ္တက်ကျမ်း နှင့်
15 October 1837
အညီသတင်း ကျွတ်လပြည့် ကျော် ၁ ရက် နေ့ကစ၍တန် ဆောင်း မုန်း လပြည့် ကျော် ၁
13 November 1837
ရက် နေ့တိုင်ရက် ပေါင်း ၃၁ ရက်ကိုအာကာသဆီမီး ထွန်း ညှိပူ ဇော်သင့် ကြောင်း
နှင့်တင် လျှောက်သည်၊ ပုဏ္ဏဝန်သီရိဝိဇ္ဇာအဓိကာရီစကြ တေကလည်း ကြတ္တိကာ နက္ခတ်
နှင့်စန်း ရှည်သည်အခါဆို သော ကြောင့်တန် ဆောင်မုန်း လမှကြတ္တိကာ နက္ခတ်စန်း
29 October 1837
ရှည် မည်ဖြစ်၍တန် ဆောင်မုန်း လဆန်း ၁ရက် နေ့ကသည်တန် ဆောင်မုန်း လကုန်
27 November 1837
တိုင်အာကာသဆီမီး ပူ ဇော်သင့် ကြောင်း ဘုံး တော်ဘုရား လက်ထက်အမိန့် တော်
ရှိ ကြောင်း များ နှင့်တင် လျှောက်သည်၊ ပညာရှိတို့မညီမညွှတ်ကွဲပြား စေရမည်မ
ဟုတ်၊ ဆီမီး ပူ ဇော်ခြင်း သည်ကုသိုလ် တော်အရာဖြစ်၍သာသနာပိုင်ဆရာ တော်
ကို လျှောက်ထား စေရာတွင်တန် ဆောင်မုန်း လကြတ္တိကာ နက္ခတ်သာတင်မှာအကြင်သူ
သည်နတ်ကိုလည်း ကောင်း ဗြဟ္မာကိုလည်း ကောင်း ရည်၍ဆီမီး ထွန်း ညှိပူ ဇော်သည်
ဖြစ်အံ့၊ ထိုသို့ထွန်း ညှိပူ ဇော် သောသူအား ကောင်း ကျိုး များ ရှာ ပေး သည်ဟု၍
လောကီကျမ်း တွင်ဆိုသည်၊ ဆီမီး မြင့်မိုရ်မီး ဖြူမီး ဝါစသည်များ မှာမြတ်စွာဘု
ရား သတင်း ကျွတ်လပြည့် နေ့တာ ဝတိံသာ နတ်ပြည်ကသင်္ကာသနဂိုရ်သို့သက်ဆင်း တော်
မူသည့်အခါလ ရက်ကိုစွဲလမ်း ၍ဆီမီး မြင့်မိုရ်မီး ဖြူမီး ဝါစသည်ဖြင့်ထွန်း ညှိပူ ဇော်
ခြင်း သည်သာသနာကျမ်း လောကုတ္တရာကုသိုလ် တော်အရာဖြစ်သည်၊ သာသနာ
14 October 1837
ကျမ်း လောကီကျမ်း ၂ရပ်ထုံး စံနှင့်အညီသတင်း ကျွတ်လပြည့် နေ့ဆီမီး မြင့်မိုရ်မီး
29 October 1837
ဖြူမီး ဝါစသည်ဖြင့်ညှိထွန်း ပူ ဇော်ခြင်း တန် ဆောင်မုန်း လဆန်း ၁ရက် နေ့က
27 November 1837
စ၍တန် ဆောင်မုန်း လကုန်တိုင်အာကာသဆီမီး ထွန်း ညှိပူ ဇော်ခြင်း များ ကို
ပြုအပ်သည် မိန့်ဆို တော်မူချက်အတိုင်း ရွှေမြို့ တော်လမ်း သေး လမ်း မများ ကို
14 October 1837
ပြင်ဆင်သန့်ရှင်း ၍သက္ကရာဇ် ၁၁၉၉ခုသတင်း ကျွတ်လပြည့် နေ့ဆီမီး မြင့်မိုရ်မီး
29 October 1837
ဖြူမီး ဝါစသည်ဖြင့်ထွန်း ညှိပူ ဇော် စေ၊ တန် ဆောင်မုန်း လဆန်း ၁ရက် နေ့က

30 September 1837

27 November 1837

စ၍တန်ဆောင်မုန်း လကုန်တိုင်အာကာသဆီမီး ထွန်း ညှိပူဇော်စေ၊ ဆင့်ဆိုလုပ်ဆောင်
စီရင်ရန်ရှိသည်များ ကိုပြီး ပြေအောင်ပုပ်ဆောင်စီရင်။

30 September 1837

(သက္ကရာဇ်) ၁၁၉၉ ခုသတင်း ကျွတ်လဆန်း ၁ရက် နေ့နား ခံ ပြေ့ကြီး မှူး
နေမျိုး မင်း လှသိမ်သူထွင်ပြန်။

(တောင်ခွင်ဓါရု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ မိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်အ လောင်း အလျာ စကြာ မန္ဓာတ် မင်း တို့ကျင့်ထုံး ဖြစ် သော ရာဇဓမ္မမင်း ကျင့်တရား အ ပေါင်း ကိုမြဲမြန်စွာဖြည့် ကျင့်ရွယ် ဆောင် တော်မူလျက်သာသနာ တော်အစီး အပွါး ရဟန်း ရှင်လူပြည်သူတို့ အစီး အပွါး များ စေ ကြောင်း ကိုတရား သဖြင့်ထိန်း သိမ်း တော်မူ၍သာသနာ တော် ရေး လောက ရေး တို့ကို စောင့် ရှောက် တော်မူသည်၊ သတ္တဝါအ ပေါင်း ချမ်း သာ စေ ကြောင်း လောကတ္ထစရိယအကျိုး ကို ထောက် မြှော် တော်မူ၍လည်း ပြည်သူဆင်း ရဲသား တို့တွင် ကြေး ငွေမကုန်မကျမပင်မပန်း စေရ၊ ကင်း သင်း အ တောက်အ စား အခွန်ဘဏ္ဍာ များ ကိုလွတ်ငြိမ်း စေပြီး လျှင်အသုံး တော် ပေါ်ထွက်သမျှကို ကြေး တော် ငွေ တော်ထုတ် ပေး သုံး ဆောင် တော်မူမည်၊ တိုင်း တော်ပြည် တော်သည်အ မျိုး လေး ပါး ရောမွှမ်း ရာတိုင်း တပါး မှကုန်သည်တဲကား တို့ကူး သန်း သွား လါ သောက်ကား ရောင်း ဝယ်နို မှီး ပေါက် ရောက်ကြသည့်တိုင်း ကြီး ပြည်ကြီး ဖြစ်သည်၊ ကြေး ငွေအသုံး အ ဆောင်များ မှာဘိုး တော်ဘုရား လက်ထက် တော်သမိုင်း စာ ဟောင်း ကို ထောက်၍အဂိုက်အရာဆက်ခံ စိုး အုပ်ကုန် သော သား တော် မြေး မြစ် မင်း ဧကရာဇ်တို့ဆက်လက်သုံး ဆောင် စေခြင်း ငှါတိုင်း ကြီး ပြည်ကြီး အဂါနှင့်အညီ ဒင်္ဂါး ခတ်လုပ်သုံး ဆောင်ကြရသည်၊ ငါ့ရွှေလက်ထက် တော်လည်း ပြည်သူတို့အကျိုး စီး ပွါး များ ၍သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အညွန့်အဆွန့်ရှည်စွာတည် တွန်း စေခြင်း ငှါဒင်္ဂါး အသုံး အ ဆောင်ကိုသုံး ဆောင်ကြ စေ ပညတ် တော်မူသည်၊ ဘိုး တော်ဘုရား လက်ထက် တော်ခတ်မှတ်သည့်အတိုင်း ငွေ တော်ထုတ်၍ခတ် စေ၊ တံ ဆိပ်အက္ခရာမှာကပ္ပဋ္ဌိတိဌာန လေး ရပ်အမြဲတည်သကဲ့သို့ကမ္ဘာပတ်လုံး မတိမ်မြုပ် တည်တွန်း စေခြင်း ငှါနန်း စံ တော်သင့်ရာလစန်း သဏ္ဍာန်ခပ်သည်၊ ငွေဒင်္ဂါး တွင်၂လါကြိုဟ်ဇိမာန်နှင့်ပဒုမ္မာကြာခံတဘက်၊ ယုန် ရေး တံဆိပ်(တ)ဘက်သင့်မြတ် ပါကြောင်း နှင့်မင်း တိုင်ပင်အမတ်ပညာရှိတို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ရေး သား ခတ်မှတ် စေ။

10 October 1837

(သက္ကရာဇ်) ၁၁၉၉ခုသတင်း ကျွတ်လဆန်း ၁၁ရက် နေ့နား ခံ ပြော့ကြီး

10 October 1837

မှူး နေမျိုး မင်း လှ ကျော်တင်ထွင်ပြန်။
(တောင်ခွင်ဓါဓု)

တုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်။ အဝမြို့တွင် နေခင် တော်ဘုရား မကျန်း မမာသည်ကိုမင်း ညီမင်း သား မှူး မတ်ပြည်သူတို့အဖြောင့်အမတ်မကျင့်မကြံ။ ပြည်သူပြည်သား တို့ချမ်းသာမရဆင်း ရဲကြီး စွာရှိကြသည်။ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်သတ္တဝါအပေါင်း တို့အား သနား တော်မူခြင်း ဖြင့်အလောင်း အလျာစကြာမန္တတ်မင်း တို့ကျင့်ထုံး ဖြစ်သောဗြဟ္မစိုရ်တရား ကို ရွှေနှလုံး သွင်း ထိုး ရင်း တော်မူလျက်တုန်း ဘောင် ရွှေပြည် တော်ကြီး သို့ ရွှေစက် တော်မြတ်ဖြန့် တော်မူပြီး လျှင်မ တော်မတရား ကျင့်မှား သမ္မဗိန္တာရန်တိုသုတ်သင်သန့်ရှင်း စေမည်။ သား တော်နှစ်ဦး ကိုအရေး လွှဲအပ်၍ ဗိုလ်မှူး ဗိုလ်ချုပ်ခန့်ထား သန့်ရှင်း စေရာ ရွှေဘုန်း တော်မြတ် ကြောင့် အရေး တော်ပြီး ပြေသည်။ ရဲမက် တော်တို့မညီမညွတ်တိုက်ဖျက်သိမ်း ယူကြသဖြင့်ပြည်သူတို့ သေကျေပျက်စီး မည့်ဘေး ဥပတ်ကိုမြင် တော်မူ၍ စကိုင်း မြို့ကရပ်စံ တော်မူပြီး လျှင်သတ္တဝါအပေါင်း တို့အား မယိမပါး စေရ။ ချမ်း သာသဖြင့်သာသနာ တော် ရေး တိုင်း ရေး ပြည် ရေး အလုံး စုံကိုသိမ်း ဆည်း စောင့်ရှောက် တော်မူသည်။ အဝမြို့သည်ထီး သုံး နန်း သုံး ဖြစ်၍ ရွှေနှလုံး တော်သန့်ရှင်း တော်မမူ။ နှစ်သက် တော်မူရာတုန်း ဘောင် ရွှေပြည် တော်ကြီး တွင်ထီး နန်း ကနက်တိုက် ဆောက်ဖုံး စံ တော်မူမည်။ မင်္ဂလာမြစ်ဆိပ် ကျောက်မြောင်း မြို့တွင်ရပ်စံ တော်မူသည်။ မင်း ညီမင်း သား မှူး မတ်ပြည်သူတို့ကအမရပူရမြို့ တော်သည် ရွှေချက်သို့ တော်မူရာမင်္ဂ လာမြို့ဖြစ်ပါသည်။ ဘုန်း တော်ကြီး ရာသက် တော်ရှည်ရာ သောအကြောင်း ကိုထောက် တော်မူ၍ဘိုး တော်ဘုရား အငိုက်အရာ အောင် မြေ အောင်ရပ်ဘုမ္မိနက်သန်မှန် သောအမရပူရမြို့တွင်စံ တော်မူပါမည့်အကြောင်း နှင့်တညီတညွတ်ရှိခိုး သံ တော်ဦး တင်သည်။ ပြည်သူတို့နှင့်မဆန့်ကျင် မှုလိုက် လျော စွာပြုခြင်း ။ အဝိရောဓနတရား ရှင်ဖြစ် တော်မူ၍ နန်း စံ တော်သင့်မြတ်သည့်အရပ် ဒေသဌာနဇာင်မစသည်များ ကို ရွေး ချယ် တော်မူရန်ကျမ်း ဂန်ပါဠိအထွက်အဋ္ဌစကား သိုက်ဓါတ်နိမိတ်အထောက် အထား များ နှင့်တကွညီလာသဘင် တော်တွင် ဆွေး နွေး နှိုင်း ရှည် တော်မူရာဆ ရာ တော်သဃ်ာ တော်တို့ကဘိုး တော်ဘုရား စံ တော်မူသည့်အမရပူရမြို့သည်အလေါင်း

အလျှာတို့စံထိုက်ရာပဋိရူပဒေသအရပ်ဖြစ်၍ မင်းဆက်တကာတို့ရခဲ့စွာ သောဆဒ္ဒန် ဆင်မင်းကိုရခြင်း၊ ရတ္တပူရတိုင်း နာဂသုဏ္ဍတိုင်း အာသံတိုင်း မှစ၍ဘိုယ်ယက်ခံကုန် သောတိုင်းပြည်ထီး နန်းဆောင်း မင်းအပေါင်းတို့ပျပ်ဝပ်ကျိုးနွံ ကျွန်တော်မျိုး ခံ ရောက်ခြင်း၊နန်းစံ ၃ဂနှစ်တိုင်ထိုင်သဗ္ဗဝါအပေါင်းတို့အား တရား စည်ကြီး တီး တော်မူ၍ယက် တော်မြင့်ရှည်တည် တော်မူခြင်း တည်း ဟူ သောအကျိုး ထူး အ ပေါင်း နှင့်ပြည့်စုံပါသည်၊ အမရပူရမြို့တွင်စံ တော်မူသဖြင့်သာသနာ တော် ရေး လောက ရေး နှင့်တကွအလုံး စုံသင့်မြတ်ပါကြောင်း ကိုဇာတ်နိပါတ်ဝတ္ထုသက် သေကျမ်း ဂန်ပါ ဠ်အထွက်အဋ္ဌမှား နှင့် မေဗ္ဗာစာဆက်သွင်း သည်၊ ပညာဋ္ဌိတို့ကလည်း သမိုင်း စာ ဟောင်း သိုက်ဓါတ်နိမိတ်စံနည်း တ တောင်ဋ္ဌိသည်များ ကိုဆရာ တော်တို့နှင့်တကွဲမ ပြား တည်တည့်တ်ဋ္ဌိနိုး သံ တော်ဦး တင်သည်၊ ဘိုး တော်ဘုရား တည်ထား တော်မူ ရင်း ထည်း အရိုက်အရာဆက်ခံစိုး အုပ်ကုန် သောသား တော် မြေး မြစ်မင်း ကေ ရာဇ်တို့သာသနာ တော် ရေး တိုင်း ရေး ပြည် ရေး ကို စောင့်ရှောက်ရစ် စေ မည်ရည်ရွယ် တော်မူရင်း ဖြစ်သည်၊ ရွှေချက်သို တော်မူရာမင်္ဂလာမြို့လည်း မှန် သည်၊ ငါ့ရွှေလက်ထက် တော်ပြည်သူတို့အကျိုး စီး ပွါး များ မြဲသား တော်အစဉ် မြေး တော်အဆက်မြစ် တော်အညွန့်အခွန့်ရှည်စွာတည် စေခြင်း ငှါဘိုး တော်ဘုရား အဋ္ဌက် အရာအမရပူရမြို့တွင်ထီး နန်း ကနက်စိုက် ဆောက်စိုး စံ တော်မူမည်၊ မြို့ တော်နန်း တော်မှစ၍ မင်္ဂလာအခမ်း အနား လုပ် ဆောင်ရန်ဋ္ဌိသည်များ ကိုပြီး ပြေ ကောင်း မှန် အောင်လုပ် ဆောင် စေ၊ အခါနေ့ရက်ကိုလည်း ပညာဋ္ဌိတို့က ရွေး ချယ်ဆက်သွင်း စေ၊ အခမ်း အနား အလုပ်အ ဆောင်များ တွင်မြို့ရွာဆင်း ရဲသား တို့ကို ကြေး ငွေ မကုန်ကျ စေနှင့်၊ ငွေ တော်ထုတ်ယူလုပ် ဆောင် စေ။

11 November 1837

(သက္ကရာဇ်) ၁၁၉၉ ခုတန် ဆောင်မုန်း လဆန်း ၁၄ ရက် နေ့နာ ခီ နေမျိုး နန္ဒမိတ် ရွှေ တောင်တွင်ပြန်။

(တောင်ခွင်စါစု၊ မှန်တိုင် ၆ပ)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်။ ငါအသျှင်ကေရာဇ်မင်း မြတ်သည်သာသနာ တော်အစီး အပွါး
တိုင်း နေပြည်သူရှင်လူအ ပေါင်း တို့အကျိုး စီး ပွါး ကို မျှော် ထောက် တော်မူ၍အာမ
ရပူရ ရွှေမြို့ ထော်မှ ရွှေစက် တော်မြတ်ဖြန့်ချိ တော် မူပြီး လျှင် ဘေး တော်အ လောင်း
မင်း တရား ခမည်း တော်မင်း တရား တို့ရန်အ ပေါင်း ကို အောင်မြင် တော်မူ
ရာရတနာသိမ်ကုန်း ဘောင် ရွှေပြည် တော်ကြီး တွင်ထီး နန်း ကနက်ဖိုက် ဆောက်
စံ နေ တော်မူမည်ရည်ရွယ် တော်မူသည်ကိုသာသနာပြုဆရာ တော်နှင့်တံဆိပ် တော်
ရဆရာ တော်တို့တရတနာသိမ်ကုန်း ဘောင်ပြည်ကြီး သည်ဘုမိဘာဂသမ္ပတ္တိ ဂုဏ်။ မ
နုဿသမ္ပတ္တိ ဂုဏ် စသည်တို့နှင့်ပြည့်စုံသည်ဖြစ်၍ စံ နေ တော်မူသင့် သော်လည်း ဘုရား တော်
မူရာ မယ် တော်ခမည်း တော်ဘိုး တော်ဘွား တော် ဘေး တော်မင်း မြတ်တို့စံ နေ
တော်မူရာအမရပူရ ရွှေပြည် တော်ကြီး သည်နာနာပုဋဇာဘဒနဂုဏ်။ နဒီပဗ္ဗတ
သောဘိတဂုဏ်။ အာရာမရာ နောပမနဂုဏ်။ တဋ္ဌာက ပေါက္ခရဏီသမ္ပန္နဂုဏ်။ သုတ
ဝဏ္ဏန်မ္ဗိတဂုဏ်။ ဘာဂျကျက္ခဇနမနုဿဂုဏ် စသည်တို့နှင့်ပြည့်စုံ၍အာဋ္ဌာဝကမဏ္ဍာမည်
သော နတ်မြို့ကဲ့သို့ လောက် လောကုတ္တရာအကျိုး စီး ပွါး ဖြစ်ထွန်း ရာပဋိရူပဒေသ
အရပ်ဖြစ်၍ စံ နေ တော်မူသင့် ကြောင်း ကိုကျမ်း ဂန်ပါဠိအထွက်အရှိများ နှင့်စာ
ဆက်သွင်း သည်။ မင်း ညီမင်း သား မှူး တော်မတ် တော်ပုဏ္ဏား ပညာရှိလူပညာ
ရှိတို့ကလည်း သိုက်ဓါတ်နိမိတ်စံနည်း တ ဘောင်အ ထောက်အထား များ နှင့်အမရပူ
ရရွှေမြို့ တော်မှာ စံ နေ တော်မူသင့် ကြောင်း ကိုရှိခိုး သံ တော်ဦး တင်သည်။ ပြည်
သူသဏ္ဍာဝါအ ပေါင်း တို့လည်း အမရပူရ ရွှေမြို့ တော်တွင်စံ နေ တော်မူမည်ကိုတညီတညွတ်
အာသာဆန္ဒပြင်း စွာ ရှိကြသည်။ ငါအသျှင်ကေရာဇ်မင်း မြတ်သည်လည်း ကိုယ် တော်
၏အကျိုး စီး ပွါး ကိုငဲ့ကွက် တော်မမူရဟန်း ရှင်လူပြည်သူသဏ္ဍာဝါအ ပေါင်း တို့အကျိုး စီး
ပွါး သာသနာ တော်မြတ်အစီး အပွါး များ ကို ဆောင်ရွက် တော်မူမည်ရည်ရွယ် တော်
မူ၍ မင်း အဖြစ်ကိုယူ တော်မူသည်။ ရာဇဓမ္မဆယ်ပါး တွင်အဝိ ရောဓနတရား နှင့်
အညီဆရာ တော်သဃာ တော်မင်း ညီမင်း သား မှူး တော်မတ် တော်ပုဏ္ဏား ပညာ
ရှိလူပညာ ရှိတို့တညီတညွတ်ဆက်သွင်း တင် လျှောက်ကြသည့်အတိုင်း ဘေး တော်ဘုရား

(11 November 1837)

ခမည်း တော်ဘုရား တို့အဂ္ဂိတ်အရာ တော်ဖြစ် သော အမရပူရ ရွှေမြို့တော်တွင် စံနေ တော်မူမည်၊ ကောင်း မြတ် သော မင်္ဂလာ အခါ နေ့ရက်ကို ပညာရှိတို့က ရွေး ချယ်ဆက်သွင်း စေ။

(11 November 1837)

(သက္ကရာဇ် ၁၁၉၉ ခုတန်ဆောင်မုန်း လဆန်း ၁၄ ရက်နေ့)

(တောင်ခွင်စါရု)

မြတ်စွာဘုရား ဟောကြား တော်မူသော ပိဋကတ်ကျမ်း ဂန်စာ ပေများ ကို
ရေး သား ပြုစုကိုး ကွယ်ရင်း တကာတို့ကအသီး အသီး ရေစက်သွန်း၍ လှူဒါန်း ဖို့
သည်ကိုဆင့်ကဲ၍ ရောင်း ဝယ်ကြ ကြောင်း များ နှင့် ရွှေနား တော်မြတ်ကြား သိ
တော်မူရသည်၊ ပိဋကတ်ကျမ်း ဂန်စာ ပေများ ကို ရောင်း သူလည်း မ ရောင်း
စေနှင့်၊ ဝယ်သူလည်း မ ဝယ် စေနှင့်၊ ကိုး ကွယ်လိုလျှင်အသစ် ရေး သား ပြုစုကိုး
ကွယ်ကြ စေ၊ အမရပူရ ရွှေမြို့ တော်သို့ထွက်စံ တော်မူမည်မှာ ကောင်း မြတ်သည့်မင်္ဂ
လာအခါနေ့ရက်ကိုပညာရှိတို့က ရွေး ချယ်ဆက်သွင်း ချက်အတိုင်း သက္ကရာဇ် ၁၁၉၉
10 December 1837
ခုနတ် တော်လဆန်း ၁၃ရက် နေ့ ရေ ကြောင်း ထွက်စံ တော်မူမည်၊ ဘောင် တော်
သမ္ဘာန် တော် လှေ တော်မှစ၍ ရွှေတပ် နောက်တပ်ခင်း ကျင်း ရန်ဆင် တော်မြင်း
တော်ရထား တော်မှစ၍ စစ်အင်္ဂါလေး ပါး ဆင်မြင်း ရထား ခြေသည်ကြည်း ကြောင်း
ခင်း ကျင်း ရန်ကြည်း ဘက် ရေဘက်ခန့်ထား စီရင်ရန်ရှိသည်ကိုပြီး ပြေ အောင်စီ
ရင်၊ စာရင်း ကိုလည်း သွင်း ၊ တပ်မ တော်ဦး တွင်မာရ်ငါး ပါး ကို အောင်မြင်
ရာမြတ်စွာဘုရား ရုပ်ပွါး ဆင်း တု တော်ကို လှော်ကား တော်နှင့်တင်၍ ရွှေဖျား
ပင့်ဆောင် စေ။

21 November 1837
(သက္ကရာဇ်) ၁၁၉၉ခုတန် ဆောင်မုန်း လပြည့် ကျော် ၉ရက် နေ့နား ခ
နေမျိုး နော်ရထာတွင်ပြန်။
(တောင်ခွင်စါရှု)

မင်း ညီမင်း သား မင်း မိဘုရား မှူး တော်မတ် တော်တို့မှာအသီး အသီး အထိုက်အလိုက်စား ကျေး မြို့ရွာ ကျေး ကျွန်သင်း ပင်း သနား တော်မူ၍ရှိသည်၊ ရွှေပြည်တံခွန်၊ ရွှေပြည်ရန် အောင်မြင်း မှစ၍ ခြောက်တို့ဝင်း လေး မျက်နှာအစုသေနတ်အမှုထမ်း လူတို့ကိုလက်မခံကြ စေနှင့်၊ ကပ်ဖို့လက်ခံသည် လျှောက်ထား ကြား သိရလျှင်နှစ်ခွန်း ချေရမည်မမှတ်နှင့်။

4 December 1837

(သက္ကရာဇ်) ၁၁၉၉ ခုနတ်တော်လဆန်း ၇ ရက် ၃ နေ့ နား ၁ နေမျှ နန္ဒမိတ်တွင်ပြန်။

(တောင်ခွင်စာစု)

သကျသာကီဝင်မင်း တို့ဝယတဝေး မပြား အမျိုး စဉ်ဆက်ဖြစ်စေခြင်း ငှါသား
တော်သမီး တော်တို့ကိုယိမ်း မြွား လက်ထပ်သည့်ထုံး စံကဲ့သို့နန်း မတော်မိဘုရား
ခေါင်ကြီး တွင်မြင်သည့်သား တော်ရွှေ တောင်မင်း သီရိမဟာသုဓမ္မရာဇာ
ကို မဏ္ဍရာမင်း မဟာသီရိသုဓမ္မရာဇာသမီး နှင့်ယိမ်း မြွား လက်ထပ်မင်္ဂလာ
ဆောင်တော်မူမည်၊ အခမ်း အနား မှာဘိုး တော်ဘုရား လက်ထက် တော်မင်း
သား ကြီး တို့ကိုလက်ထပ်မင်္ဂလာ ဆောင်တော်မူရာစီရင်သည့်နည်း ဆင့်ဆိုခန့်ထား
စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင်စီရင်၊ အခါနေ့ရက်ကိုလည်း ရွေး ချယ်
ဆက်သွင်း စေ။

5 April 1838

(သက္ကရာဇ်) ၁၁၉၉ခု (နှောင်း)တန်ခူး လဆန်း ၁၁ရက် နေ့နား ခ
နေမျိုး နေဘ်ရထားတွင်ပြန်။
(တောင်ခွင်စါစု)

နေမျိုးသီဟကျော်သူ၊ ရွှေတောင်ဇေယရန်အောင်တို့ကိုဆင်ဝန်၊ င ရွှေလုံး၊ င
ရွှေပုံတို့ကိုဆင်စာချီခန့်။

22 April 1838

သက္ကရာဇ် ၁၂၀၀ (ပြည့်) (ဦး) တန်ခူး လပြည့်ကျော် ၁၃ ရက် နေ့နား ခ
နေမျိုးနန္ဒမိတ် ရွှေတောင်ထွင်ပြန်။
(မှိုး ကြည့်၊ ပု၊ ၆၀၄)

မင်းသမီး နေ့တက် နေက တော်မယား တို့ကိုသနား တော်မြှတ်ခံ စေရန် မှတ်လျှ
ကနွဦး တဘက်ပါ၊ အပေါင်၊ အခွက်အနီ၊ ကမွတ်၊ ဇာတာသိမ်၊ အတွင်း မှော်
ရွှေ၊ ယောင်ဖြေ ပန်းဆုပ် ပန်းသွန်း၊ ဇိန်တောင် ရွှေ၂စု အနီတစု၊
ဘ်နပ် ဆင်ခြေတုံး၊ ထုပြောက်ကြာ၊ ဘောင်သင်း ရှော၊ ပန်းလျှ၊ ကြာနု၊ အ
ထက် အမိုး အုံနီ၊ အချက်အထွတ် ရွှေ၊ ချင်ပိတ် မှော်တန်း ဝတ်ဆံ ရွှေ၊ သံတောင်
လည် ကြာနုဝတ်ဆံ ရွှေ၊ ယောင်ဖြေခြီး၊ တော်ရနောင်စိုက်၊ ရွှေ၂စု အနီတစု၊
အဆော်တင်၊ အဖြေ သရက်ကင်း ရွှေ၂စု၊ အနီတစု၊ ကနွဝါတိုင်၊ မှုတ်ဂိုး ပွတ်
ခံ အနီသုတ်၊ အကာ ကတ္တီပါ၊ ကမွတ်တဆင့်သတ်၊ တိုင်း အချက်အထွတ် ရွှေ၂၊ အ
အုံ အငွက် အဂိုး အနီသုတ်၊ ယဉ်လည်ပေါ် ရွှေ၂စု အစိမ်းတစု၊ အကာ ကတ္တီ
ပါ ရွှေယက်ပြား တဆင့်သတ်၊ အဆင်တန်ဆာ၊ မြှိတ်ရစ်၊ မြှိတ်ခံ၊ ရွှေသား ပန်း
ကုံး ဇာဘောက်၊ အတွင်း ရောင်ပြား အနီခံ၊ ဇိန်တောင်၁၅၊ အနား သ
ရက်ကင်း ထုပြောက်၊ အလယ်ဖီလာ ဆံထိုး ဆံကျင်၊ လေးမျက်နှာ၊ ညောင်
ရွက် သရက်ကင်း၊ ထုပြောက် ရောင်ပြား အနီခံ၊ အတွင်း အလယ်ရောင်
လင်း၊ မြှိတ်ကွင်း သရက်ကင်း၊ ရွှေနောက် ရွှေသား ကုလား ပန်း၊ ထု
ပြောက်၊ အတွင်း ရောင်ပြား အနီခံ၊ အလယ် ရောင်လင်း၊ ဆံတိုင် ရွှေသား
ဇာဘောက် ရောင်ပြား အနီခံ၊ ရွှေနား တောင်း မီး တွင်း ဆူး ၂ထပ်၊
သိုရင်း လက်ရင်း လက်ဖျား ရွှေကြက်သွန်မြိတ်ယက်၊ ထဘီဘဲစပ်၊ တဘက်မြိတ်
ဆက် ရွှေပုဇွန်ဆီဘ်ဒိ၊ အနား ပိုး စုံသတ်၊ လက်လိုက် ပုတီး၊ ကွမ်း ခွက်၊ ဘ
ဘက်အိုး တကောင်း ပိတ် ရွှစ်ယောင် ပယင်း တပ်၊ ကွမ်းလိပ်ခွက်မြှော ပယင်း
တပ်၊ မုံး ကြိုး ထွေး အင်၊ ဆောင်း ထီး ရွှေအလယ်သံင်္ဂလှပ် သနား တော်မူသည်၊
ဇွန်မြို့စား၊ တောင်ပြုံးကြီး မြို့စား၊ ယောမြို့စား ကတော်၊ ကျီဝန်ကြီး က
တော်တို့မှာယဉ် ရွှေ၂စုအနီတစုသနား တော်ခံစေ။

သက္ကရာဇ် ၁၂၀၀ပြည့်ကဆုန်လဆန်း ၃ရက် နေ့တွင်ပြန်။ 26 April 1838

(မကွေး လှစိုး)

ကတော်နေရာနေတို့ကိုသနား တော်မြတ်ခံစေရန် မှတ်လှ၊ တန္တား ဦး တ
ဘက်ပါ၊ အပေါင် ၊အခွက် အနီ၊ ကမွတ် ဇာတာအိမ်၊ အတွင်း မှော်ရွှေ၊
ထောင့်ဖြေ ပန်းဆုပ် ပန်းသွန်း ၊ ဖန်တောင် ရွှေ၂စု အနီတစု၊ ဘိနပ်
ဆင်ခြေဘုံး ၊ထုပြောက် ကြာ၊ ဘောင်သင်း ချော၊ ပန်းလှ၊ ကြာနှ၊ အထက်
အဖုံး အုံနှ်၊ အချက်၊ အထွက်ရွှေ၊ ချင်ဝိတ် မှော်တန်း ဝတ်ဆံရွှေ၊ ထောင့်ဖြေ
ခြီး ၊ တော်ရနောင်ဖိုက်၊ ရွှေ၂စု အနီတစု၊ အဆော်တင်အဖြေ သရက်ကင်း ၊
ရွှေ၂စု အနီတစု၊ ကန္နဝါတိုင်၊ မှုက်ရိုး ပွတ်ခံ အနီသုတ်၊ အကာ ကတ္တီပါ၊ ကမွတ်
တဆင့်သတ်၊ ကျိုင်း အချက် အထွက် ရွှေ၂၊ အအုံ အခွက် အရိုး အနီသုတ်၊ ယဉ်
လည်ပေါ် ရွှေတစု အနီ၂စု၊ အကာ ကတ္တီပါ ကမွတ်တဆင့်သတ်၊ အဆင်တန်ဆာ၊
မြွတ်ရစ်၊ မြွတ်ခံ၊ ရွှေသား ပန်းကုံး ဇာဘောက်၊ အတွင်း ရောင်ပြား အ
နီခံ၊ ဖန်တောင်၁၅၊ အနား ဘရက်ကင်း ထုပြောက်၊ အလယ်ဖလာ ဆံထိုး
ဆံကျင်၊လေး မျက်နှာ ညောင်ရွက် သရက်ကင်း ၊ထုပြောက် ရောင်ပြား အနီခံ၊
အတွင်း ၊အလယ် ရောင်လင်း ၊မြွတ်ကွင်း သရက်ကင်း ၊ ရွှေနောက် ရွှေသါး
ကုလား ပန်း ၊ထုပြောက်၊ အတွင်း ရောင်ပြား အနီခံ၊ အလယ်ရောင်လင်း ၊
ဆံတိုင်ရွှေသား ဇာဘောက် ရောင်ပြား အနီခံ၊ ရွှေနား တောင်း မီး
တွင်း ဆူး ၂ထပ်၊ သိုရင်း လက်ရင်း လက်ဖျား ရွှေကြက်သွန်မြိုး သတ်၊ ထဘီဘဲ
စပ်၊ တဘက်မြွတ်ဆက် ရွှေပုဏ္ဏန်ဆံ်ဒိ၊ အနား ဖုံး စုံသတ်၊ လက်လိုက် ပုတီး ၊
ကွမ်း ခွက် လဘက်အိုး တကောင်း ဝိတ်ရှစ်ထောင့် ပယင်း တစ်၊ ကွမ်း လိပ်
၃မြွာ ပယင်း တစ်၊ ငွေ ထွေး အင်၊ ဆောင်း ထီး ရွှေအလယ်သံငှံလှပ်သနား
တော်မူသည်။

အမိန့်တော်အတိုင်း သနား တော်မြတ်ခံရသူ

၁ မင်း ကြီး မဟာမင်း ထင်မင်း ခေါ်င်ကတော် — ၁ ရွှေ့ဝင်း မှူး
၂ မင်း ကြီး မဟာမင်း လှနော်ရထာကတော် — ၁ အတွင်း ဝန်
၃ မင်း ကြီး မင်း လှမဟာမင်း ထင်ကတော် — ၁ လက်ဝဲဝင်း မှူး
၄ မင်း ကြီး မင်း ခေါ်င်ကတော် — ၁ နောက်ဝင်း မှူး
၅ မင်း ကြီး သိဂ်ဳမတာနန္ဒသကြိန်ကတော် — ၁ အတွင်း ဝန်

(26 April 1838)

၆ မင်းလှသန်ယာကတော် ၁ မြို့ဝန်

၇ မင်းကြီး မဟာမင်းလှမင်းထင်ကတော် ၁ လက်ျာဝင်းမှူး

၈ မဟာမင်းကလေးကတော် ၁ အတွင်းဝန်

(26 April 1838)

(သက္ကရာဇ် ၁၂၀၀ ပြည့် ကဆုန်လဆန်း ၃ ရက်နေ့တွင်ပြန်)

(မကွေး လှစံစု)

ရွှေသွယ် နေရှိ နေတို့ကိုသနားတော်မြတ်ခံ စေရန် မှတ်လှ၊ ကန့္ဒား ဦး ၊ တဘက် ပုံ၊ အပေါင်၊ အခွက်အနီ၊ ကမွတ် ဇာတာအိမ်၊ အတွင်း မှော်ရွှေ၊ ထောင့်ဖြေ ပန်းဆုပ် ပန်းသွန်း၊ စိန်တောင် ရွှေ၂စု အနီတစု၊ ဘီနပ်၊ ဆင်ခြေဘုံး၊ ထုပြောက်ကြာ၊ ဘောင်သင်း ချော၊ ပန်းလှ၊ ကြာနု၊ အထက် အမိုး အုံနီ၊ အဖွတ် အချက်ရွှေ၊ ချင်ပိတ်၊ မှော်တန်း ဝတ်ဆံရွှေ၊ သတောင်လည်၊ ကြာနုဝတ်ဆံရွှေ၊ ထောင့်ဖြေခြီး ၊ တော်ရနောင်စိုက်၊ ရွှေ၂စု အနီ၂စု၊ အဆော်ကင်၊ အဖြေ သရက်ကင်း ရွှေ၂စု အနီတစု၊ ကန့္ဒဝါတိုင်၊ မျက်ရိုး ၊ ပွတ်ခုံ၊ အနီသုတ်၊ အကာ မှိုင်းလုံးဘဲ ကမွတ်တဆင့်သတ်၊ အဆောင်း ၊ ကျိုင်း ၂ အထွတ်ရွှေ၊ အအုံ၊ အရွက် အနီသုတ်၊ ယဉ်လည်ပေါ် ရွှေတစု၊ အနီ၃စု၊ အကာ ကဏ္ဍီပါ ကမွတ်ထဆင့်သတ်၊ အဆင်တန်ဆာ၊ မြိတ်ရစ်၊ မြိတ်ခံ၊ ရွှေသား ပန်းကုံး ဇာဘောက်၊ အတွင်း ရောင်ပြား အနီခံ၊ စိန်တောင်၁၂၊ အနား သရက်ကင်း ၊ ထုပြောက် အလယ်ဖီလာ၊ ဆံထိုး ၊ ဆံကျင်၊ လေး မျက်နှာ၊ ညောင်ရွက်၊ သရက်ကင်း ၊ ထုပြောက်၊ ရောင်ပြား အနီခံ၊ အတွင်း အလယ် ရောင်လင်း ၊ မြိတ်ကွင်း ၊ သရက်ကင်း ၊ ရွှေနောက် ရွှေသား ကုလားပန်း ၊ ထုပြောက်၊ အတွင်း ရောင်ပြား အနီခံ၊ အလယ် ရောင်လင်း ၊ ဆံတိုင် ရွှေသား ၊ ဇာဘောက်၊ ရောင်ပြား အနီခံ၊ ရွှေနား တောင်း မီး တွင်း ဆူး ၂ထပ်၊ သိုရင်း လက် ရင်း လက်ဖျား ရွှေကြက်သွန်မြိတ်သတ်၊ ထဘ်ဘဲစပ်၊ တဘက်မြိတ်ဆက်၊ ရွှေပုဇွန် ဆီဘ်၊ အနား ပိုး စုံသတ်၊ လက်လိုက်၊ ပုတီး ၊ ကွမ်း ခွက်၊ လဘက်အိုး ၊ တကောင်း ပိတ်ရှမ်ထောင့်၊ ငွေ ဆွေး အင်၊ ဆောင်း ယီး စိမ်း ၊ အထွတ် နား ရွက် ရွှေထည့်သနား တော်မူသည်။

အမိန့်တော်အတိုင်း သနား တော်မြတ်ခံရသူ

၁	မင်းကြီး မဟာရာဇာသကြိန်မယား	၁	အသျှင်နန်း မတော်ဝန်
၂	မဟာမင်း ထင်စည်သူမယား	၁	အနောက်ဝန်
၃	မင်းလှ ကျော်စွာမယား	၁	အချုပ်ဝန်
၄	မဟာသိဟသူမယား	၁	ငွေခွန်ဝန်
၅	မဟာမင်း ကျော်သိဟသူမယား	၁	အတွင်း ဝန်

(26 April 1838)

၆ မဟာခရိုင်းလှသန်ယာမယား — ၁ စီး တော်မြင်းဝန်

၇ မဟာမင်းလှမင်းထင်မယား — ၁ ဝန်ထောက်ဇွဲသတုံ မြို့စား

(သက္ကရာဇ် ၁၂၀၀ ပြည့် ကဆုန်လဆန်း ၃ ရက် နေ့ထွင်ပြီ။) (26 April 1838)

(မလွေး လှစါစု)

မြောက်နန်း တော်မိဘုရား ၊ အနောက်နန်း တော်မိဘုရား တို့ကိုသနား တော်
မြတ်ခံ စေရန် ဖျံ့မျှောက်စည် ၅၊ အရုံတ်ရှည် ၁၊ တံမြှာ ၁၊ သပြေ ၁၊ ခရုသင်း ၁၊
စည်ဝန်း ၇၊ အရုံတလိုင်း နှဲ ၁၊ လက်ချပ် ၁၊ တပိုး ၁၊ စည် ပြောဘ ၁၊ အရုံနှဲကြီး
၁၊ နှဲငယ် ၂၊ ခရာ ၃၊ တပိုး ၁၊ စည်ပုတ် ၁၊ ပုံသာ ၁၊ လင်း ကွင်း ၁၊ ရှေ
တော် ပြေး မျိုး ၁၊ အဝန်း ၁၊ ထမ်း စင်ခွက်ဦး နှစ်ဘက်ပါ၊ ဘိနပ် ဘောင်း
ပန်း လှ၊ ခါး ပန်း ပေါ ပန်း သွန်း ၊ ညောင်ရွက်နား ၊ သရက်ကင်း တမြို
ဘောက်၊ ထောင့်အုပ် ကြက်ရင် တုရင်တပ်၊ အဖြေမြင်း နား တပ်၊ အမိုး အုံ
တဆင့်၊ ယဂင် ပတ်လည်အ ထောက်ရှစ်မျက်နှာတပ်၊ အမွှမ်း ၊ ကြေး ကွေး ၊ ခြီး၊
တော်ရနောင်၊ မှော်တန်း ၊ သရက်ကင်း ၊ အဆော် ညောင်ရွက်တပ်၊ အတွင်း
တိုင် ဖြေ လင်း နို့တောင် သတ်၊ ထုပြောက်၊ထောင့် တုရင်တပ်၊ ချင်ပိတ်
ထောင့်သား စေ့တပ်၊ သ တောင်း ၊ လည်ပါ၊ ကြက် မောက်၊ သရက်ကင်း ၊ ဘုံ
ကွင်း၊ ဒုပိကာ ဖျား ၊ ရွှေပန်း ဖြဆင့်၊ ရွှေကွင်းတပ်၊ ထမ်း စင်ခွက်တိုင်အ ထောက်
လင်း နို့တောင်၊ အမွှမ်း ၊ လည်သီး ၊ အမိုး ၊ ဘုကွင်း၊ ရွှေပိန်း ၊ ယဂင်၊ အတွင်း
ကမွတ် ရွှေပိန်း ဇာတာကွင်း ၊ နို့နန်း ၊ အတွင်း စက်၊ တမြုံအနှံ၊ ထောင့်
ခြား ရွက်၊ တမြုံအနှံ၊ ဒေါ်မျိုး ၁၊ ကျိုင်း ၆၊ ငှက်မနား ပါ၊ အရိုး ရွှေကြိုဆစ်၊ ကျွင်း
စွဲ မျိုး ၁၊ အဆောင် တော်မြဲကွမ်း တိုင် ရေတိုင် ၆၊ ကွမ်း ခွက်၊ လဘက်အိုး ၊ တ
ကောင်း ဖိတ်ရှစ် ယောင့် မှန်တပ် ပတ္တမြား လေး ရစ်စီ၊ ကွမ်း လိပ်ခုမြှာ
မှန်တပ် ပတ္တမြား လေး ရစ်စီ၊ ရွှေသား ဖွေး အင် ပတ္တမြား စီ၊ ရွှေ ဆေး
တံ၊ ရွှေ ဆေး ကြုတ်၊ ရွှေ မီး အိုး ၊ ရွှေ မီး ညှပ်၊ ခြေ ဆေး ရွှေအင်၊ ခြေ ဆေး
ရွှေဘလား ၊ ခြေ ဆေး အင်း ပျည်၊ အ ခြေတပ်ပြွန်ပါရွှေ ၂ စု အနီတစု၊ ပတ္တမြား
စီဆံထိုး ၊ ပတ္တမြား မျက်ခြယ်ဆံကျင်၊ ပတ္တမြား စီဆံထိုး ၊ တဘက် ရွှေပုဇွန်ဆီ တည်
လုံး ပိုး စုံသတ်၊ ပိုး ရည် တောင် ဇာခြယ် တဘက် ရွှေပုဇွန်ဆီ၊ ရွှေခြည်ပိုး စုံ
သတ်၊ တဘက် ရွှေပုဇွန်ဆီ ပိုး ရည် တောင် ဇာခြယ်မှန်တပ်၊ ရွှေခြည်ပိုး စုံသတ်၊
သိုရင်း လက်ရင်း လက်ဖျား အောက်နား ုတ် ရွှေပုဇွန်ဆီ ယက်ပြား
ကွပ် ပိုး စုံသတ်၊ ပိုး ရည် တောင်၊ ဇာခြယ် သိုယင်း လက်ရင်း လက်ဖျား
ကွပ် ပိုး စုံသတ်၊ ရွှေမှင့်ကြို သိုရင်း လက်ရင်း လက်ဖျား အောက်နား

ဂုတ် ရွှေပုဏ္ဏန်ဆီ ယက်ပြွား ကွင် ပိုး စုံသက်၊ ပိုး ရည်တောင် ဇာခြယ် သိုယင်း လက်ရင်း လက်ဖျား ကွင် ပိုး စုံသက်၊ ရွှေမွင်ကြို သိုရင်း လက် ရင်း လက်ဖျား အောက်နား လည်ခွံ ၄ ရွှေကြက်သွဲန်မြိတ်သက်၊ ပိုး ရည် တောင်၊ ဇာခြယ်၊ ပန်း နွယ်၊ မှန်တင်၊ ဂုတ်ပန်း ၊ ထဘီ ရွှေပုဏ္ဏန်ဆီပန်း ၊ ပိုး ရည်တောင် ဇာခြယ် ပိုး စုံသက် မှန်တင် ဃနမခကတန်ဆာ၊ ယဂင်ဖိုက်၊ ပတ္တမြား စီအုပ်ခွက်၊ ပတ္တမြား စီနား တောင်း ၊ ရွှေခြူသင်တိုင်း ၊ ဒက်ဘယက်၊ စည်ပေါင်း ၊ လည်ဝွဲတဆာ၊ ဒွါဒရာ၊ ခါးရမ်း ကြိုး ၊ ရင်လွှမ်း တန်ဆာ၊ စုလွှား ပတ္တမြား စီ၊ ဘော်ခြယ်၊ လက်လိုက်၊ ပုတီး ၊ ပတ္တမြား ၊ စိန်မြလက်စွပ်၊ ပတ္တမြား စီလက်ကောက်၊ ဆင်ကအမိုး ၃ဆင့်၊ ချင်ဖိတ်၊ တာ၊ ထောင့်တန်း မှန်တင်သနား တော်မူသည်။

(မကွေး လှစါစု)

(26 April 1838)

ပွဲတက် နေရာ နေတို့ကိုသနား ထောပ်မြတ်ခံ စေရန် မုတ်လှ၊ ကန္တား၊ အပေါင်း၊ အခွက် အနီ၊ ကမွတ် ဇာတာအိမ်၊ သင်း ချော၊ ထောင့်ဖြေ ဇွန်း ငုံး၊ ပန်း သွန်း၊ ညောင်ရွက်၊ ဘိနပ်၊ ဆင်ခြေတုံး၊ သင်း ချော၊ အမိုး အုံနီ၊ အထွတ် အနီ၊ ချင်ဖိတ်၊ သင်း ချော၊ ထောင့်ဖြေ မြင်း နား သတ်၊ ကန္တဝါတိုင်၊ မှုတ်ငုံး ပွတ်ခံ အနီသုတ်၊ အကာ အနီ၊ သင်း ချော၊ ဘဲဇိမ်း၊ ကမွတ်တဆင့်သတ်၊ ကျိုင်း အချက်အနီ ၂ခံ ၂၊ ယဉ်အနီ၊ အမိုး စကြော ရောင်၊ အကာ ဇာဖျင် ဘဲ ကမွတ်တဆင့်သတ်၊ အဆင်တန်ဆာ၊ မြိတ်ရစ်၊ မြိတ်ခံ၊ ရွှေသား ပန်း ကုံး ဇာ ဘောက် ဆံထုံး၊ ဆံကျင် ၂ မျက်နှာ၊ ညောင်ရွက်၊ သရက်ကင်း၊ ထု ပြောက်၊ မြိတ်ကွင်း၊ သရက်ကင်း၊ ရွှေနောက် ငွေသား၊ သင်း ချော၊ အနား၊ ထု ပြောက်၊ ရွှေနား တောင်း ဆူး ၂ထပ်၊ ထဘီ စက်နား တပ်၊ တဘက် ရွှေမြိတ်ခံ၊ သိုရင်း၊ လက်လိုက်၊ ပုတီး သနား တော်မူသည်။

(သက္ကရာဇ် ၁၂၀၀ ပြည့်ကဆုန်လဆန်း ၃ ရက် နေ့တွင်ပြန်)။ (26 April 1838)

(မ ကွေး လှစိုး)

နေ့ကတ်သွယ် နေရာ နေ့တို့ကိုသနား တော်မြတ်ခံစေရန် မှတ်လှ၊ ကန္နား၊ ဦး တဘက်ပါ၊ အပေါင်၊ အခွက် အနီ၊ ကမွတ် ဇာတာဆိမ်၊ အတွင်း ဘီလူး ခေါင်း၊ တမြို့၊ ရာဇမှတ်စိတ်၊ ထောင့်ကျေး စေတိုင်၊ ပန်း သွန်း၊ ညောင် ရွက် ရွှေတစု အနီ၂စု၊ ဘီနပ်၊ ဆင်ခြေသုံး၊ သင်း ချော၊ ဘောင်း၊ သင်း ချော၊ ပန်း လှ၊ သင်း ချော၊ အမိုး အိုးနီ ဆင်စွယ်ထွတ်၊ ချင်ပိတ်၊ သင်း ချော၊ ထောင့်ပြေ သရက်ကင်း ရွှေတစု အနီ၂စု၊ ကန္နဝါတိုင်၊ မှုတ်ဝိုး၊ ပွတ်ခုံ အနီသုတ်၊ အကာ ဇာဖျင်ဘဲ ကမွတ် တဆင့်သတ်၊ ကျုင်း အထွတ်ရွှေ၂၊ အချက်အနီ သုတ်၊ ယဉ်စကြော ရွှေတစုအနီ၂စု၊ အကာ ဇာဖျင် ဘဲ ကမွတ် တဆင့်သတ်၊ အဆင်တန်ဆာ၊ မြိတ်ရစ်၊ မြွတ်ခံ၊ ရွှေသား၊ ပန်း ကုံး၊ ဇာဘောက်၊ စိန် တောင်၉၊ အနား သရက်ကင်း၊ ထုပြောက်၊ အလယ်ဇီလား၊ ဆံထုံး၊ ဆံကျင် သုံး မှုတ်နှာ၊ ညောင်ရွက်၊ သရက်ကင်း၊ ထုပြောက်၊ အတွင်း၊ အလယ် ရောင် လင်း၊ မြိတ်ကွင်း၊ သရက်ကင်း၊ ရွှေနောက်၊ ရွှေသား၊ သင်း ချော၊ အနား ထုပြောက်၊ ဆံတိုင်၊ ရွှေသား ဇာဘောက်၊ ရွှေနား တောင်း ဆူး၂ထပ်၊ သိုရင်း လက်ရင်း လက်ဖျား ရွှေကြက်သွန်မြိတ်သတ်၊ ထဘီ စက်နား တပ်၊ တဘက်၊ မြိတ်ဆက်၊ ငွေပုဇွန်ဆီ၅၊ လက်လိုက်၊ ပုတီး၊ ကွမ်း ခွက်၊ လဘက်အုံး၊ တကောင်း ပိတ် အဝန်း သနား တော်မူသည်။

အမိန့်တော်အတိုင်း သနား တော်မြတ်ခံရသူ

၁	မဟာမင်းလှရာဇာမယား	၁	ပြင်စည်မြို့စား
၂	မဟာသူရသင်္ချာမယား	၁	ဆင်မင်း ဝန်
၃	မင်း လှ ကျော်သူမယား	၁	မြို့ဝန်
၄	မဟာမင်း လှ နော်ရထာမယား	၁	အသည်ဝန်
၅	မဟာမင်း လှ ကျော်ထင်မယား	၁	မင်း တိုင်ပင်အမတ်
၆	မင်း လှသီရိ ကျော်စွာမယား	၁	စာရေး ကြီး
၇	နေမျိုး မင်း ထင် ကျော်စွာမယား	၁	စာရေး ကြီး
၈	နေမျိုး စည်သူ ရွှေတောင်မယား	၁	ပန်း ဘဲဝန်
၉	မဟာမင်း ထင်မယား	၁	သံတော်ဆင့်ငကြီး

၁၀ မင်း ကျောင်းသီဟသူ မယား ၁ စို့ငွေဝဒိုင်း ဝန်

၁၁ မဟာ ဇေယျသင်္ခယာ မယား ၁ သံတော်ဆင့်ဦး ချိန်

၁၂ သီရိရာဇာ ကျောင်း မယား ၁ နန်း မတော်စာရေး ကြီး

(26 April 1838)

(သက္ကရာဇ် ၁၂၀၀ပြည့်ကဆုန်လဆန်း ၃ရက် နေ့တွင်ပြန်)

(မကွေး လှစါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရားအ
မိန့်တော်ရှိသည်၊ ငါအသျှင်ကေရာဇ်မင်း မြတ်သည် ရှေး ရှေး သော ပါဂိုပုညသ
မ္ဘာရအဆောက်အဦး တော် ကြောင့်ယခုဘဝမြတ် သော မင်း အဖြစ်သို့ ရောက်
တော်မူလျှင်သတ္တဝါတို့အစီး အပွါး များ စေခြင်း လောကတ္ထစရိယအကျိုး ကို ဆောက်
မြှော် တော်မူ၍ မင်း တို့ကျင့်အပ် သော ရာဇဓမ္မတရား အပေါင်း ကို ကောင်း စွာ
ဖြည့်ကျင့် တော်မူပြီး လျှင်သာသနာ တော် ရေး ကို ချီး မြှင့်ရွက် ဆောင် တော်မူသည်၊
ရွှေမြို့ တော် တောင်မျက်နှာ တောင်သမန်အင်း သည်ကို တော်မင်း တရား ကြီး
ဘုရား ဘေး မဲ့ပေး တော်မူရာအရပ်ဖြစ်သည်၊ သမ္မာသမ္ဗောဓိဘုရားဆုကိုပန်
ဆောင် တော်မူ၍ ပါရမီဖြည့်ကျင့် တော်မူသည်နှင့်အညီဇီဝိတဒါနအသက်အလှူဖြစ် စေ
ခြင်း ငှါ တောင်သမန် တော်အင်း ဆန္ဒန်ကန်မနှုန်း အင်း ၊ ယမ်း အိုး အင်း ၊
ညောင်နီပင်အင်း ၊ စောရကန် အင်း သာယာပုံး အိုး ထုံး အင်း ၊ ရေစီး
ရေဝင်မှန်သမျှကို ဘေး မဲ့ပေး တော်မူသည်၊ ကုသိုလ် တော်ဒွာဝရအခွန့်ရှည်စွာ
တည်တွန်း အောင်နယ် လေး ရပ်ရှစ်ရပ်သတ်မှတ်၍ ကျောက်တိုင်စိုက် စေ၊ ကျောက်
တိုင်နယ်နိမိတ်သတ်မှတ်သည့်အတွင်း ရှိ နေသည့် ရေပိုး ရေမွှား ငါး သား ငှက်တိ
ရစ္ဆာန်တို့ကိုအသက်အညှစ်အပြစ်အခတ်အဘမ်း အဆီး အနှောင်အဖွဲ့ မရှိ စေနှင့်၊
ဘေး မဲ့ပေး တော်မူရာအရပ်ကိုလည်း ပုံစံ ရေး သား ၍သွင်း ။

9 August 1838

(သက္ကရာဇ်) ၁၂၀၀ပြည့်ဝါခေါင်လပြည့် ကျော်၄ရက် နေ့နံနား ခံ နေမျိုး
နန္ဒမိတ် ရွှေ တောင်တွင်ပြန်။

(တောင်ခွင်စာစု)

ဝိဋ္ဌကတ်တော်ရေး ပေလုပ်မှုည်း ကိုင်ဘွဲ့ရင်း စာရင်း ပါသား မြေး မှန်သည့်
လူတို့ကိုအကပ်အနှိုအနှုတ်အယူ မရှိစေနှင့်၊ အတွင်း ဝန်မင်းကြီး သီရိမဟာနန္ဒ
သကြိန်တအုပ်ထိမ်း ထမ်း ရွက်စေ။

10 October 1838

(သက္ကရာဇ်) ၁၂၀၀ ပြည့်သတင်း တွတ်လပြည့်ကျော် ရရက် နေ့နား ခံစ
မြောင်မှူး မင်း လှသိင်္ခသူတွင်ပြန်။
(ရွှေး ဟောင်း သုတေသန)

စည်သာမြင်း ခေါင်း တုရင်ပုံရှိနော်ရထာ၊ ညောင်စောက်မြင်း စီး မြေတိုင်
သူကြီး ခေါင်း အကြီး တို့၊ ချောင်း ဆုံရွာ နေသူကြီး ငရွှေမောင်၊ ငပန်း တင်၊
ငလှေး ပုံ၊ ညောင်စောက်စီရင်စုသံတို့ရွာ နေသော ကောင်း ၊ ငကြာကြီး ၊ င
ချစ်ဝတို့နှင့်ယဉ် တော်ကြီး ထမ်း မှန်သူတို့ကိုသမီး တော်ဘုရား ထံဆက်သထမ်း ရွက်
နေထိုင်စေရမည်၊ အနှောက်အရှက်မရှိစေနှင့်စာပေး အပ်သည်ကိုမငြိမ်း ပါရ၊
သံတို့ရွာ နေသော ကောင်း ၊ ငကြာကြီး ၊ ငချစ်ဝတို့နှင့်ယဉ် တော်ကြီး ထမ်း လူတို့
ကိုမြင်း ခေါင်း မြင်း စီး ကျေး ရွာ မြေတိုင်သူကြီး တို့က နှောက်ရှက်ပြန် ကြောင်း
နှင့်အစီရင်ခံသည်၊ သံတို့ရွာ နေသော ကောင်း ၊ ငကြာကြီး ၊ ငချစ်ဝတို့ကိုအခေါ်
အချအ နှောက်အရှက်အတား အဆီး မရှိစေနှင့်၊ အထက်စာပေး အပ်သည့်အတိုင်း
သမီး တော်ဘုရား ထံဆက်သထမ်း ရွက်မြဲသူကြီး ငရွှေမောင်နှင့်ငြိမ်ဝပ်စွာထမ်း
ရွက်နေထိုင်စေရမည်။
ပဉ္စာလမြို့စား မြောက်ဘက်မြင်း ဝန်ရှေ့ဝင်း တော်မှူး မင်းကြီး မဟာမင်း
ထင်မင်း ခေါင် ၏

6 November 1838

သက္ကရာဇ် ၁၂၀၀ ပြည့်တန်ဆောင်မုန်း လပြည့်ကျော် ၅ ရက်နေ့ ချောင်း
ဆုံရွာတွင်မြင်း ခေါင်း ထံသူကြီး ငရွှေမောင်၊ ငပန်း တင်ဆိုင်ရာဝန် ၏
(ရှေး ဟောင်း သုတေသန)

အရပ်ရပ်အမှုထမ်း စည်းကြပ်သည်များ မှာအစုအမှုထမ်း စာရင်း ပါလူတို့နှင့် အခွန်ဆက် ကျေးရွာ စာရင်း ပါလူတို့ကိုအမှုထမ်း စည်းကြပ်ရာမပါစေနှင့်၊ အသည်အလာလူတို့ကိုသာ စည်းကြပ်စေ။

11 January 1839

သက္ကရာဇ် ၁၂၀၀ ပြည့်ပြာသိုလပြည့်ကျော် ၁၂ ရက် နေ့ နားခံ နေမျိုး နန္ဒမိတ် ရွှေတောင်တွင်ပြန်။

(မျိုးကြည့်၊ ပု၊ ၆၀၄)

ညောင်ရမ်း စား ငယ်သည်သနား မစတော်မူသည့် ကျေး ဇူး သစ္စာ တော်မြတ်
ကိုမထောက်မစောင့်လူဆိုး လူသွမ်း တို့နှင့်အပေါင်း အသင်း ပြု၍ မကြံမစည်တန်
သည်ကိုကြံစည်ဆိုး သွမ်း သူဖြစ်သည်၊ ထုံး စံရှိရာ စီရင်။

4 April 1839

(သက္ကရာဇ်) ၁၂၀၀ပြည့်(နှောင်း)တန်ခူး လပြည့်ကျော် ၆ရက် နေ့
နံ ၁း ခံ ပြော ကြီး မှူး နေမျိုး မင်း လှ ကျော်တင်တွင်ပြန်။
(တောင်ခွင်စါစု)

အထွတ်အမြတ် ရောက် တော်မူလျှင်ပြည်သူသတ္တဝါအပေါင်း တို့အား ဆင်း ရဲပင်ပန်း ခြင်း ကိုမရှိစေရ၊ ငြိမ်ဝပ်ချမ်း သာ အောင်ကိုသာနှလုံး သွင်း တော်မူ၍ လောကတ္တစရိယအကျိုး ကို ဆောင်ရွက် တော်မူသည်၊ ဆွေတော်မျိုး တော်တိမ်မြုပ်ပင်ပန်း နွမ်း နယ်ရှိသည်များ ကိုလည်း မတိမ်မြုပ်မပင်မပန်း မနွမ်း မနယ် စေရ၊ ညာတတ္တစရိယတရား နှင့်အညီမစနှိုး မြှင့်ပြုစု တော်မူသည်၊ ဆောင်ရမ်း စား ငယ် သည့်အထူးသဖြင့်သူ ကောင်း ပြု တော်မူသည့် ကျေး ဇူး တော်မြတ်ကိုမ ထောက်မထား တရား ကိုမ စောင့် ဘောက်ပြန်ဆိုး သွမ်း သော ကြောင့်ဆိုး သွမ်း တိုင်ပင်ရာ ပါသည့်လူတို့နှင့်ဖက်ကွအပြစ်အား လျော်စွာစီရင် တော်မူ၍ရှိသည်၊ ဆောင်ရမ်း စား ငယ် ကျေး ကျွန်အမှုထမ်း ကျွန်လူတို့မှာအပြစ်ထိုက်ရာစီရင်သင့် သော်လည်း ရာဇဝတ်အပြစ်ကိုချမ်း သာ ပေး တော်မူသည်၊ အဘမ်း အဆီး အစစ်အ ကြော မ ရှိ စေနှင့်၊ ငြိမ်ဝပ်စွာ နေထိုင်ကြစေ ။

5 April 1839

(သက္ကရာဇ်)၁၂၀၀ပြည့်(နှောင်း)တန်ခူး လပြည့်ကျော်ရရက်နေ့ နား ခံနေမျိုး မင်း လှသိမ်ခံသူတွင်ပြန်။

(တောင်ခွင်စါစု)

17 May 1839

ငွေခွန်ဝန်မင်း လှမဟာသုကိုကျိဝန်ခန့်၊ သက္ကရာဇ် ၁၂၀၁ ခုနယုန်လဆန်း 15 May 1839
၃ရက်နေ့နား ခံစမြောင်မှုး ပြန်အမိန့်တော်အတိုင်း ပြန်တမ်း ခံစေ၊
သက္ကရာဇ် (၁၂၀၁ ခုနယုန်) လဆန်း ၄ရက်နေ့ ဝန်ရှင်တော် တောင်းတို့ 16 May 1839
မြို့စား မင်းကြီး မိန့်ချက်ဝန် ယောက်တော်မိုး နဲ့ဗိုလ်မှုး မင်းကြီး မင်း
လှမဟာသီဟသူဆင့်။

ဘုန်း တော်အလွန်ကြီး မြတ်တော်မူရ သော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ငွေခွန်ဝန်မင်း လှမဟာသီဟသူကိုကျိဝန်ခန့်တော်မူသည်၊ သို့ ခန့်တော်မူကြောင်း လည်း မင်း လှမဟာသီဟသူသည် ကျေး ဇူး သစ္စာ တော်နှစ် ပါး ကိုစောင့်သိရို သေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုးကြိုး စား အား ထုတ်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သော ကြောင့် ကျိဝန်ခန့်တော်မူသည်၊ ကျိဝန်ဆိုသည့်အရာသည် ငါအသျှင်ဧကရာဇ်မင်း မြတ်တို့ တွင်အိမ်ထောင်မှုကဲ့သို့ဖြစ်လေသည်၊ ပြည်ကြီး ၊ မတိုး ရိမ်၊ မတောင့်တ၊ ခန့် တိုင်း ရကျိတော်မှစ၍အရပ်ရပ်ကျိတော်များ မှာနိုင်ငံတော်အရပ်ရပ်မြို့ရွာ များ က ရေကြောင်း ကြည်း ကြောင်း ဘို့တော်အခွန်တော်ဆက်သွင်း ရသည့်စပါး တော်ရွှေနန်း ရိုး လုပ်လမိုင်း တော်မှစ၍အရပ်ရပ်လမိုင်း တော်ရေခွန် တော်စပါး တော်ဆက်သွင်း ကြရသည်၊ တံဆိပ်တော်ရဆရာ တော်ဝိဋကတ်တော် မစာကည်း ငါးဃာ တော်လျှိုရန်လျှိုဝတ်ဆန်မှစ၍အရပ်ရပ်ရိကျွာ တော်ပေး သုံး တော်မူသည့်အရာများ လည်း ရှိသည်၊ အရပ်ရပ်ကျိတော်ရှိစပါး ၊ သုံးတော်မူသည့် စပါး များ ကိုစာရင်း ပေရင်း သေချာ အောင်ကျိတိုး ကျိစာရေး တို့ကိုမှတ် သား စေ၊ ကျိတော်များ ကိုရေလွတ်အောင်၊ အပေါက်အယိုမရှိအောင်မပြတ် ကြည့်ရှုပြင်လုပ်စေ၊ သော့ပနေ့ာက်ကိုမြဲမြန်သေချာအောင်ခပ်ထား စေ၊ အရပ်ရပ်ကသွင်း သည့်စပါး တော်မှာလည်း စာရင်း ရှိသည့်အတိုင်း အဖျင်း မ ပါသည့်စပါး ကိုမှန်ကန်အောင်ချင့်တွက်၍သွင်း စေ၊ ကျိတိုး ကျိစာရေး သော့ကိုင် တင်း နှိုး ဝါသုတ်တိုက်ကျိသား တို့စား ရိုး မှာလည်း အစဉ်အရိုး ရှိသည်ကိုသာ ပေး စေ၊ စား စေ၊ သာလွန်၍မစား စေနှင့်၊ ကျိတိုး ကျိစာရေး ကျိသား တို့ကိုလည်း

ကျွန်တော်များ တွင် နေ့ညည့်အမြဲ စောင့်နေ စေ၊ ကျွန်တော် စပါး တော်များ ကို မယိုမယွင်း စေရ၊ ကြပ်ကြပ်လုံ့လ ဝီရိယပြုရမည်၊ အကျိုး အကြောင်း ကိုပြသ၍ကျွန် ဝန်ကသိသာနား လည် အောင်ဆိုရမည်၊ ကျွန်တော်အမှုထမ်းကျွန်သား တို့ကိုလည်း အမှုတော်ကိုထမ်း ကုန်နိုင် အောင်မစ၊ ကျွန်တော်အမှုထမ်း ကျွန်သား တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပပျောက် အောင်ဂတိသို့မလိုက် တော်တည့် ဖြောင့်မတ်ညီညွတ်စွာစီရင်။

17 May 1839

သက္ကရာဇ် ၁၂၀၁ခုနယုန်လဆန်း ၅ရက် နေ့ဝန်ရှင် တော် ကောင်း တုံမြို့ စား မင်း ကြီး မှာဝန် ထောက် တော်မြင်း စုကြီး ဝန်မိုး နဲ ဗိုလ်မှူး မင်း ရွှေ ကအစီရင်ခံ၍စ မြောင်မှူး နေမျိုး မင်း လှသိခ်သူလွှတ် တော်ကွန်း စင်ထွင်းမှာ ပြန်၍အပ်သည့်ပြန်တမ်း အမိန့် တော်။

(မျိုး ကြည့်၊ ပု၊ ၆၁၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော သခင်ဆင်မင်း သခင်ဆင်ဖြူများ ရှင် လက်နက်စကြာ သခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ကြက်ဆူကျဉ်း ဆရာ ပု ဋ္ဌိလ်သူမြတ်သည်သက် တော်ကြီး ဝါ တော်ကြီး ဖြစ်၍ ဂိုဏ်း အုပ် ဂိုဏ်း ထောက်တို့ကအချအ ခေါ်အဆင့်အဆိုမရှိ စေနှင့်ကိုယ်တိုက်တပည့်သံဃာတို့ကို ကောင်း မွန် စွာအဆုံး အမပြဩဝါဒ ပေး ၍ ပရိယတ် ပဋိပတ်ကိုဖြည့်ကျင့်ရွက် ဆောင် ငြိမ်ဝပ်စွာ နေထိုင် စေ။

19 May 1839

(သက္ကရာဇ်) ၁၂၀၁ ခုနယုန်လဆန်း ၇ ရက် နေ့သာသနာပိုင်ဆရာ တော် ဘုရဝး ကြီး အမိန့် တော်။

(တိုး လှစါစု)

ပုဏ္ဏား ပညာရှိသီရိဝံသဗြဟ္မာ၊ သီရိ ဒေဝဗြဟ္မာတို့နှင့် မဒနမူဟန်၊ ရာမဒေဝ၊ ကာလာစံတို့ကို ပိဿနိုး ဝါဒပုဏ္ဏား ဖြစ်သည်၊ သီရိ ဒေဝဗြဟ္မာ၊ မဒနမူဟန်တို့ကို ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း မာဓဝအာရုပ်ကို ခံ၍ ဘိသိက်တော် ကိုဆက်စေ။

(သက္ကရာဇ်) ၁၂၀၁ ခုနယုန်လဆန်း ၇ ရက် နေ့နား ခံစ မြောင်မှူး နေမျိုး မင်းလှသန်သူ ထွင်ပြန်။

(အောင်ငြိမ်း စာစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင် မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်တဝရှင်မင်း တရား ကြီး ဘုရား အ မိန့် တော်ရှိသည်၊ မိုး နဲ့ဗိုလ်မှူး မြင်း စုကြီး ဝန်မြဝတီမြို့စား မင်း ကြီး မင်း လှမဟာသီဟသူကို ဝန်ကြီး ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မင်း ကြီး မင်း လှမဟာသီဟသူသည်ဘုး တော်ဘုရား နောင် တော်ဘုရား လက်ထက် တော်က ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိရို သေစွာအမှု တော်ကို ဖြောင့် ဖြောင့်ဖိုး ဖိုး စိတ်ပါကိုယ် ရောက်ထမ်း ရွက် သော ကြောင့်ဝန်စုဝန် ငန်း ဆောင်ကြီး ရွက်ကြီး အစဉ် နေရာအထိုက်အလိုက်သနား ပြုစု တော်မူသည်၊ ငါ့ရွှေလက်ထက် တော်တွင်လည်း ဝန် ထောက်မြဝတီမြို့စား မြင်း စုကြီး ဝန်မိုး နဲ့ ဗိုလ်မှူး အရာနှင့်အမှု တော်ကိုမ သွေမဖီကျိုး စား အား တုတ်ထမ်း ရွက်သည်၊ အ တွင်း မှု ပြင်မှုမှစ၍ခပ်သိမ်း သော စီရင်ဘွယ် စီရင်ခင်း အလုံး စုံကိုကြွမ်း သိ နား လည်သသူအထူး သဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန် တော် မျိုး ဖြစ် သော ကြောင့်မင်း ညီမင်း သား မှူး တော်မတ် တော်ကျွန် တော် မျိုး အ ပေါင်း တို့တွင် အ ကြောင်း အရည်ကို ရွေး ချယ်၍အဋ္ဌမဟာ သေနာပတိအချုပ်ကြီး အကိုင်ကြီး တို့အ ရာနှင့်ဝန်ကြီး ခန့် တော်မူသည်၊ ဝန်ကြီး ဆိုသည့်အရာသည် ငါအသျှင်ကေရာဇ် မင်း မြတ်တို့တွင်ရာဇဒွါနီ ရွှေပြည် တော်ကြီး မှ စ၍အခြံအရံ များ သော တိုင်း နိုင်ငံအစည်း အ ဝေး ပြည် ရေး ရွာ မှုခပ်သိမ်း သော စီရင်ဘွယ် စီရင်ခင်း အ လုံး စုံကို မြှော် ထောက်၍သာသနာ တော်ထွန်း ပပွင့်လင်း ကြောင်း အကျိုး စီး ပွါး တော် များ ၍သာ: တော်အစဉ် မြဲ တော်အဆက်တိုင်း နိုင်ငံ တော်စည်ပင်သါ ယာ ကြောင်း များ ကိုအမြဲနှလုံး သွင်း ၍ ဓမ္မဝတ်ရာဇဝတ် လောကဝတ်အ ကြောင်း သုံး ပါး ကိုကြွမ်း သိနား လည်သည်နှင့်အညီ ရွေး အဋ္ဌမဟာ သေနာဓိပတိတို့အင်ကို ထောက်၍ ဝန်တို့နှင့်ညီညွတ်စွာခန့်ထား စီရင်။

(25) June 1839

(သက္ကရာဇ်) ၁၂၀၁ ခု ဝါဆိုလဆန်း (၁၅) ရက် နေ့ပြန်။

(မျိုး ကြည့်၊ ပု၊ ၁၀၄၉)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ကျိုဝန် ငွေခွန်ဝန်မင်းကြီး မဟာသီဟသူကိုဝန်ကြီး ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်း လည်း မင်းကြီး မဟာသီဟသူသည် နောင်တော်ဘုရား လက်ထက် တော်ကပင် ကျေးဇူး သစ္စာ တော်မြတ်နှစ်ပါး ကိုစောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုး စိတ်ပါကိုယ် ရေဝက်ထမ်း ရွက်သောကြောင့်အမည် နေရာအထိုက်အလိုက်သနား ပြုစု တော်မူသည်၊ ငါ့ရွှေလက်ထက် တော်တွင်လည်း အတွင်း ဝန်ကျိုဝန် ငွေခွန်ဝန်အရာနှင့်အမှုတော်ကိုအ သွေမဖီကျိုး စားအား ထုတ်ထမ်း ရွက်သည်၊ အတွင်း မှုအပြင်မှုမှစ၍ ခပ်သိမ်း သောစီရင်ဘွယ်စီရင်ခင်း အလုံး စုံကိုကြွမ်း သိနား လည်သသူအထူး သဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့်မင်း ညီမင်း သား မှူး တော်မတ် တော်ကျွန် တော်မျိုး အ ပေါင်း တို့တွင်အ ကြောင်း အရည်ကို ရွေး ချယ်စိစစ် တော်မူ၍ အဋ္ဌမဟာ သေနာပတိအချုပ်ကြီး အကိုင်ကြီး တို့အရာနှင့်ဝန်ကြီး ခန့်တော်မူသည်၊ ဝန်ကြီး ဆိုသည့်အရာသည်ငါ့အသျှင်ဧကရာဇ်မင်း မြတ်တို့တွင်ရာဇဒ္ဓာနီ ရွှေပြည်တော်ကြီး မှစ၍အခြံအရံများ သောတိုင်း နိုင်ငံအနီး အ ဝေး ပြည် ရေး ရွာမှ ခပ်သိမ်း သောစီရင်ဘွယ်စီရင်ခင်း အလုံး စုံကို မျှော်ထောက်၍သာသနာ တော်ထွန်း ပပွင့်လင်း ကြောင်း အကျိုး စီး ပွါး တော်များ ၍သား တော်အစဉ် မြဲတော်အဆက်တိုင်း နိုင်ငံ တော်စည်ပင်သာယာ ကြောင်း များ ကိုအမြဲနှလုံး သွင်း၍ဓမ္မဝတ်ရာဇဝတ် လောကဝတ်အ ကြောင်း သုံး ပါး ကိုကြွမ်း သိနား လည်သည်နှင့်အညီ ရှေး အဋ္ဌမဟာ သေနာပတိတို့အင်ကို ထောက်၍ ဝန်တို့နှင့်ညီညွတ်စွာခန့်ထားစီရင်။

(သက္ကရာဇ်) ၁၂၀၁ခုဝါဆိုလဆန်း (၁၅) ရက်နေ့ပြန်။

(25) June 1839

(မှီး ကြည့်၊ ပု၊ ၁၀၄၉)

အဝမြို့ဝန်မြို့စာရေး တို့၊ အဝမြို့နန်း တော်ရာဇပလ္လင်ထား အရုပ်များ ကို ယူစေဘုရားအမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ရွှေလောင်း လှော်တော်ပဲ့နင်း သွေး သောက်ကြီး တို့နှင့်ဝန်စု ခေါင်း ငရောက်၊ ငကျွင်ခဲ တို့ကိုခန့်ထား ယူလာစေသည်၊ ရောက်လျှင်နန်း တော်ရှိရာဇပလ္လင်ထား အရုပ်များ ကိုမထွေး မရှက်စေရသိသာ အောင်အင်း စာရင်း မှတ်သား ပြီး လျှင်အဝမြို့စာရေး ဝပဲ့နင်း သွေး သောက်ကြီး တို့နှင့်အတူကြပ်မ ဆောင်ယူ ပို့ ဆက်လာရမည်။

2 July 1839

သက္ကရာဇ်၁၂၀၁ခုပဋ္ဌမဝါဆိုလပြည့်ကျော်၇ရက်နေ့ ရွှေလောင်း လှော်တော်ဦး စီး ငရွှေမင်း ကိုအပ်။

အဝမြို့ရာဇပလ္လင်ထား အရုပ်စုကိုသယ်ယူ၍ ရောက်လျှင်ဗဟိုစင် မြောက်ဗန့်ကို ထပ်မှာထား ရမည်ဖြစ်သည်၊ ကြမ်း အမိုး အကာ မလုံမခြုံရှိသည်များ ကိုပြီး ပြေအောင်လုပ်စေ။

(သက္ကရာဇ်၁၂၀၀ခုပဋ္ဌမဝါဆိုလပြည့်ကျော်၇ရက်) နေ့ဝန် ထောက် တော် အသည်ဝန်မင်း ဆင့်။

(ခဝ်မတန်စါရု)

ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား တို့နှင့်စန္ဒီဝါဒနန္ဒရာမ်တပည့်သား မြေး ဆွေ
မျိုး တို့ကို မပေါင်း မဘက် စေနှင့်၊ နန္ဒရာမ်တပည့်သား မြေး ဆွေမျိုး တို့နှင့်
ပေါင်း ဘက်သည့်ပုဏ္ဏား တို့ကိုဘိသိက် တော်ဆက်ကနှုတ်။

28 September 1839

(သက္ကရာဇ်) ၁၂၀၁ ခု တော်သလင်း လဆုတ် ၆ ရက် နေ့နား ခစ မြောင်
မှူး မင်း လှသိမ်သူ တွင်ပြန်။

(အောင်ငြိမ်း စါရှု)

ရတနာဘုံ ကျော် ကျောင်း တွင်သတင်း သုံး နေသည့်မုနိန္ဒာဘိဝံသဓမ္မ သေနာ ပတိသိရိသဒ္ဓမ္မပါလမထာဓမ္မရာဇာဓိရာဇာဂုရုတံဆိပ် တော်ရဆရာ တော် ဘဝ ပြောင်း သည်မှာ အကျင့်အာစါရသီလ ဝိသုဒ္ဓိနှင့်ပြည့်စုံ၍ ပရိယတ်ပဋိပတ်ကို ရွက် ဆောင် သော သတ် တော်ကြီး ဝါ တော်ကြီး ဖြစ်သည်၊ ဘွား တော်ဘုရား ကိုး ကွယ် တော်မူသည့်မင်း အိုဆရာ တော်ကြီး ဘဝ ပြောင်း ရာသဂြိုဟ်သည့်နည်း ကောင်း မွန် အောင်လုပ် ဆောင်သဂြိုဟ် စေ။

1 October . 1839

(သက္ကရာဇ်) ၁၂၀၁ခု တော်သလင်း လဖြည့် ကျော် ၉ရက် နေ့နား ခစ မြောင်မှူး တွင်ပြန်။

(တောင်ခွင်စာစု)

ရာမကိုဘိသိက် တော်ဆက်ရွှစ်ပါး ပုဏ္ဏားပညာရှိအရာကနှုတ်၊ အတွင်းတော်သို့ မဝင်စေနှင့်၊ နန္ဒရမ်အပေါင်းအသင်း ပုဏ္ဏားတို့ကိုဘိသိက် တော်ဆက်ရွှစ်ပါး (တွင်မပါ) မပင်စေနှင့်၊ ဘိသိက် တော်ဆက်ရွှစ်ပါး ပုဏ္ဏားတို့ကို ရွေးချယ်၍ အမျိုးအမည်သန့်ပြန့်သည့်ပုဏ္ဏားတို့ကဘိသိက် တော်ဆက်စေ၊ ပုဏ္ဏားဒူမာရာမ်၊ လက္ခဏ၊ ဿာမြ၊ ဒူဂါ၊ ရာမဒေဝ၊ ဟရ်ရမ်တို့ခြောက်ဦးသားတို့နှင့်စဝ်ရွှက်သည့်ပုဏ္ဏားတို့ကိုဘိသိက် တော်ဆက်ရွှစ်ပါး မဝင်စေနှင့်၊ သီးသန့်စေ၊ ရာမမူဟန်၊ ကဗ္ဗနမူဟန်၊ မဒနမူဟန်တို့မှာပညာရှိဘိသိက် တော်ဆက်ရွှစ်ပါး ပုဏ္ဏားခန့်တော်မူ၍ရှိသည်၊ ပညာရှိအရာနှင့်ဘိသိက် တော်ကိုဆက်မြဲဆက်စေ။

17 October 1839

(သက္ကရာဇ်) ၁၂၀၁ခုသတင်းကျွတ်လဆန်း ၁၀ရက်နေ့နံနက် ၁ ချက်တီး ခနေမျိုး နေ်ရထာတွင်ပြန်။

(အောင်ငြိမ်းစာစု)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဋ္ဌန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရားအ
မိန့်တော်ရှိသည်၊ ရာဇာပြကတေ့ဖြစ်သော ရဋ္ဌင်ခုနစ်ပါး နှင့်အညီမင်းအဖြစ်
သို့ရောက်တော်မူလျှင်တိုင်း ရေးပြည်ရေး သာသနာရေး စသဖြင့်မင်းကျင့်
တရားအပေါင်းတို့ကိုနှလုံးသွင်း တော်မူ၍ကျင့်ဆောင်တော်မူသည်၊ လောကဗျ
စရိယအကျိုး ကို ထောက်တော်မူ၍လည်း နေ့လနှစ်စသော ဥတုရတုညီညွတ်မှ ဥပုသ်
ပဝါရဏာ ဝါဆိုဝါကပ်မှန်ကန်သဖြင့် ကောင်းကျိုး တရားပွါး များခြင်း ဖြစ်၍
အသက်ရှည်ခြင်း အဆင်းလှခြင်း ခွန်အားကြီးခြင်း အနာရောဂါနည်းခြင်း
ကင်းခြင်း အကြောင်း များ ကိုကျမ်း ဂန်ထွက်ရှိသည့်အတိုင်း နေ့လနှစ်ဥတုရတု
ဝါဆိုဝါကပ်လထပ်ရက်ငင်အကြောင်း အရာများ ကိုသာသနာပြုဆရာတော်ကြီး
ရွှေသမီး တော်ဆရာသမီး တော်ဝန်ဆရာမဏ္ဍရာမင်း မိုး ကောင်းမြို့စား
ဟောင်း မင်းသား မင်း တိုင်ပင်အမတ်မဟာစေ့သင်္ကြိန်၊ မဟာမင်းလှကျော်
တင်၊ သီရိဇေယျသူ၊ သီရိနန္ဒသင်္ကြိန်၊ ရွှေတောင်စည်သူကျော်၊ သီရိဝံသဗြဟ္မာ၊ သီ
ရိဒေဝဗြဟ္မာ၊ သီရိဇေယဗြဟ္မာတို့ထွက်(ချက်)ရှင်းလင်း စေရာသာသနာတော်
ပြုဆရာတော်ကြီးတို့ကာဠခုစား ကိန်း၏အကြွင်း ကိုလိုက်၍ပဋ္ဌမိမ္မာသ်၊ အပဋ္ဌမိ
မ္မာသ် သည်ယခုမှသာဖြစ်သည်မဟုတ်၊ ရှေး ရှေး နှိုက်လည်း မညီမညွတ်ဖြစ်လေ
သည်၊ အတိတ်၌ပဉ္စာမိမ္မာသ်သည်(သက္ကရာဇ်)၁၁၄၄ခုနှစ်ကစ၍အပဋ္ဌမိမ္မာသ် 1782
ဖြစ်သည်၊ အနာဂတ်၌လည်း (သက္ကရာဇ်)၁၃၀၄ခုတိုင်လျှင်တေရသမိမ္မာသ် 1942
အပဋ္ဌမိမ္မာသ်ဖြစ်လတ္တံ့သို့ဖြစ်၍ ဝိနယာလင်္ကာရဋီကာ လောကဒီပရာဇမတ္တဏ်
ကျမ်း များ နှင့်နှီး နှောတိုက်ဆိုင်ရှင်လာလျှင်(သက္ကရာဇ်)၁၂၀၁ခုနှစ်တိုင် 1839
ရောက်သည်ကာလမာသကိန ၁၃ခုတို့သည်သမုဝါသိ၂ထပ်မြင်သည်ဖြစ်၍ ပဌမဝါဆို
လရက်၃၀၊ ဒုတိယဝါဆိုလရက်၃၀၊ ၂လထပ်ပြီး လျှင်ဝါဆိုဝါတပ်ဥပုသ်ပဝါရဏာပြု
သင့်ကြောင်း နှင့်ဆရာတော်သင်္ဃာတော်ရဟန်း ပညာရှိ၊ ပုဏ္ဏား ပညာရှိ၊
လူပညာရှိအစုံအညီတညီတညွတ်ထွက်ဆိုချက်နှင့်သာသနာပြုဆရာတော်ကြီး ကစာဆက်
သွင်း ချက်အတိုင်း လထပ်စေ၊ နိုင်ငံတော်အတွင်း အရပ်ရပ်ထီးရုံနန်းရုံစော်
ဘွား မြို့စား အဝေးမြို့ဝန်စစ်ကဲမြို့သူကြီး ကလန်တို့ စေ့နှံ့အောင်ပြန်ဆိုမှာထား
စေ။

သုရိယဝံသာဘိသိရီပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇ
4 November 1839
ဂုရုဆရာတော်သက္ကရာဇ် ၁၂၀၁ ခုသတင်း ကျွတ်လလပြည့်ကျော် ၁၃ ရက် နေ့ဘဝ
ပြောင်းသည်မှာ ဝိဋကတ်သုံး ပုံကို ခြောက်ခြား နှိုင် လျက်ဂိုဏ်းသင်္ဃာအ
များကိုပရိယတ္တိကျေးဇူး အထူးပြုနိုင်သော ရှေး မဟာသိဝ ထေရ်ကဲ့သို့ဂဏာစ
ရိယ၊ ဂဏာပါမောက္ခ၊ သီလဝိသုဒ္ဓိ၊ ဒက္ခိဏေယျ၊ ဂုဏဝိသေသနှင့်ပြည့်စုံတော်
မူ၍ကိုး ကွယ်ချီး မြှင့်တော်မူသည့်သာသနာပြုဆရာတော်ကြီး ဖြစ်သည်၊ ဘိုး တော်
ဆင်ဖြူရှင်ဘုရား ကိုး ကွယ် တော်မူသည့်ဇမ္ဗူဒီပအနန္တမဟာဓမ္မရာဇဂုရုကေရာဇ်
ဆရာတော်၊ အမရပူရမြို့တည်မင်းတရားကြီး ဘုရား ကိုး ကွယ် တော်မူသည့်
အောင်မြေဘုံကျော်ကျောင်း တော်နေဂုဏာဘိအနန္တသိရီသဒ္ဓမ္မရာဇာဓိရာ
ဇဂုရုဆရာတော်ကြီး တို့ဘဝပြောင်း ရာသင်္ဂြိုဟ်သည့်နည်း တွင်တိုး၍အထူး သ
ဖြင့်သင်္ဂြိုဟ်တော်မူမည်၊ အခမ်း အနား လုပ်ဆောင်စီရင်ရန်ရှိသည်များ ကို
ကောင်း မွန် လျောက်ပတ်တင့်တယ် အောင်စီရင်၊ ကုန်ဝင်ရန်စာရင်း ကိုလည်း
သွင်း ။

5 November 1839
(သက္ကရာဇ်) ၁၂၀၁ ခုသတင်း ကျွတ်လပြည့်ကျော် ၁၄ ရက် နေ့နား ခံစ
မြောင်မှူး နေမျိုး မင်း လှသိန်သုတွင်ပြန်။
(တောင်ခွင်စာစု)

ရာမစန္ဒကို ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား အရာကနှုတ်၊ ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း မာ ဓဝ ကဂေါရင်း ဆက်သွင်း သည့် ၁၄ အိမ် ထောင်သား မြေး ပုဏ္ဏား တို့ကို ခေါင်း မာဓဝအအုပ်ခံ၍ ဘိသိက်တော်ကိုဆက်စေ၊ ပုဏ္ဏား ဒုမာရာမ်၊ လက္ခဏ၊ သောမြ၊ ဟရိရာမ်၊ ရာမဒေဝ၊ ဒုဂါတို့ ခြောက်ဦး သားသား မြေး တို့သည် စန္ဒီဝါဒမဟုတ်၊ ဗိဿနိုး ဝါဒဖြစ်ကြောင်း နှင့်ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း မာဓဝရှစ်နိုး သံတော်ဦး တင်ချက်အတိုင်း ဗြဟ္မာအပေါင်း ဖြစ်စေ၊ ရှစ်ပါး ပုဏ္ဏား ခေါင်း မာဓဝအအုပ်ကိုခံ၍ ထမ်း ရွက်စေ၊ ရဒိုဝ် ပုဏ္ဏား မှန်သမျှကိုလည်း ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း မာဓဝကအုပ်ထိန်း၍ ဆင့်ဆိုရာ နာခံထမ်း ရွက်စေ။

6 November 1839

(သက္ကရာဇ်) ၁၂၀၁ ခုတန်ဆောင်မုန်း လဆန်း ၁ ရက်နေ့နား ခံနေမျိုး နေဘ်ရထာတွင်ပြန်။

(အောင်ငြိမ်း စါစု)

ဝိဋကတ်ရေး ရွှေရေး မင်ရေး ကညစ်ရေး ပေလုပ်မှုဦး ကိုင်(သက္ကရာဇ်
၁၁) ၄၅ခုဖြေ ၄ခု ရွှေနေဘက်ဖြည့်သွင်း ဘွဲ့ဘက်ထမ်း ရွက်သည့်စာရင်း ပါလုနှင့် 1783
သား မြေး မှန်သူတို့ကိုအကစ်အနိုအနှုတ်အယူ မရှိစေနှင့်၊ သံတော်ဆင့်မင်း ထင် 1802
သီဟသူကအုပ်ထိန်း ပြုစုထမ်း ရွက်စေ။

(သက္ကရာဇ်) ၁၂၀၁ ခုတန်ဆောင်မုန်း လဆန်း ၃ရက်နေ့နံနက် ခံ 8 November 1839
နေမြို့ ရာဇ ကျော်စွာထွင်ပြန်။
(ရွှေ ဟောင်း သုတေသန)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ နေမျိုး မဟာသီဟသူရကိုခင်မမင်း ဝန်ခန့်တော်မူသည်၊ သို့
ခန့်တော်မူကြောင်းလည်း နေမျိုး မဟာသီဟသူရသည် ကျေး ဇူး သစ္စာတော်နှစ်
ပါး ကိုစောင့်သိ၍ သစ္စာအမှုတော်ကိုမ ယွေမဖီထမ်း ရွက်မည့်သူဟုမှတ်သနား
တော်မူသည့်ကျွန်တော်မျိုး ဖြစ်သောကြောင့်ခင်မမင်း ဝန်ခန့်တော်မူသည်၊
ခင်မမင်း ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်ခင်မမင်း
မှစ၍သား တော်သမီး တော်တို့ကိုကဲ ကျွေး ခံသနား တော်မူသည့်မြို့ရွာလည်း ရှိ
သည်၊ သေနတ်စု၊ သွေး သောက်စု၊ မြင်း စု၊ ဒိုင်း စု၊ လမိုင်း လယ်လုပ်စု၊ အာ
ဏာအစိုး ရအမှုထမ်း တို့လည်း ရှိသည်၊ ခင်မမင်း သား တော်သမီး တော်တို့က
အသုံး တော်အလို တော်ရှိ၍ ငင်မမင်း ဝန်တို့မှာဆင့်ကဲ တောင်း ဆိုလျှင်လည်းဆိုင်
ရာပြန်ဆိုဆင့်ကဲ၍ဆက်သွင်း ရသည်၊ ခင်မမင်း တွင်ဆိုင်ရာအမှုတော်ကိုလည်း
ကုန်တွင် ပြေလည် အောင်စီရင်ခန့်ထား စိမ့်မည်ခန့်ထား တော်မူသည်၊ ခင်မ
မင်း သား တော်သမီး တော်တို့ကိုသနား တော်မူသည့်ကဲ ကျွေး ခံမြို့ရွာများ မှာ
အခွန် ရေး စစ်ချိန်တာလ ရောက်လျှင်လည်း သွေး သောက်စု၊ မြင်း စု၊ ကျွန် တော်
မျိုး ဆိုင်ရာအမှုထမ်း တို့အလှည့်လဲမှန်ကန် အောင်အခွန် ရေး ရန်စာရင်း နှင့်
ဆက်သွင်း ၍ခန့်ထား ရသည်၊ အသုံး တော်ခံမြို့ရွာများ မှာမြို့ကိုင်ရွာကိုင်ကွမ်း
ဘိုး တော်ထိန်း ခန့်သူတို့သုံး နှစ်စေ့လျှင်လည်း သွေး သောက်စု၊ မြင်း စု၊ ကျွန်
တော်မျိုး တို့တွင်အမှုတော်ကိုမပြတ်မလတ်ထမ်း ရွက်သသူတို့ကို ရွေး ချယ်၍မြို့ကိုင်ရွာ
ကိုင်ကွမ်း ဘိုး ထိန်း ဆိုင်သင့်ရာစာရင်း ဂုံထား ၍ဆက်သွင်း ပြီး လျှင်အမိန့်တော်
ကိုဦး ထိပ်ရွက်၍ခန့်ထား ရသည်၊ ကဲ ကျွေး တော်ခံမြို့ရွာများ ကတို့ တော်ခွန် တော်
ကွမ်း ဘိုး တော်အရာ တော် ရေး စစ်ဆက်သွင်း လျှင်လည်း မည်သည့်မြို့ရွာကအခွန်
တော်မည်မျှကွမ်း ဘိုး တော်မည်မျှဆိပ်တည်ပွဲအကောက်အစား စီး ပွါး တော်ဘဏ္ဍာ
တော်မည်မျှစာရင်း ကျယ်စာရင်း ချုပ်နှင့်စာ ရေး ကြီး တို့ကို နေ့လသက္ကရာဇ်မှတ်
သား ၍ သေချာ အောင်ဆက်သွင်း မြဲဆက်သွင်း စေ၊ ဘို့ တော်ခွန် တော်ကွမ်း ဘိုး
တော်စီး ပွါး ဘဏ္ဍာ တော်သွင်း စာရင်း ကိုလည်း စာ ရေး ကြီး တို့တွင် သေချာ

အောင်မှတ်သား ထား စေ၊ သို့မှား ကိုးမြနှလုံး သွင်း ပြီး လျှင်ခင်မမင်း မှ
စ၍သား တော်သမီး တော်တို့ကိုသနား တော်မူသည့်ကျွန် တော်မျိုး အမှုထမ်း တို့
ကိုအမှုတော်ကိုထမ်း ကုန်နိုင် အောင်မစ၊ ကျွန် တော်မျိုး တို့တွင်တရား စကား
အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက်
အောင်ဂတိသို့မလိုက် ဖြောင့်မတ်စွာ စီရင်။

15 November. 1839

သက္ကရာဇ် ၁၂၀၁ ခုတန်ဆောင်မုန်း လဆန်း ၁၀ ရက် နေ့နား ခစ
မြောင်မှူး နေမျိုး မင်း လှသိန်သူတွင်ပြန်။
(မျိုး ကြည့်၊ ပု၊ ၆၁၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ မတဲဒေး ဝန်း တိုက်အ ကောက်ဝန်မင်း ကြီး မဟာသီဝမင်း လှမင်း တင်ကို ရွှေတိုက်ဝန်ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မတဲဒေး ဝန်း တိုက်အ ကောက်ဝန်မင်း ကြီး မဟာသီဝမင်း လှမင်း တင်သည်မင်္ဂလာ အိမ် တော်စံ တော်မူစဉ်ကပင် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို သေစွာအမှု တော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက်သည်၊ ရွှေ သို့လည်း ခန့်ထား တော်မူသမျှအမှု တော်ကို မ ဆွေမဖီကုန်တွင် အောင်ထမ်း ရွက် မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော် မျိုး ဖြစ် သော ကြောင့် ရွှေတိုက်ဝန်ခန့် တော်မူသည်၊ ရွှေတိုက်ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်ရာဇဌာနီ ရွှေပြည် တော်ကြီး အခြံအရံများ သောတိုင်း ကား နိုင်ငံသ ဘော်ဆိပ် များ ကတို့ တော်ခွန် တော်အနုဿရတနာ ရွှေ ငွေအုပ်မျိုး ထည်မျိုး မှစ၍ များ သော စီး ပွါး တော်ဘဏ္ဍာ တော်ကို နေ့စဉ်လစဉ် ရွှေဘဏ္ဍါး တော် အောက်မပြတ်ဆိုင်ရာ တိုက် တော်ကျီ တော်များ မှာဆက်သွင်း ရသည်၊ နေ့စဉ်လစဉ်မပြတ်သုံး ဆောင် တော်မူသည့်အရာများ လည်း ရှိသည်၊ သို့သွင်း သည်သုံး သည်၊ မည်သည့်အဘိုး ထိုက် သည်၊ အ ကောင်း အညံ့ဖြစ်သည်မ တွေး မရှက်ရ၊ ခြား နား သိသာ သေချာ အောင် မပြတ်ကြည့်ရှုရမည်၊ ရွှေတိုက် တော်မှစ၍အရပ်ရပ်တိုက် တော်ကျီ တော်များ မှာ သွင်း သည့်သုံး သည့်ဘဏ္ဍာ တော်အချိန်အတွက်မည် မျှရှိသည်များ ကိုစာရင်း ပေရင်း သေချာ အောင်တိုက်စိုး တိုက်စာ ရေး တို့ကိုပြသဆင့်ဆို၍ မှတ်သား စေ၊ သော့ပ နောက်ကိုလည်း သေချာ အောင်ခတ်ထား စေ၊ တိုက် တော်ကျီ တော်တွင်း မည်သို့ သွင်း သည်၊ သုံး သည်ကိုလည်း နေ့ရက်စွဲမှတ်မြဲတိုက်စိုး တိုက်စာ ရေး တို့ကိုစာရင်း ပေး စေ၊ အလုပ်အ ဆောင် တော်၊ ကျောက် ရွှေ ငွေကုန်ရန်ရှိလျှင်လည်း စာရင်း နှင့် ရွှေတိုက်ဝန်ကဆက်မြဲဆက်၊ တိုက်စိုး တိုက်စာ ရေး အဝန်း ခေါင်း ငယ်သား တို့ ကိုလည်း ဆိုင်ရာတိုက် တော်များ တွင်ညည့် နေ့ စောင့် နေ စေ၊ ကို့ တော်ခွန် တော် သွင်း လျှင်လည်း ရွေး ထုံး စံရှိသည့်အတိုင်း ရွှေတိုက်ဝန် ရွှေတိုက်ကြပ်တိုက်စိုး တိုက်စါ ရေး သူ ဒွေး တို့မှာဆိုင်ရာ ပေး ယူကြ စေ၊ သာလွန်၍ မ ပေး မယူ စေနှင့်။

(15 November 1839)

(15 November 1839)

(သက္ကရာဇ် ၁၂၀၁ ခု တန်ဆောင်မုန်း လဆန်း ၁၀ ရက်နေ့)

(မှိုး ကြည့်၊ ပု၊ ၆၁၉)

သူရိယဝံသာဘိသိရိပဝရာလင်္ကာရဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇာ ဂုရုတံဆိပ်တော်ရသာသနာပြုသဲအင်း ဆရာတော်ကြီးသည် လေဝေဒနာစွဲကပ် တော်မူသည်ကိုသမားတူး ရားတို့နှင့်တဆေး မသင့်တဆေး သင့်၊ နေ့ညစောင့် ကြပ်ကုသစေသော်လည်း ဝေဒနာမှအထမမြောက်သက္ကရာဇ် ၁၂၀၁ ခုသတင်းကျွတ် (4 November 1839) လပြည့်ကျော် ၁၃ ရက် နေ့အာယုသင်္ခါရချုပ် တော်မူ၍ ရှိသည်၊ ဉေယျဓမ္မလင်္ကာရမဟာ ဓမ္မရာဇာဓိရာဇဂုရုတံဆိပ် တော်ရဆရာ တော်သည်ပိဋကတ်သုံး ပုံကို ချောက်ချား နှိုင်လျက်ပရိယတ်ပဋိပတ်ပဋိဝေဓတည်း ဟူ သောသာသနာ စီးပွါး များ ကြောင်း ကိုဆောင်ရွက် တော်မူနိုင်သည့်အကျင့်အာစရသိလဝိသုဒ္ဓိသမာဓိဝိသေသဂုဏ်အ ထူး နှင့်ပြည့်စုံ တော်မူ၍ မင်္ဂလာအိမ် တော်စံ တော်မူစဉ်ကိုး ကွယ်ပြုစု တော်မူသည့် ပုဂ္ဂိုလ်သူမြတ်ဖြစ်သည်၊ သာသနာ တော်ပြုဆရာ တော်ကြီး နည်း နာဥပဒေသကိုခံ ရင်း ဆရာ တော်လည်း ဖြစ်သည်၊ ဉေယျဓမ္မလင်္ကာရမဟာဓမ္မရာဇာဓိရာဇာ ဂုရုဆရာ တော်ကိုသာသနာပြုအပ် တော်မူသည်၊ ရွှေပြည် တော်မှစ၍ နိုင်ငံ တော် အတွင်း သတင်း သုံး နေသည့်ရဟန်း သင်္ဃာ တော်တို့တွင်သာသနာ ရေး သာသနာ မှုဆုံး ဖြတ်စီရင်ရန်ရှိသည်များ ကိုဓမ္မကံ ကြောင်း အ လျောက်ဆုံး ဖြတ်စီရင် စေ၊ အမိန့်တော်ပြန်တမ်း များ ကိုလည်း ထုံး စံရှိရာသုဓမ္မာစရပ် တော်တွင်ပြန် စေ။

(သက္ကရာဇ်) ၁၂၀၁ ခုတန် ဆောင်း မုန်း လဆန်း ၁၀ ရက် (15 November 1839) နေ့နား ခံ စခြောင်မှူး နေ မျိုး မင်း လှသိခ်သူတွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၁၄၊ တောင်ခွင်စါစု၊ ဆင်တဲစါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ ဉေယျဓမ္မလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ် တော်ရ
ဆရာ တော်သည်ပိဋကတ်သုံး ပုံကို ချောက်ချား နိုင်လျက်ပဋိယတ်၊ ပဋိပတ်၊ ပဋိ
ဝေဒတည်း ဟူ သောသာသနာအစီး အပွါး များ ကြောင်း ကို ဆောင်စွမ်း တော်
မူနိုင်သည့်အကျင့်အာစရိယလဝိသုဒ္ဓိသမာဓိ သေသဂုဏ်အထူး နှင့်ပြည့်စုံ တော်မူ၍
မင်္ဂလာအိမ် တော်စံ တော်မူစဉ်ကိုး ကွယ်ပြုစု တော်မူသည့်ပုဂ္ဂိုလ်သူမြတ်ဖြစ်သည်၊
ဉေယျဓမ္မလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရုဆရာ တော်ကို ရွှေပြည် တော်မှ
စ၍နိုင်ငံ တော်အတွင်း သတင်း သုံး နေသည့်သင်္ဃာ တော်တို့တွင်သာသနာ ရေး
သာသနာ မှုဆုံး ဖြတ်စီရင်ရန်ရှိသည်များ ကိုဓမ္မကံ ကြောင်း အလျောက်ဆုံး ဖြတ်
စီရင် စေ၊ သာသနာပြုအပ် တော်မူသည်။

17 November 1839

သက္ကရာဇ် ၁၂၀၁ ခုတန် ဆောင်း မုန်း လဆန်း ၁၂ ရက် နေ့နံနက်ညီလာခံ
တွင်ဝန်ရှင် တော် ကောင်း တုံမြို့စား မင်း ကြီး စလေပုခန်း ငယ်မြို့စား မင်း
ကြီး ၊ မိုး နဲဗိုလ်မှူး မင်း ကြီး သုံး ပါး အစုံအညီတွင်ဝန် ထောက် တော်ဇွဲသတုံး မြို့
စား မင်း ရွှေကအစီရင်ခံလျှင်သင့်ပြီ မိန့်ချက်နှင့်ငင်း ပြန်တမ်း အလွှာကိုနား
ခံ နေမျိုး နန္ဒမိတ် ရွှေ တောင်အတွင်း တော်သို့သွင်း၍ ရွှေ တော်မှာအမိန့် တော်
ကိုခံရသည်၊ သုဓမ္မာစရပ်တွင်သာသနာပိုင်ဆရာ တော်အမိန့် တော်ကိုနား ခ
စမြောင်မှူး နေမျိုး မင်း လှသိင်္ခသူဘတ်ပြန်ရန်ကို ကျောင်း တော်က ပေး အပ်
၍စာ ရေး ကြီး နေမျိုး သီရိ ကျော်သူစာ ရေး ငပိုင်သို့ ရေး အပ်ရသည်။
(မျိုး ကြည့်၊ ပု၊ ၆၁၄၊ ၆၁၉)

သုခမ္မာစရပ်တွင်သာသနာပိုင်ဆရာတော်အမိန့်တော်ကိုနားခံတော်စမြောင်
မှူး နေမျိုး မင်း လှသိန်သူ ဘတ်ပြန်ရန်ကို ကျောင်း တော်က ပေး အပ်၍ စာရေး
ကြီး နေမျိုး သီရိ ကျော်သူ စာ ရေး ငပိုင်တို့ ရေး အပ်ရသည်။

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ သာသနာ ဒါယကာ မတာ ခမ္မရာဇ်တရား မင်း မြတ်သည်သီရိ
ဓမ္မာ သောကစ သောသာသနာပြုမင်း တို့ကဲ့သို့သာသနာ တော်နှိုက် မတုံ့မလျှော်
သက်ဝင်ယုံကြည်ခြင်း ပြင်း သောသဒ္ဓါစေတနာရှိ တော်မူ၍သာသနာ တော်မြတ်
ကိုအမှန်အကန်တရား ဓမ္မကံနှင့်အညီဆုံး ဖြတ်စီရင်နိုင်မည်အရည်အသွား သတ္တိကို
ထောက်၍သာသနာ တော်ကိုအပ်ထား ဆောင်နှင်း တော်မူသည့်နှင့်အညီသာသ
နာ တော်မြတ်ကိုတရား ဓမ္မကံနှင့် လျော် အောင်မြတ်စွာဘုရား ဒွေမျက်နှာ
တော်ကိုရှု မြော်၍သတိပညာနှင့်မကင်း နှိုင်း ရှည်ဆင်ခြင်လျက်ကျမ်း ဂန်နှင့်
အညီဆုံး ဖြတ်စီရင်စိမ့်မည် ဌေမြို့တော်မှစ၍ နိုင်ငံ တော်အတွင်း သတင်း သုံး
နေ သောသင်္ဃာ တော်တို့လည်း မြတ်စွာဘုရား ဒွေမျက်နှာ တော်ကိုရှုမြော်၍
သီလသိက္ခာကိုထိန်း သိမ်း စောင့်ရှောက်ကျင့် ဆောင်ကြရမည်၊ ဘုရား စက်ဆုပ်
တော်မူအပ် သောပန်း ပေး ခြင်း ၊ သစ်သီး ပေး ခြင်း ၊ ကသည်မှုံ့ပေး ခြင်း၊
မြေဖြူမြေနီ ပေး ခြင်း ၊ တံပူ ပေး ခြင်း ၊ ဝါ ပေး ခြင်း ၊ ဆေး ကုခြင်း၊
ဗေဒင် ဟောခြင်း ၊ ဒါယကာတို့အ စေအပါး ကိုခံခြင်း ကုလဒူသကအမှုလုတို့ကဲ့သို့
ရွှေ ငွေကိုခံခြင်း ၊ ကုန်စလယ်သွယ်ခြင်း ၊ ကြွေး မြီချခြင်း ၊ ရွှေ ငွေပြုလုပ်ခြင်း၊
ဆပ္ပဋိရူပဟန်း တို့ကဲ့သို့မြူး တူး ကစား ခြင်း ၊ လှည်း နွား မွေး မြူခြင်း ၊ အ
ကြောင်း မဲ့အခိုး သောက်ခြင်း ၊ နေလွှဲ သောအခါထမင်း စား ခြင်း ၊ ပွဲလမ်း
သဘင်ခံခြင်း ၊ မိမိကိုယ်ကိုနှိမ်ချ၍ ဒါယကာတို့ကိုချီး မြှောက်၍ ပြောဆိုခြင်း ၊
စတုက မှုတာအမှုသုငယ်တို့ကိုထိန်း ရချီပိုး ခြင်း၊ ပါရိဘဂ္ဂတာအမှုမိမိလပ်ဖြင့်ဒါ
ယကာတို့ငါ်ကို မြောင်း ပြုခြင်း ၊ လာ ဘေန၊ လာဘနိဇိဂီသနတာအမှုအစရှိ
သောသာသနာ တော်ညစ်ညူး ကြောင်း ဘေး ရန်ကိုကြည့်၍ဘုရား သခင်အလို
တော်ငှာအပ် သောကျင့်ဝတ်သိက္ခာဂန္ထာဓုရဝိပဿနာဓုရနှစ်ပါး ပွါး များ အောင်

ကျင့်ဆောင်ရွက်တိုက်အုပ်ဆရာတို့မှာ ဘိက္ခုပါတိမုတ်၊ ဘိက္ခုနီပါတိမုတ်၊ ခုဒ္ဒသိက္ခာ၊ မူလသိက္ခာကြွင်း သောရဟန်းတို့မှာ ဘိက္ခုပါတိမုတ်၊ ဘိက္ခုနီပါတိမုတ်၊ သာမဏေတို့မှာ ဒသင်္ဂသီလ သေခိယ ပစ္စဝက္ခဏ များကိုဝိစုဋ္ဌတ လေ့လာဆောင်ရွက်ကြစေ။

20 November 1839

သက္ကရာဇ် ၁၂၀၁ ခုတန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့ဝန်ရှင်တော်ကောင်းတုံမင်းကြီး၊ စလေပုခန်းငယ်မင်းကြီး၊ ဝန်ထောက်တော်အသည်ဝန်မင်း၊ ဖွဲ့သဘုံး မြို့စားမင်း၊ တရားသူကြီးမင်းကြီး အတုလမဟာသီဟသူ၊ မြို့ဝန်မဟာသီဟသူရ၊ အတွင်းဝန်မင်းကြီး မတာမင်း လှနော်ရထာ၊ သံတော်ဆင့်ဇေယသင်္ခယာ၊ မင်းတိုင်ပင်အမတ်မင်း လှနန္ဒကျော်တင်၊ စာရေးကြီးနေမျိုးသီရိကျော်သူ၊ ဝတ်မြေဝန်ဝိဋ္ဋတတ်တိုက်စိုးမဟါစမ္ပသကြိန်၊ မြောက်ပြင်ထောင်မှူး နော်ရထာရဲခေါင်၊ အမိန့်တော်ရေး နေမျိုးသီရိကျော်ခွာ၊ အမှာရေး သိခ်နော်ရထာ၊ ကျော်သူသီရိ နော်ရထာ၊ အသုံးစာရေး ကျော်ထင်စည်သူ နော်ရထာ၊ အဝေး ရောက်စာရေး နေမျိုးရာဇာကျော်ထင်၊ မြန်မာသံခ် နန္ဒမိတ်ကျော်သူ၊ မြို့စာရေး နေမျိုးမင်းကျော်၊ အမိန့်တော်ရ မောင်ချမ်း၊ မောင်ကြီး၊ မောင်ရစ်၊ မောင်ပို၊ မောင်ကုလား၊ ရုံး ဆော်သွေး သောက်ကြီး ရွှေတောင်လက်ဝဲဇေယကျော်၊ နေရာချ သွေးသောက်ကြီး ရွှေတောင်လက်ယာဇေယကျော်၊ လက်ဆောင်စာရေး ငအော၊ ငဆန့်တို့နှင့်အရာရှိအစုံအညီသုဓမ္မာစရပ်တော်တွင်နား ခံစ မြောင်မှူး နေမျိုးမင်းလှသိခ်သူ၊ အမိန့်တော်ရေး ဦး စံရတအလွှာနှင့် ရေးသည့်ပြန်တမ်းကိုဘတ်ပြန်ပြီး လျှင်သာသနာပိုင်ဆရာတော်သို့အပ်သည်၊ ၎င်း နောက်သာသနာပိုင်ဆရာတော်အမိန့်တော်ကိုစာရေးကြီး နေမျိုးသီရိကျော်သူစာရေး ငပိုင်က ရေး၍ ၎င်း အလွှာ ၎င်း နားခံတော်ဘတ်ပြန်ရသည်။

(မျိုးကြည့်၊ ပု၊ ၆၁၄)

စလင်း မြို့မှာသူကြီး လေး ဂုံး မရှိစေနှင့်၊ မြေတိုင်မြို့သူကြီး ငိုး သာရှိစေ၊ ငဝင်း သား ငနိုင်ကို စလင်း မြို့ မြေတိုင်မြို့သူကြီး အရာက နုတ်၊ မြေတိုင်မြို့သူကြီး ငိုး ဇေယဘဏ္ဍရာမဟာကို အထက်ခန့်ထား ရင်း အတိုင်း စလင်း မြို့ မြေတိုင်မြို့သူကြီး ခန့်၊ စစ်တမ်း စာရင်း လဲ ပြောင်း ဆက်သွင်း စေ၊ ငဝင်း သား ငနိုင်တွင် ရှိသည့်တံဆိပ်စာချွန်ကိုလည်း သိမ်း၊ ငဝင်း သား ငနိုင်ကိုလည်း စလင်း မြို့သူကြီး ဇောဘဏ္ဍရာမဟာသို့အပ်။

15 January 1840

သက္ကရာဇ် ၁၂၀၁ ခုပြာသိုလဆန်း ၁၂ ရက် နေ့နံနား ခ် နေမျှူး ရာဇကျော်စွာတွင်ပြန်။

(ရွှေး ဟောင်း သု တေသန)

တပယင်း မြို့အဝင်ဟံသာမြို့မှာ ငမှုံကိုမြို့သူကြီး ခန့်တော်မူသည်၊ အမိန့်တော်ကိုတုတ် ပြန်ပြီး လျှင်စာချွန်မခံမယူလူအများ နှင့်မြို့ကျေး ရွာသို့ဆင်း သွား၍ ကြေး ငွေ အများ တောင်း ခံသော ကြောင့် ကျေး ရွာ မငြိမ်မသက်ရှိ ကြောင်း ဟံသာမြို့ သွော် ကြီးသီဂိုရဲလှ ရွှေတောင် ကျေးရွာလူကြီး ကြေးထမ်းကြီးတို့ကလွှတ် တော်မှ၍ လျှောက်ထား ချက်အတိုင်း ငမှုံကို မေးလျှင်လွှတ် တော်မှ၍မခံမယူမြို့စားစား စုအခွန်ကွမ်းဘိုးဆို၍ မြို့ရွာမှ ကြေး ငွေခွဲ ခန့်ကြောင်း ကိုအစစ်ခံ၍ ရှိသည်၊ ငမှုံသည်ဆင့်ဆိုသည့်အာဏာ တော်ကိုကြူး လွန်၍ အမိန့်တော်စာချွန်မခံမယူမြို့ရွာ မငြိမ်မသက်ရှိ အောင် ကြေး ငွေ တောင်း ခံ၍ အမှုမပွား များ တန်ပွား များ ရသည်ဖြစ်သည်၊ ငမှုံကိုမြို့သူကြီး အရာက နုတ်၍ ရာဇဝတ်စီရင်မည်၊ တောင်း ခံစား ယူသည့် ငွေ များ ကိုလည်း စစ်ကြော၍ပြန် ပေး စေစီရင်သည်ဘုရား ။ သွင်း ချက်အတိုင်း သင့်ပြီ ။

4 May 1840

သက္ကရာဇ် ၁၂၀၂ ခုတဆုန်လဆန်း ၄ ရက်နေ့ နားခံ နေမျိုး ရာဇစည်သူ တွင်ပြန်။

(ဆောင်း စာစု)

အမရပူရမြို့တော်သည်ဘုမ္မိနက်သန်မှန်၍ပြည် ထောင်ခြင်း ထီး ဆောင်း မင်း
အပေါင်း တို့မှီခိုဦး ညွှတ်ရာတိုင်း ကြီး ပြည်ကြီး ရာဇဌာနီဖြစ်သည်။ ငါအသျှင်
တေရာဇ်မင်း မြတ်သည်သာသနာ ထော် ရေး တိုင်း ရေး ပြည် ရေး နှင့်တကွ
ပြည်သူသတ္တဝါအပေါင်း တို့အား အကျိုး စီး ပွါး များ မည်အကြောင်း လောတတ္တ
စရိယသုံး ပါး ရွှေနှလုံး သွင်း ရှိုး ရင်း တော်မူလျက်မကောင်း သောမိစ္ဆာ
ရန်တို့ကိုပယ်ဖျက်သုတ်သင် တော်မူ၍ဘုံး တော်ဘုရား နောင် တော်ဘုရား အ
ဂိုက်အရာဖြစ် သော ရွှေထီး ရွှေနန်း တိုင်း တား နိုင်ငံအပေါင်း တို့ကိုတရား
သဖြင့်သိမ်း အုပ်ဖိုး စံ တော်မူသည်။ ရှေး မြို့တည် ဘား လောင်း တော်ဘိုး ဘေါင်း
တော်တို့လည်း မြို့တော်နန်း တော်များကို ဌါဝရကျိုး ဖြစ်၍ကမ္ပည်း အက္ခရာအာ သော
အချာထား လေသည်။ ငါ ရွှေလက်ထက် တော်သား တော် မြေး မြစ်တို့အား အစွန့်
ရှည်စွာဖြစ်ထွန်း စေခြင်း ငှါခုနစ်ဌာနနှင့်တကွကြီး ကျယ်စွာပြဿဒ်ဘုံ ဆောင်
တို့ဖြင့်သာယာတင့်ထယ် သော ရွှေနန်း တော်ကြီး ဆောက်လုပ်ပြီး ပြေသည်ကိုမြို့
တော်နန်း တော်မှစ၍ကမ္ပည်း တပ်မှတ်ရန်ဆရာ တော်သံဃာ တော်မင်း ညီ
မင်း သား မှူး တော်မတ် တော်မင်း တိုင်ပင်အမတ်ပညာရှိတို့ကို ဆွေး နွေး
နှိုင်း ရှည် ရွေး ချယ် စေလျှင် ရွှေမြို့တော်ကြီး မှာဘုံ တော်ဘုရား သမုတ်မြ
ဌာန်း တော်မူရင်း အမရပူရသင့်မြတ်ပါသည်။ နန်း မြို့တော်မှာ (သက္ကရာဇ်)
1782
၁၁၄၄ ခုနှစ်ကျွန်း လုံး အောင် မြေကမ္ပည်း ဖိုက်ထူလျက်ရှိ သောမြနန်း ဘုံသာအ
မည်များ သည်နံ တော်၏ပဋ္ဌပွတ်ဆပွတ်ကြွင်း သော ကြောင့်သင့်မသင့်ကို ရွေးခြယ်
လျှင် အောင် မြေစံရာဟု သောအမည်သည် မိတ်မိတ်စုံရခြင်း နံ တော်၏ကြီရန်း ပုဂ္ဂါ
သိန်း ကြွင်း ခြင်း ။ ရွှေနန်း ထော်ပြဿဒ်တော်မှာ အောင်နန်း သာစံအမည်
မှာသည်မိတ်မိတ်စုံရ၍အလုံး စုံသင့်မြတ်ပါကြောင်း များ နှင့်မင်း တိုင်ပင်အမတ်
ပညာရှိတို့ရှိနိုး သံ တော်ဦး တင်ချက်အတိုင်း ရွှေမြို့တော်ကြီး မှာဘုံ တော်ဘုရား
သမုတ် တော်မူရင်း အတိုင်း အမရပူရ။ နန်း မြို့တော်မှာ အောင် မြေစံရာ ရွှေ
နန်း ပြဿဒ်တော်မှာ အောင်နန်း သာစံတမ္ပည်း တပ် စေ။ သက္ကရာဇ် ၁၂၀၂ ခု
10 July 1840
ဝါဆိုလဆန်း ၁၂ ရက် နေ့ ရွှေနန်း တော်ကြီး တက်သိမ်း စံပယ် တော်မူ၍ထီး ဆောင်း
မင်္ဂလာ မတာ ဥကင်သဘွင့် တော်မူမည်။ အခမ်း အနား မှာ မဟာသမတမင်း မှ

စ၍သား မြေး မြစ်အဆက်အနွယ်မှသက်ခဲ့သော မင်းတို့သည် ရာဇာဘိသေကမုဒ္ဒါ
ဘိသိက်ခံကုန်မြဲထုံး စံရှိ ကြောင်း မုဒ္ဒါဘိသိက်ခံသဖြင့် ပယောဂသမ္ပတ္တိဖြစ်၍ဘုန်း
ကံပါရမီနှင့် လျော်စွာအာနိသင်အကျိုး ကိုခံရ ကြောင်း အင်္ဂါသုံး ပါး ၌ပြည့်စုံမှ
လည်း ပယောဂသမ္ပတ္တိဖြစ် လောက် သော ရာဇာဘိသေကမုဒ္ဒါဘိသိက် မြောက် ကြောင်း
များ ကိုကျမ်း ဂန်လာ ရှိသည်။ မုဒ္ဒါဘိသိက်ဆိုသည့်အရာသည် ကေရာဇ်မင်း မြတ်ဝယ်
မင်္ဂလာအခမ်း ကြီး ဖြစ်သည်။ စေ့စပ် တောင်း မွန်မှသာသနာ တော် ရေး တိုင်း
ရေး ပြည် ရေး ငါးအချင် ကေရာဇ်မင်း မြတ်ကိုယ် တော် ရေး သား တော် မြေး မြစ်
တို့မှစ၍အကျိုး ဖြစ်ထွန်း ပွါး များ ရသည်။ (သက္ကရာဇ်၁၁) ၄၅ခု၄၆ခုဘိုး 1783 တော်
မင်း တရား ကြီး ဘုရား ဘိသိက်ခံ၍ ရွှေနန်း တက်သိမ်း တော်မူသည်ထုံး စံရှိသည် 1784
နှင့်အညီ ရာဇာဘိသေကမုဒ္ဒါဘိသိက်ခံ တော်မူ၍ ရွှေနန်း တော်ကြီး ကိုထက်သိမ်း စံပယ်
တော်မူမည်။ စီရင်ခင်း စီရင်ဘွယ်ရှိသည်များ မှာ (သက္ကရာဇ်၁၁) ၄၅ခု၄၆ 1783
ခုစာတမ်း ထွက်သည့်အတိုင်း မလစ်မဟင်း မကြွင်း မကျန် စေရ။ စေ့ငုပြီး ပြေ 1874
အောင်စီရင်။ စာရင်း ကိုလည်း သွင်း ။

(သက္ကရာဇ်) ၁၂၀၂ ခုနယုန်လဆန်း ၁၁ ရက် နေ့နား ခါ နေမျိုး နော် 10 June 1840
ရထာ တွင်ပြန်။
(တောင်ခွင်စာစု)

ဆရာ ရွှေလုံး ကိုဆရာ ခေါင်း ခန့်၍သူ ကောင်း ပြုတော်မူလျက်အကျိုး တော်ရှိ မည်မရှိမည်ကို မထောက်မမျှော်ပုဏ္ဏား နန္ဒလာလနှင့်အာသံလူမျိုး မိဟုန်ဘီလာ နှင့်မှား ယွင်း ရှိသည့်အမှုကို မလျှောက်မထား ထိန်ချန်ကွယ်ဝှက်၍အလိုတူအလိုပါပြု သူဖြစ်သည်၊ သင်း ကိုဆရာ ခေါင်း အရာနှင့်အစီး အနင်း အဆောင်အဝှက်တို့ကို နှုတ်၊ အတွင်း တော်သို့မဝင်စေနှင့်။

10 August 1840

(သက္ကရာဇ်) ၁၂၀၂ ခုဝါခေါင်လဆန်း ၁၃ရက် နေ့နား ခံ ပြောကြီး မှူး နေမျိုး နန္ဒမိတ် ရွှေ တောင်တွင်ပြန်။

(အောင်ငြိမ်း စာရု)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအဖန့်တော်ငှသည်။ မင်းကြီးအတုလမဟာသီဟသူကိုတရားသူကြီး ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း မင်းကြီးအတုမဟာသီဟသူသည် ကျေးဇူးသစ္စာတော်နှစ်ပါးကိုစောင့်သိ၍ သေစွာအမှုတော်ကိုဖြောင့်ဖြောင့်ဖိုးဖိုး ထမ်းရွက်သည်။ ရှေ့သို့လည်း ခန့်ထားတော်မူသမျှအမှုတော်ကိုကုန်စွင်အောင်ထမ်းရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုးဖြစ်သောကြောင့်တရားသူကြီး ခန့်တော်မူသည်။ တရားသူကြီးဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်ရာဇဓဠာနီရွှေပြည်တော်ကြီးဖြစ်၍ကျွန်တော်မျိုးအပေါင်းတို့သည်တယောက်ကိုတယောက်မနှိပ်မစက်စေရ။ ဆုံးမကွပ်ညှပ်စီရင်ရသည်။ စကားအရှုက်အတင်ရှိလျှင်လည်း တရားမမှုသတ်နှင့်အညီစစ်ကြောစီရင်စီမံမည်။ တရားရုံးတော်တွင်ထရားသူကြီးနှစ်ယောက်ခန့်ထား၍စီရင်စေသည်။ ကျွန်တော်မျိုးဆင်းရဲသားတို့တရားစကားအရှုက်အတင်ရှိ၍တရားသူကြီးတို့မှာအစီရင်ခံလာလျှင်မနုဓမ္မသတ်ကိုကိုင်၍စီရင်။ မတွေ့လျှင်မနောသာရရွှေမျည်းလေးစောင်တွဲကိုကိုင်၍စီရင်။ မတွေ့လျှင်ဘောလောင်းတော်မင်းတရားလက်ထက်တော်ကိုင်းစား မနုရာဇစီရင်ထုံးသို့လိုက်၍စီရင်ထုံးစီရင်နည်းရှိသည့်အတိုင်းစီရင်။ ဟဂါးမဖြစ်တန်မဖြစ်လေါက်သည့်အမှုအခင်းကိုအမှုသည်တို့မောဟဂတိသို့လိုက်၍အစီရင်ခံလာသော်လည်း မစစ်မကြောမစီမရင်နှင့်။ အကျိုးအကြောင်းကိုပြသပြောဆိုရမည်။ သို့မှားကိုအမြဲနှလုံးသွင်း၍တစိုးသုံးပါး ဂတိလေးပါးသို့မလိုက်။ ဓမ္မသတ်စာဟောင်းစီရင်ထုံးရှိသည့်အတိုင်းတရားကိုနားလည်သည်နှင့်အညီတော်တည့်ဖြောင့်မတ်စွာစီရင်။

မင်းကျော်နော်ရထာကိုတရားသူကြီးခန့်တော်မူသည့်ကာလငင်းနည်းပြန်တမ်းပေးအပ်ရသည်။ စာရေးကြီးမင်းလှမင်းတင်ရာဇာကိုငင်းနည်းတရားသူကြီးခန့်(သက္ကရာဇ်)၁၂၀၂ခုနတ်တော်လပြည့်ကျော်၁ရက်နေ့ခန့်သည်။ မင်းလှရာဇကျော်သူကိုငင်းနည်းအပ်သည်။
9 December 1840

(မှီးကြည့်၊ ပု၊ ၆၁၈)

အမရပူရ ရွှေပြည်တော်ကြီး ၌သာသနာအဓွန့်အဝါစည်ပင်ပြည့်ပွါး သည်ကိုသိန်း ဒိုဂ္ဂန်း တိုင်အောင် ကျော်စောထင်ရှား သည်ဖြစ်၍ ဂုဟန်း ရှင်ပညာတိဿသည် သိန်း နိုဂ္ဂန်း တွင်ရှိသော စေတီပုထိုး ရုပ်ထု တော်ပုံ များကိုယူ ဆောင်ပြီး လျှင်ကြီး စွာ သောအား ထုတ်ချင်း ဖြင့်အမရပူရ နေပြည်တော်သို့ စေတီ တော်သဏ္ဌာ ထော် များ ကိုအဘူး အမြော်လာ ရောက်ရာ မကျန်း မမာ ရောဂါဝေဒနာကပ် ရောက် ၍ဘဝတပါး ပြောင်း သွား သည်မှာအကျင့်အာစရနှင့်ပြည့်စုံသည့်သီလဝံ၊ ဂုဏဝံ၊ အမရပူရဂိုဏ်း အဆက်အနွယ်သံဃာ တော်ဖြစ်သည်၊ တံဆိပ်ရဆရာ တော်ကြီး တို့ဘဝ ပြောင်း ရာသင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ် တော်မူမည်၊ အခမ်း အနား ခန့်ထား လုပ် ဆောင်စီရင်ရန်ရှိသည်များ ကို ကောင်း မွန်ပြီး ပြေ အောင်စီရင်လုပ် ဆောင် စေ။

8 March 1841

(သဏ္ဍရာဇ်) ၁၂၀၂ ခုတ ပေါင်း လပြည့်ကျော် ၂ ရက် နေ့နံနက် ခံစ မြှောင် မှူး မင်း လှသိမ်သူတွင်ပြန်။

(တောင်ခွင်စါစု)

ဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား ခေါင်း မာဓဝနှင့်ပုဏ္ဏား ၁၂၀လုံးတို့မှာတ
ကိုယ်လျှင်လစဉ်ရိက္ခာ၄တင်း ကျီတော်က ပေး ဝေထမ်း ရွက်စေမည်ဆက်သွင်း
ချက်အတိုင်း သင့်ပြီ။

11 March 1841

(သက္ကရာဇ်) ၁၂၀၂ ခုတပေါင်း လဆုတ်၅ရက် နေ့နားခံ နေမျိုး ရာဇ
စည်သူ့ထွင်ပြန်။

(အောင်ငြိမ်း စာစု)

ဘုံသုံး ပါး နိုက်သမ္ဘာသမ္ဗုဒ္ဓတည်း ဟူ သောရတနာသည်သစ္စာ လေး ပါး တရား အ
ပေါင်း ကိုသယမ္ဘူဉာဏ်ဖြင့်အကြွင်း မရှိသိ တော်မူသည်မနှိုင်း ယှဉ်အပ် သောတန်
ခိုး ဏ္ဍီပါ၍၊ ဝိသေသအရာတွင်ထူး မြတ်သဖြင့်သဗ္ဗဝါအ ပေါင်း တို့လည်း ရှောင်း
ကိုး ကွယ်ရာဖြစ်သည်၊ ရတနာသုံး ပါး တို့အား ထက်သန် သော စေတနာဖြင့်သဒ္ဒါ
ကြည်ညိုရှိ သေစွာဆည်း ကပ်ရခြင်း သည်ဖြစ်(ပျက်)ဆက်စပ်ခံသံသရာဘဝနိုက်ဝ
ဋ္ဋဘယအပါယ်စ သောခပ်သိမ်း သောဆင်း ရဲအ ပေါင်း တို့မှလွတ်ကင်း လျက်လူနတ်
နိဗ္ဗာန်သုံး တန် သောချမ်း သာတို့ကိုမယွင်း မချွတ်ထင်မြင် စွာခံစား ရရာ
သည်၊ ငါအသျှင်ဒေကရာဇ်မင်း မြတ်သည် ရွှေထီး ရွှေနန်း အထွတ်အထိတ် ရောက်
တော်မူလျှင်ရာဇာဘိ သေကမူ၍ဘိသိက်ကိုသွန်း ခံ တော်မူ၍ပြည်သူသဗ္ဗဝါအ ပေါင်း တို့
အား တရား နှင့်အညီထိန်း သိမ်း စောင့် ရှောက် တော်မူသည်၊ သာသနာ တော်
ရေး နိုက်လည်း မြတ် သောသမ္ဘာဆန္ဒဥဿုံဟဖြင့်လွန်စွာချီး မြှင့် တော်မူသည်၊ ရတ
နာသုံး ပါး ၌ထူး မြတ် သောသဒ္ဒါခြင်း သည် ရောင်ရဲ့ တော်မမူနိုင်သည်ဖြစ်၍မြတ်
စွာဘုရား လေး ဆူတို့ မွေ တော်ဓါတ် တော်မြတ်ကိန်း ဝပ် တော်မူရာသိဂ္ဂုတ္တရတုန်း
၌တည် သော ဒဂုံဆံ တော်ရှင်ဘုရား ကိုအဘုး အ မြှော်ဥက္ကလာပမြို့သို့သက္ကရာဇ်
16 August 1841 - 14 September 1841
၁၂၀၃ ခု တော်သလင်း လ ရေ ကြောင်း ရွှေစက် တော်မြတ်ဖြန့် တော်မူမည်ပြည်
ကြီး မွန် ဘောင် တော်၊ ကရဝိတ် ဘောင် တော်၊ လက် ရွေး ကြီး လှော်ကား တော်၊
လက်သစ် လှော်ကား တော်မှစ၍ ရဲလှေ၊ သဘော်၊ သမ္ဗာန်၊ ပဉ္စရူပ၊ သဗ္ဗရူပ၊
နဝရူပ၊ သား လှေ၊ ငှက် လှေ၊ ရွှေ လှေ၊ ရွှေ လောင်း ၊ ရေ ကြောင်း စည်း ကြပ်
ရန်ဆင် တော်မြင်း တော်ရထား တော် ခြေသည်ရဲ မက်အမှုထမ်း ကြည်း ကြောင်း
စည်း ကြပ်ရန်စစ်အင်္ဂါ လေး ပါး ဆ ခမ်း အနား နှင့်တကွဝင်း ခင်း နောက်
တော်လိုက်အ စောင့်အ နေခန့်ထား စီရင်ရန်ရှိသည်များ ကိုပြုး ပြု အောင်စီ
ရင် စေ၊ စာရင်းကိုလည်း သွင်း ၊ ထွက် တော်မူမည့် ကောင်း မြတ် သောအခါနေ့
ရက်ကိုလည်း မင်း တိုင်ဝင်အမတ်ပညာရှိတို့က ရွေး ချယ်ဆက်သွင်း စေ။
2 July 1841
(သက္ကရာဇ်)၁၂၀၃ ခု ဝါဆိုလဆန်း ၁၅ ရက် နေ့နား ခံ နေမျိုး နေဘ်
ရထာတွင်ပြန်။

(တောင်ခွင်စါမူ)

ပြဟ္မာစန္ဒ၊ ကောလိကနန္ဒတို့ကိုဘိသိက် တော်ဆက်ရှစ်ပါး ပုဏ္ဏား တို့နှင့် ပေါင်း
ဘက်၍ဘိသိက် တော်ကိုဆက်မြဲဆက် စေ။

11 September 1841

(သက္ကရာဇ်) ၁၂၀၃ခု တော်သလင်း လဆုတ် ၂ရက် နေ့နား ခံစ မြောင်
မှူး နေမျိုး မင်း လှသိခ်သူထွင်ပြန်။
(အောင်ငြိမ်း စာစု)

ဥက္ကလာပမြို့တွက်စံ တော်မူရာ ရွှေမြို့တော်အဝစကိုင်း မြို့ ကျေး ရွာမှစ၍အရပ်
ရပ်မြို့ ကျေး ရွာများ တွင်ဆိုင်ရာမြို့ဝန်မြို့အုပ် ကျေး ရွာသူကြီး စုထိမ်း စုအုပ်တို့က
ထိမ်း အုပ်စုမြို့ ကျေး ရွာနယ်တွင်ရာဇဝတ် ရေး ခိုး သေး မီး ပွါး မပေါ် မထွက်
စေရလိုမြို့ အောင်ထိမ်း အုပ်ပါမည်အသီး အသီး ခံဝန်ချက်နှင့်ထိမ်း အုပ်ကြသည်
များ မှာတမြို့နှင့်တမြို့က ရွာနှင့်တရွာတနယ်နှင့်တနယ်အနီး အစပ်အစွန်အနား
ကျေး သိမ်ရွာငယ်များ တွင်တစုံတခုအ ရေး အမှုရှိသည်ကိုခံဝန်ချက်ပါစီရင်စု
ကျေး ရွာနယ် မြေမဟုတ်၍ မကူမညီမဘမ်း မဆီး သော ကြောင့်သူခိုး လူဆိုး တို့ကို
မမိမရထွက်လွတ်သည့်ကာလအနီး အပါး ကျေး ရွာနယ်ရှင်အကြီး စုထိမ်း စုအုပ်ပြု
လုပ်သူတို့ နေခင်ရာဇဝတ်မကင်း ရှိမည်ဖြစ်သည်၊ တနယ်နှင့်တနယ်အနီး အပါး
ကျေး ရွာများ မှာတရွာသို့သူခိုး လူဆိုး တို့ သေနတ်ပြစ် ဖေါက်လာ ရောက်တိုက်ခိုက်
လျှင်နယ်နီး နယ်စပ်အနီး အပါး ကျေး ရွာအကြီး စုထိမ်း စုအုပ်လူကြီး တို့ကပြစ်
ဖေါက်သည့် သေနတ်သံကြား ရာအရပ်သို့သွား ၍ မထွက်မလွတ် စေရဂုမိ အောင်စီး
ကြပ်ကူညီဝန်း ဝိုင်း ဘမ်း ဆီး စေ၊ သေနတ်မပြစ်မ ဖေါက်အမှတ်မဲ့လာ ရောက်
တိုက်ခိုက်လျှင်လည်း အတိုက်ခံရသည့် ကျေး ရွာအကြီး စုထိမ်း စုအုပ်လူကြီး တို့ကအနီး အ
ပါး ကျေး ရွာအကြီး စုထိန်း စုအုပ်လူကြီး တို့ထံအကြောင်း ရှိရာသွား ရောက်တိုင်
တန်း ပြောဆိုစေ၊ တိုင်တန်း ပြောဆိုသည်ကိုမလာမ ရောက်မကူမညီမဘမ်း မဆီး
ပြစ် ဖေါက်တိုက်ခိုက်သည့် သေနတ်သံကြား သိလျက်မလာမ ရောက်မကူမညီမဘမ်း မဆီး
သူခိုး လူဆိုး တို့လာ ရောက်တိုက်ခိုက်သည်ကိုနယ်နီး နယ်စပ်အနီး အပါး ကျေး ရွာအ
ကြီး စုထိန်း စုအုပ်လူကြီး တို့ထံမတိုင်မ ပြောမကြား မသိရ သော ကြောင့်မတမ်း မ
ဆီး မမိမရတား ပြသူခိုး လူဆိုး တို့ထွက်လွတ် ကြောင်း ကိုကြား သိရလျှင် သေနတ်ပြစ်
ဖေါက်သံကြား သိလျက်မကူမညီမဘမ်း မဆီး သူတိုက်ခိုက်သည်ကိုမတိုင်မ ပြောသူတိုင်
ပြောလျက်မကူမညီမဘမ်း မဆီး သူ ကျေး ရွာအကြီး စုထိမ်း စုအုပ်ပြုလုပ်သူတို့ကိုရာ
ဇဝတ်အပြစ်စီရင်မည်၊ အသီး အသီး ခံဝန်ချက်နှင့်ထိမ်း အုပ်ထိမ်း အုပ်ကြ စေ၊
ဆိုင်ရာ စေ့နှံ့ အောင်ဆင့်။

23 October 1841

သက္ကရာဇ် ၁၂၀၃ ခုတန် ဆောင်မုန်း လဆန်း ၁၀ ရက် နေ့ဝန်ရှင် တော်
သစ် တောမင်း ကြီး မိန့်ချက်၊ ဝန် ထောက် တော်မင်း ကြီး မဟာသကြိန်ဆင့်။
(ပုဂံ တောင်ဘီရွာပုရပိုက် ၄)

အရပ်ရပ်မြို့ရွာများ မှာသူကြီး အရာနှင့်မဆောင်မရွက်နိုင်လွှဲအပ်သည်ကို 1783
ကြီး ဖိုး ရကောင်း သည်မလျှောက်မထား စေနှင့်၊ (သက္ကရာဇ်၁၁)၄၅ခု
စစ်တမ်း စာရင်း နှင့်တကွ ဖျက်သိမ်း လဲ ပြောင်း၍လွှဲအပ်ခံရသူတို့ကကြီး ဖိုး
စီရင် စေ။

6 December 1841

(သက္ကရာဇ်) ၁၂၀၂ခုနတ် တော်လပြည့် ကျော် ၉ ရက် နေ့နား ခံ နေမျိုး
စည်သူထွင်ပြန်။
(တောင်ခွင်စါရု)

ဘုန်း တော်အလွှန်ကြီး မြတ်တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား ဥက္ကလာပမြို့တွင်စံ တော်မူစဉ်အမိန့်တော် (ရှိသည်)၊ ကနေ ခင်မြို့စား မိဘုရား သီရိသုနန္ဒာ မလ္လာ မဟောတ်ကုန်သည်မှာဘုံး တော်ဘုရား လက်ထက် မြောက်နန်းတော် မိဘုရား သီရိမဟာရတနာ ဒေဝီကံကုန်ရာသကြိုဟ်သည့်နည်း လုပ်ဆောင်သကြိုဟ် စေ၊ ထွက်တော်မူခန်း ပါသည်မှာလမ်း ပန်း မသာ မယာ ရှိသည်ဖြစ်သည်၊ မင်း မိဘုရား မင်းညီမင်းသား များ တော်မတ် တော်တ တော်မယား တို့ကြွပ်မရှဲအ ရိုး မြေကျလိုက်ပို့သကြိုဟ်ကြ စေ။

20. December 1841

(သက္ကရာဇ်) ၁၂၀၃ ခုပြာသိုလဆန်း ၉ရက်နေ့နား ခံ ပြောကြီး များ တွင်ပြန်။

(တက်ဗဟို ၄၅၂၁၇)

28 April 1842

ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား ကောလိက၊ နန္ဒ၊ ဗြဟ္မာစန္ဒတို့ကိုဘိသိက်တော်
ဆက်ရှစ်ပါး ပုဏ္ဏားတို့နည်း ရိက္ခာစပါး သနားတော်ခံစေ။

28 April 1842

(သက္ကရာဇ်) ၁၂၀၄ ခုကဆုန်လပြည့်ကျော် ၅ ရက် နေ့နား ခံနေမျိုး
ရာဇကျော်စွာထွင်ပြန်။

(အောင်ငြိမ်း စါစု)

ရနိုင်ပြဟွကပုဏ္ဏား သိဂိုကစွန၊ မုဏ္ဍာရာမ်၊ သုဒဿန၊ ဗေါ လေါရာမ်၊
ကောသ ဝ၊ ဝိသုဒေဝ၊ ဒါမောဒရ၊ ပုဏ္ဏဖြူ၊ ရာမနန္ဒ၊ ဇဂန္နတ်၊ တပေါရာမ်၊
ကုယျုဏ္ဏန်ဇော်၊ မူဟန၊ ဇနန္ဒန၊ လက္ခိနန္ဒရ၊ သဏ္ဍာနန္ဒ၊ လက္ခဏ၊ ဒူမရာမ်၊ ဟ
ရိတစွန၊ မူနိရာမ်၊ နိလာစံ၊ ဇယနော့၊ လက္ခဏ၊ ဂွိတာရာမ်၊ ဒါမူဒရ၊ နန္ဒ၊
၎ဝန၊ ရာမနာရယနာ၊ ရာမစညာ၊ ဂူဗီရုံ၊ ကာနယာ၊ လောစန၊ ဘရတ၊
ကသည်း ၊ သုဒ္ဓရ၊ သက်သန၊ ဗလဇိ၊ ဗလစန္ဒြတို့အထက်အကိုညီသား ဆွေမျိုး ရင်း
ချာတို့ကိုမင်း မှုမင်း ခင်း စရိတ်ကြေး ငွေအသေး အဖွဲ့အခွဲအခန့်မရှိစေနှင့်၊
ပညာရှိပုဏ္ဏား မဟာသိဂိုပဏ္ဍိတဓမ္မရာဇဂုရု၊ သိဂိုမဟာရာဇိန္ဒရာဓမ္မရာဇ
ဂုရုတို့ကအုပ်ထိမ်း ဆင့်ဆို၍အလို တော်ရှိ (သည့်) ပြကွဒိန်ကိုထွက် (ချက်) ရေး သား
၍ဆက်သွင်း စေ။

(သက္ကရာဇ်) ၁၂၀၄ ခုကဆုန်လပြည့်ကျော် ၁၂ ရက်နေ့နား ခံနေမှူး ရာဇစည်သူထွင်ပြန်။ 5 May 1842

ပုဏ္ဏား ပေါင်း ၃၀

(အောင်ငြိမ်း ဝါစု)

ပိဋကတ်စုအမှုထမ်း ရွှေတိုက်စာရင်း ပါသား မြေး မှန်သူတို့ကိုဗိုလ်သေနတ်စု
ရေး သွေး သောက်ကြီး မြို့ရွာသူကြီး ခေါင်း အကြီး တို့က စရိတ်ကြေး ငွေအသေး
အတွဲအခွဲအခန့်အတောင်း အခံအနှုတ်အယူအနှောက်အရှက်မရှိစေနှင့်၊ ပိဋကတ်
တော်မှာတဝတည်း ထမ်း ရွက် စေ။

7 March 1843

(သက္ကရာဇ်) ၁၂၀၄ ခုတပေါင်း လဆန်း ၇ ရက် နေ့နံ ၁း ခမင်း ထင်
ရာဇသီဟသူထွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား သီရိသဗ္ဗမဟာရာဇဂုရုကို ပညာရှိခန့်။
24 March 1843

(သက္ကရာဇ်) ၁၂၀၄ ခု တပေါင်း လပြည့်ကျော် ၉ ရက် နေ့ နားခံ နေမျိုးနန္ဒမိတ်စည်သူ ထွင်ပြန်။

(အောင်ကြီမ်း စါစု)

18 May 1843

ဘိသိက်တော်ဆက်ရနိုင်ပုဏ္ဏားတို့မှာဘိသိက်တော်ဆက်ပညာရှိရှစ်ပါး ပုဏ္ဏား မဟာသံဂိုပဏ္ဍိတဓမ္မရာဇဂုရု၊ သိရိမဟာရာဇိန္ဒဓမ္မရာဇဂုရုတို့ကို ခေါင်းခန့်၊ ကျန်ရနိုင်ပုဏ္ဏားတို့ကိုလည်း အကွဲအပြား မရှိစေနှင့်၊ ဘိသိက်တော်ဆက်ပညာရှိရှစ်ပါး ခေါင်းတို့ကအုပ်ထိန်း ထမ်းရွက်စေ။

18 May 1843

(သက္ကရာဇ်) ၁၂၀၅ ခုကဆုန်လပြည့်ကျော် ၅ ရက်နေ့နံနက် ခနေမျိုး နန္ဒမိတ်စည်သူတွင်ပြန်။

(အောင်ငြိမ်း စာစု)

ဗန်မော်မိဘုရား အမိုက်ကုန်သည်မှာသာရက်မင်း သမီး နည်း တွင်ထီး ဖြူ၂ စင်း တိုး ရှုလုပ် ဆောင်သဖြုတ်စေ၊ ထွက်တော်မူခန်း ပါသော်လည်း နွေလပု ပြင်း သည့်အခါဖြစ်သည်၊ ထွက်တော်မမူပြီ၊ မင်းညီမင်းသား မှူး တော်မတ်တော်က တော်မယား တို့ကိုလိုက်ပို့သဖြုတ်စေ။

5 August 1843

(သက္ကရာဇ်) ၁၂၀၅ ခုဝါခေါင်လဆန်း ၁၀ ရက် နေ့နား ခံ နေမြိုး နော်ရထာတွင်ပြန်။

(တက်ဗဟို ၄၅၂၁၇)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ မဟာမင်း ထင်မင်း ခေါင်ကိုပုသိမ်မြို့ဝန်ခန့် တော်မူသည်၊
(ပုသိမ်မြို့သည်အလံဦး)ကင်း ဖျား နိုင်ငံ တော်မြို့ကြီး ပြကြီး ဖြစ်သည်၊ ရာဇ
ဝတ်အရေး အကြောင်း နိုင်လုံ အောင်မြို့စောင့်ရဲမက်လက်နက်ကိုင်လက်နက်တံ
ဇီယာဆေး ကျည် စေ့အစည်း အကြပ်နှင့်ခန့်ထား စောင့်နေရမြို့ဖြစ်သည်၊ မ
ဟာမင်း ထင်မင်း ခေါင်သည်လည်း စမ္မဝတ်ရာဇဝတ် လောကဝတ်ကိုနား လည်
ကျွမ်း သိ ထောက်ထား ဆင်ခြင်နိုင်သသူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး
ဖြစ်၍အုပ်ချုပ်စီရင်စိမ့်မည်မြို့ဝန်ခန့် တော်မူသည်၊ ဝါအမိန့် တော်ကိုအမြဲဦးထိပ်
ရွက်၍ပုသိမ်မြို့သို့ ရောက်လျှင်နိုင်ငံ တော်ပုသိမ်မြို့တွင်ဘုရား ရှင်သာသနာ တော်
ထွန်း ပပွင့်လင်း ကြောင်း ဝါအသျှင်ဧကရာဇ်မင်း မြတ်အကျိုး စီး ပွါး တော်
များ ရှိသား တော်အစဉ် မြဲး တော်အဆက်နိုင်ခန့်မြဲမြန်လျက်ပြည်သူတကာသဗ္ဗ
ဝါအ ပေါင်း တို့ ငြိမ်း ချမ်း သာယာစည်ပင် စေ ကြောင်း များ နှင့်ကြပ်ကြပ်တည်း
တည်း စီရင်၊ ပုသိမ်မြို့မှာလက်နက်ကိဇီယာ ဆေး ကျည် စေ့များ ကိုမီး ထင်း မိုး
ရေလုံခြုံအောင်ရဲမက်လက်နက်ကိုင်တို့ကိုလည်း အ ရေး ရှိလျှင်အလျှင်ရလွယ် အောင်
အကြီး အကြပ်တို့ကိုမပြတ်နှိုး ဆော်၊ ပုသိမ်မြို့မှစ၍အ ရုံမြို့ ကျေး ရွာများ ကိုလည်း
ငြိမ်း ချမ်း သာယာစည်ပင်၍လုပ်စား ဆောင်စား စီး ပွါး ဖြစ် အောင်မြို့
စား ရွာစား ခေါင်း အကြီး အမှူး စာ ရေး တို့ကိုလည်း အမှုတော်ကိုအရှည်ထမ်း
ကုန်နိုင် အောင်မစ၊ ပုသိမ်မြို့သည်အလံဦး ကင်း ဖျား မြို့ရွာဖြစ်သည်၊ လမ်း ခ
ရီး ဆိုင်သင့်ကင်း အစောင့်အနေ သေချာ အောင်ထား ၊ ကင်း တော်အစောင့်
အ နေတို့ကိုလည်း မပြတ်ကြည့်ရှုစုံစမ်း စေ၊ အထူး အထွေကြား သိထင်မြင်လျှင်ရာဇ
ဝတ်အရေး အကြောင်း မလစ်မဟင်း စေရ၊ မြို့ဝန်စစ်ကဲတို့နှင့်ကြပ်ကြပ်တည်း
တည်း စစ်ကြောစီရင်၊ ရွှေဘဝါး တော် အောက်အစီအရင်ခံနှင့်ရှိလျှင်လည်းလွှတ်
တော်မှာအစီရင်ခံ၊ ပုသိမ်မြို့မှစ၍အဝင်အပါမြို့ ကျေး ရွာသူကြီး မြေတိုင်ကျွန်
တော်မျိုး တို့သည်အကျိုး တော်မရှိသည့်အရာရာဇဝတ်နှင့်ဆန့်ကျင်သည့်အကြံအစီအ
ပြောအဆိုအမူအရာများ ကိုပြုကျင့်သည်ညည့် နေ့အသွား အလာအ ပေါင်း အဘက်မ

